# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# (၁၆) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၃ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်း တင်ခြင်း | ၃ |
| ၅ | ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပြီးသော နှစ်အလိုက်ဥပဒေများအား အများပြည်သူလေ့လာနိုင်ရန် လုံလောက်စွာဖြန့်ဖြူး ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | ဇန်နဝါရီလ ၂၉ ရက်နေ့က ပြည်ထောင်စုလွှတ်တော် တိုက်ရိုက်ထုတ်လွှင့်မှု ငါးမိနစ်ပြတ်တောက် ရခြင်း၏ အဖြစ်မှန်ကို ရှင်းလင်းပေးနိုင်ခြင်း ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၁ |
| ၇ | သက်ဆိုင်ရာတရားရုံးများသို့ သက်သေထွက်ဆိုရန် သွားရောက်ကြရသည့် သက်သေများအတွက် သက်သေစရိတ်ကို အမှန်ကုန်ကျစရိတ်အတိုင်း ထုတ်ပေးနိုင်ခြင်းရှိ/မရှိနှင့် သက်သေစရိတ်ပြတ်လပ် ခြင်းမရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၈ |
| ၈ | အထက်တန်းရှေ့နေများအား တရားလွှတ်တော်ရှေ့နေအဖြစ် အသိအမှတ်ပြုလက်မှတ်ပေးအပ်ရာတွင် စာမေးပွဲ ဖြေဆိုသည့် စနစ်ကိုကျင့်သုံးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၄ |
| ၉ | ကြို့ပင်ကောက်မြို့နယ်၊ ကျွဲသေကျေးရွာအုပ်စု၌ ကျွဲသေကျေးလက်ကျန်းမာရေးဌာနခွဲအသစ် ဖွင့်လှစ်ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၂၈ |
| ၁၀ | လစာခံစားခွင့်မရှိသေးသော ဝန်ထမ်းသစ်ဆရာဝန်များအားလုံးကို ဗဟိုဝန်ထမ်းတက္ကသိုလ် တက်စေ ခြင်းအစား အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးတာဝန်ယူမည့်သူများကိုသာ တက်ရောက်စေရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃၁ |
| ၁၁ | ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်ရှိ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံအား | ၃၈ |

ခုတင်(၁၀၀)ဆံ့အမျိုးသမီးဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

၁၂ ဝိုင်းမော်မြို့နယ်ရှိ ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံကို ခုတင် ၅၀ ဆံ့ စံကိုက်ဖွဲ့စည်းပုံသို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၄၂

၁၃ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လက်အောက်နှင့် အခြားဝန်ကြီးဌာန လက်အောက်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များအား ရုံးကိစ္စနှင့် ပတ်သက်၍ ခေါ်ဝေါ်သုံးစွဲရာတွင်လည်းကောင်း၊ ဖော်ပြရေးသားရာတွင်လည်းကောင်း သွားဘက်ဆိုင်ရာ ဆရာဝန် ဆိုသော စကားရပ်အစား သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်ဆိုသော စကားရပ်ကို အစားထိုး သုံးစွဲပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၄၇

၁၄ မန္တလေးမြို့ GMP တိုင်းရင်းဆေးဝါးစက်ရုံအဆောက်အဦနှင့် တပ်ဆင်ထားသော စက်ပစ္စည်းများသည် GMP စံသတ်မှတ်ချက် အရည်အသွေးများ ပြည့်မီမှုရှိ/မရှိနှင့် စက်ရုံကြီးပြီး သွားပါက တိုင်းရင်းဆေးရုံနှင့် ဆေးကုသဌာနများအတွက် လိုအပ်သော ဆေးဝါးများအား အရည်အသွေးပြည့်မီစွာ အလုံအလောက် ထုတ်လုပ်ပေးနိုင်မည့် အခြေအနေရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း ၅၁

၁၅ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသော ၂၀၁၉ ခုနှစ်၊ အပင် မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း ၅၉

၁၆ ဦးကျော်အောင်လွင်၊ စေတုတ္တရာမဲဆန္ဒနယ်၏ နိုင်ငံအဝန်းတွင် စိုးရိမ်ဖွယ်မြင့်မားစွာ ဖြစ်ပွားလျက်ရှိသော ကင်ဆာရောဂါဆိုးအား ဖြစ်ပွားမှုလျော့ကျစေရန် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများ ဖြစ်ပွားစေနိုင်သည့် ကိစ္စရပ်များအားဥပဒေနှင့်အညီ ထိရောက်စွာ အသိပညာပေးတားဆီးကာကွယ်စောင့်ရှောက်ပေးပါရန် နိုင်ငံတော် အစိုးရအားတိုက်တွန်း ကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ် များ ကဆွေးနွေးခြင်း ၆၈

| | | |
|---|---|---|
| ၁၇ | ဦးကျော်အောင်လွင်၊ စေတုတ္တရာမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း | ၈၃ |
| ၁၈ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားခြင်း | ၈၇ |
| ၁၉ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ပြီးစီးကြောင်းကြေညာခြင်း | ၈၉ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# (၁၆)ရက်မြောက်နေ့ အစီအစဉ်

# [ ၆–၆–၂၀၁၉ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးမြစိန်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်၏ **ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပြီးသော နှစ်အလိုက် ဥပဒေများအား အများပြည်သူလေ့လာနိုင်ရန် လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၏ **ဇန်နဝါရီလ (၂၉)ရက်နေ့က ပြည်ထောင်စုလွှတ်တော် တိုက်ရိုက်ထုတ်လွှင့်မှု(၅)မိနစ် ပြတ်တောက်ရခြင်း၏ အဖြစ်မှန်ကို ရှင်းလင်းပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးထွန်းဝေ၊ ဖောင်းပြင် မဲဆန္ဒနယ်၏ **သက်ဆိုင်ရာတရားရုံးများသို့ သက်သေထွက်ဆိုရန် သွားရောက်ကြရသည့် သက်သေများအတွက် သက်သေစရိတ်ကို အမှန်ကုန်ကျစရိတ်အတိုင်း ထုတ်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် သက်သေစရိတ်ပြတ်လပ်ခြင်းမရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခင်ဇော်၊ ကော့သောင်း မဲဆန္ဒနယ်၏ **အထက်တန်းရှေ့နေများအား တရားလွှတ်တော်ရှေ့နေအဖြစ် အသိအမှတ်ပြုလက်မှတ် ပေးအပ်ရာတွင် စာမေးပွဲဖြေဆိုသည့်စနစ်ကို ကျင့်သုံးရန် အစီအစဉ် ရှိ၊ မရှိ**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဌေးမင်းသိန်း၊ ကြို့ပင်ကောက် မဲဆန္ဒနယ်၏ **ကြို့ပင်ကောက်မြို့နယ်၊ ကျွဲသေကျေးရွာအုပ်စု၌ ကျွဲသေကျေးလက်ကျန်းမာရေးဌာနခွဲ အသစ် ဖွင့်လှစ်ခွင့်ပြုပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး၊ ကလေး မဲဆန္ဒနယ်၏ **လစာခံစားခွင့်မရှိသေးသော ဝန်ထမ်းသစ်ဆရာဝန်များအားလုံးကို ဗဟိုဝန်ထမ်းတက္ကသိုလ်တက်ရောက်စေခြင်း အစား အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးတာဝန်ယူမည့်သူများကိုသာ တက်ရောက်စေရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးထွန်းမြင့်၊ ဗဟန်း မဲဆန္ဒနယ်၏ **ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်ရှိ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည် အမျိုးသမီးဆေးရုံအား ကုတင် (၁၀၀)ဆံ့ အမျိုးသမီးဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးလဂန်ဇယ်ဂျုံး၊ ဝိုင်းမော် မဲဆန္ဒနယ်၏ **ဝိုင်းမော်မြို့နယ်ရှိ (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံကို ခုတင်(၅၀)ဆံ့ စံကိုက်ဖွဲ့စည်းပုံသို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဒေါက်တာဦးစိန်မြအေး၊ ဒလ မဲဆန္ဒနယ်၏ **ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနလက်အောက်နှင့် အခြားဝန်ကြီးဌာနလက်အောက်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များအား ရုံးကိစ္စနှင့် ပတ်သက်၍ ခေါ်ဝေါ်သုံးစွဲရာတွင်လည်းကောင်း၊ ဖော်ပြ ရေးသားရာတွင်လည်းကောင်း သွားဘက်ဆိုင်ရာ ဆရာဝန်ဆိုသော စကားရပ်အစား သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန် ဆိုသော စကားရပ်ကို အစားထိုးသုံးစွဲပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **မန္တလေးမြို့ GMP တိုင်းရင်းဆေးဝါး စက်ရုံ အဆောက်အဦနှင့် တပ်ဆင်ထားသော စက်ပစ္စည်းများသည် GMP စံသတ်မှတ်ချက် အရည်အသွေးများ ပြည့်မီမှု ရှိ၊ မရှိနှင့် စက်ရုံကြီး ပြီးသွားပါက တိုင်းရင်းဆေးရုံနှင့် ဆေးကုသဌာနများအတွက် လိုအပ်သော ဆေးဝါးများအား အရည်အသွေးပြည့်မီစွာ အလုံအလောက် ထုတ်လုပ် ပေးနိုင်မည့် အခြေအနေ ရှိ၊ မရှိ သိလိုခြင်း** တို့နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်း နှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့်

ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်း နိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၇။ ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်က တင်သွင်းသည့် **“နိုင်ငံအဝန်းတွင် စိုးရိမ်ဖွယ် မြင့်မားစွာ ဖြစ်ပွားလျက်ရှိသော ကင်ဆာရောဂါဆိုးအား ဖြစ်ပွားမှု လျော့ကျစေရန် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများဖြစ်ပွားစေနိုင်သည့် ကိစ္စရပ်များအား ဥပဒေနှင့်အညီ ထိရောက်စွာ အသိပညာပေး တားဆီးကာကွယ်စောင့်ရှောက် ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါက်တာဦးအေးမင်း၊ ခရမ်း မဲဆန္ဒနယ်၊

(ခ) ဗိုလ်ကြီးသိမ့်သီဟထွေးအောင်၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဂ) ဗိုလ်မှူးဝင်းမင်းထွန်း၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဃ) ဒေါက်တာဦးစိန်မြအေး၊ ဒလ မဲဆန္ဒနယ်၊

(င) ဒေါက်တာဦးမြင့်သိန်း၊ ညောင်လေးပင် မဲဆန္ဒနယ်၊

၈။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားခြင်း၊

၁၀။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ပြီးစီးကြောင်း ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

**(၁၆)ရက်မြောက်နေ့မှတ်တမ်း**

**၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၄ ရက်**

**(၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်)**

**(ကြာသပတေးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ရှိသည့်အနက် ၃၈၀ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၇၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန် ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၀ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၁၂ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၂ ရက်၊

(၂) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၂ ရက်၊

(၃) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၂ ရက်၊

(၄) မဘိမ်းမဲဆန္ဒနယ်မှ ဦးအောင်မြင့်ရှိန် ခွင့် ၂ ရက်၊

(၅) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၆) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိဖုန်ဆားရ်ီ ခွင့် ၁ ရက်၊

(၇) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင် ခွင့် ၁ ရက်၊

(၈) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင် ခွင့် ၁ ရက်၊

(၉) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း ခွင့် ၁ ရက်၊

(၁၀) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၁ ရက်၊

(၁၁) လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ခွင့် ၁ ရက်နှင့်

(၁၂) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၄၁ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၂ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၅၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၁ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၂ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၅၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး

တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားကြားအစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပြီးသော နှစ်အလိုက်ဥပဒေများအား အများပြည်သူလေ့လာနိုင်ရန် လုံလောက်စွာဖြန့်ဖြူးပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြစိန်[ဒဂုံမြို့သစ်(ဆိပ်ကမ်းမဲဆန္ဒနယ်)]**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြစိန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းမယ့်မေးခွန်းကတော့ ပြည်ထောင်စုလွှတ်တော်မှ ရေးဆွဲပြဋ္ဌာန်းပြီးဖြစ်သော နှစ်အလိုက်ဥပဒေများအား အများပြည်သူလေ့လာနိုင်ရန် လုံလောက်စွာဖြန့်ဖြူးရောင်းချပေးနိုင်ရန် အစီအစဉ်ရှိ/မရှိမေးမြန်းခြင်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှာ ဝန်ကြီးဌာနရဲ့ကျင့်သုံးဆဲဥပဒေစာရင်းကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့မှ ၁၀ ရက်နေ့အထိထုတ်ဝေတဲ့ ကြေးမုံသတင်းစာနဲ့ မြန်မာ့အလင်းသတင်းစာမှာ ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ထုတ်ပြန်တဲ့ဝန်ကြီးဌာနအလိုက် ကျင့်သုံးဆဲဥပဒေစာရင်းကို ဖော်ပြချက်အရ မြန်မာနိုင်ငံရဲ့တည်ဆဲဥပဒေစုစုပေါင်း ၉၁၇ ခုရှိကြောင်း ယင်းတည်ဆဲဥပဒေ ၉၁၇ ခုအနက် ဝန်ကြီးဌာနအလိုက်ကျင့်သုံးဆဲ ၃၉၇ ခုကို ဩဂုတ်လ ၁၇ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီး

ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းတင်ပြပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ကျင့်သုံးဆဲဥပဒေ ၃၉၇ ခုတို့မှာ မည်သည့်ဥပဒေဟာ နောက်ဆုံးဖြစ်တာကို လေ့လာကြည့်ပါက နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်ဆိုင်ရာဥပဒေကို နောက်ဆုံးပြဋ္ဌာန်းခဲ့တဲ့ဥပဒေအဖြစ် စာရင်းပြုစုထားတာကို တွေ့ရှိရပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံဥပဒေကို ၂၀၁၆ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ်(၂၆)ဖြင့် ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့လက်ရှိတည်ဆဲ ဥပဒေစာရင်းစုစုပေါင်း ၉၁၇ ခု စာရင်းပြုစုရာမှာ ပြဋ္ဌာန်းခဲ့တဲ့ မူရင်းဥပဒေများသာမက ယင်းမူရင်း ဥပဒေများကို ပြင်ဆင်ခဲ့တဲ့ဥပဒေများကိုပါ စာရင်းပြုစုရာမှာ ပြဋ္ဌာန်းထားသော်လည်း ထုတ်ပြန်ထားတဲ့ ဝန်ကြီးဌာနအလိုက် ကျင့်သုံးဆဲဥပဒေများစာရင်း ၃၉၇ ခုအနက်မှာ မူရင်းတည်ဆဲဥပဒေသာဖြစ်ပြီး ယင်းမူရင်းဥပဒေများကိုပြင်ဆင်တဲ့ဥပဒေများကို သီးခြားပြဋ္ဌာန်းထားတာကို မတွေ့ရှိရပါ။ အဲဒါကြောင့် တည်ဆဲဥပဒေ ၃၉၇ အပြင် ဖော်ပြထားခြင်းမရှိတဲ့ ပြင်ဆင်ဆဲဥပဒေစာရင်းမှာ ၂၆၈ ခုရှိနေတဲ့အတွက် ယခုဝန်ကြီးဌာနအလိုက် ကျင့်သုံးဆဲဥပဒေများမှာ ၆၆၅ ခုရှိကြောင်းတွေ့ရှိရပါတယ်။ အဲဒါအပြင် ပြည်ထောင်စုလွှတ်တော်ရဲ့ ၂၀၁၆ ခုနှစ်နောက်ပိုင်းဥပဒေ၊ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ် ဥပဒေများနှင့် ပေါင်းစပ်လေ့လာကြည့်ပါက ယနေ့ထိပြဋ္ဌာန်းသောဥပဒေပေါင်းမှာ ၇၀၀ ကျော်ရှိကြောင်းတွေ့ရှိရ ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသော ဥပဒေများမှာ စာပေဗိမာန်ထက် အခြားပုဂ္ဂလိကဥပဒေအရောင်းဆိုင်များမှာ ပိုမိုပြည့်စုံ နေတာကိုတွေ့ရှိရပါတယ်။ ပြည်ထောင်စုလွှတ်တော်မှာ ပြဋ္ဌာန်းပြီးဥပဒေများကို ဥပဒေသုတေသီဟူ၍ အမည်တပ်ပြီး ဥပဒေတစ်ခုချင်းအလိုက် စာအုပ်အရောင်းဆိုင်များမှာရောင်းချနေတာကို တွေ့ရှိရ ပါတယ်။ အများပြည်သူများအနေနဲ့ နိုင်ငံတော်မှထုတ်ပြန်သောဥပဒေများကို လုံလောက်စွာဝယ်ယူ၍ မရရှိတဲ့အတွက် ပြင်ပထုတ်ဥပဒေစာအုပ်များကို ဝယ်ယူဖတ်ရှုလေ့လာနေရတာကို တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြင်ပထုတ်စာအုပ်များမှာ ပြည်ထောင်စုလွှတ်တော် ပြဋ္ဌာန်းဥပဒေတစ်ခုချင်း သို့မဟုတ် အတွဲလိုက်ကို ပုဂ္ဂလိကအစီအစဉ်နဲ့ ဖြန့်ဝေခြင်းဖြစ်တဲ့အတွက် တရားရုံးများမှာ တရားဝင်ကိုးကားရန်မဖြစ်နိုင်ခြင်း၊ ငွေကြေးတန်ဖိုးအနေနဲ့ ပြည်ထောင်စုလွှတ်တော်ရဲ့ တစ်နှစ်ချုပ်စာအုပ်တစ်အုပ်ရဲ့တန်ဖိုးထက် ပြင်ပထုတ်ဥပဒေတစ်ခုချင်းရဲ့

တန်ဖိုးဟာ ပို၍များပြားနေတာကို တွေ့ရှိရပါတယ်။ အဲဒါကြောင့် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပြီး ဥပဒေစာအုပ်များကို အများပြည်သူများ ဝယ်ယူဖတ်ရှုလေ့လာနိုင်ရန်အတွက် နှစ်အလိုက်သင့်တင့်သော စာအုပ်အရေအတွက်များ ထုတ်ဝေရောင်းချပေးနိုင်ရန် အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြလိုက်ပါတယ်။ အားလုံး ကျန်းမာချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဖေမြင့်(ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြစိန်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့နဲ့ ပေါင်းစပ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပြီးတဲ့ နှစ်အလိုက် ဥပဒေများကို အများပြည်သူလေ့လာနိုင်ဖို့ လုံလောက်စွာဖြန့်ဖြူးပေးနိုင်ခြင်းရှိ/မရှိ သိလိုတာနဲ့ပတ်သက်ပြီးတော့ မေးမြန်းခဲ့တဲ့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြစိန်ကို အထူးပဲကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ဥပဒေစာအုပ်များနဲ့ပတ်သက်ပြီးတော့ အလားတူမေးခွန်းမျိုးကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းတဲ့အတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ဖြေကြားခဲ့ဖူးတာတွေရှိပါတယ်။ ဒါကြောင့် အခုမေးခွန်းကို ဖြေကြားတဲ့နေရာမှာ ပိုမိုပြည့်စုံစေဖို့အတွက် ယခင်ဖြေကြားချက်များထဲကတချို့ကို ပြန်လည်ကိုးကားခွင့် ပြုစေချင်ပါတယ်။ ပထမဦးစွာ အတည်ပြုပြဋ္ဌာန်းလိုက်သော နည်းဥပဒေများကို အများပြည်သူ ပွင့်လင်းမြင်သာစွာ လိုက်နာစောင့်ကြည့်နိုင်ရန်အတွက် နိုင်ငံတော်မှထုတ်ဝေသော နှစ်အလိုက်ပြဋ္ဌာန်းဥပဒေစာအုပ်များတွင် နည်းဥပဒေပြဋ္ဌာန်းချက်များကိုလည်း ယခင်နှစ်များအတိုင်း ထည့်သွင်းဖော်ပြပေးရန် အစီအစဉ်ရှိ/မရှိဆိုပြီးတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးက မေးမြန်းတဲ့အတွက်ကြောင့်မို့လို့ ပြန်ကြားရေး

ဝန်ကြီးဌာနအနေနဲ့ ၂၂-၂-၂၀၁၇ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ (၁၂)ရက်နေ့မြောက် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ ဖြေကြားခဲ့ပါတယ်။ အလားတူပဲ နိုင်ငံတော်ရှိ ရေးဆွဲပြဋ္ဌာန်းထုတ်ပြန်ခဲ့တဲ့ ဥပဒေ၊ နည်းဥပဒေများကို ပြည်သူလူထုအများ လွယ်လင့်တကူ လေ့လာဖတ်ရှုနိုင်ရေးအတွက် အခမဲ့ဖြန့်ဝေပေးရန် အစီအစဉ်ရှိ/မရှိဆိုပြီးတော့ ကယားပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောစိန်ထွန်းက မေးမြန်းတဲ့အတွက်ကြောင့်မို့လို့ ၂၉-၁-၂၀၁၈ ရက်နေ့မှာပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာလည်း ရှင်းလင်းတင်ပြခဲ့ဖူးပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးရဲ့မေးခွန်းကို ထိုစဉ်က ဖြေကြားခဲ့ရာမှာ အတည်ပြုပြဋ္ဌာန်းလိုက်တဲ့ ဥပဒေ၊ နည်းဥပဒေများကို ဥပဒေရေးဆွဲတဲ့ သက်ဆိုင်ရာ နိုင်ငံတော်အဖွဲ့အစည်းများနဲ့ ဝန်ကြီးဌာနများက ၎င်းတို့ရဲ့အစီအစဉ်နဲ့ ပုံနှိပ်ထုတ်ဝေဖြန့်ချိတာ ရှိပါတယ်။ ဒီ့အပြင် ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့လည်း အဆိုပါ အတည်ပြုပြဋ္ဌာန်းထုတ်ပြန်ပြီးတဲ့ ဥပဒေ၊ နည်းဥပဒေများကို မြန်မာနိုင်ငံတော်ပြန်တမ်းမှာ ထည့်သွင်းဖော်ပြ ဖြန့်ချိပေးလျက်ရှိပါတယ်လို့ ဖြေကြားခဲ့ပါတယ်။ ဒါ့အပြင် ပြန်ကြားရေးဝန်ကြီးဌာနကို ပုံနှိပ်ပေးဖို့အတွက် အလုပ်အပ်နှံလာလို့ရှိရင်လည်းပဲ အဖိုးနှုန်းချိုသာစွာနဲ့ ပုံနှိပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးနေတဲ့အကြောင်းနဲ့ ထုတ်ဝေတဲ့ ဥပဒေ၊ နည်းဥပဒေများကို စာပေဗိမာန်စာအုပ်အရောင်းဆိုင်များရှိတဲ့ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့မှာလည်း အများပြည်သူ လွယ်လင့်တကူ ဝယ်ယူဖတ်ရှုနိုင်ဖို့ ရောင်းချပေးလျက်ရှိတဲ့အကြောင်း ဖြေကြားခဲ့ပါတယ်။ စောစောက ကိုယ်စားလှယ်တော်ကြီးမေးမြန်းစဉ်က ပြောကြားခဲ့တာရှိပါတယ်။ အဲဒါလေး ကြားဖြတ်ပြီး ကျွန်တော်ပြောချင်ပါတယ်။ ဒါက ဘာလဲဆိုတော့ ကိုယ်စားလှယ်တော်ကြီး စောစောကပြောတဲ့အခါမှာ ၂၀၁၆ ခုနှစ်က ထုတ်ဝေခဲ့တဲ့ သတင်းစာကိုကိုးကားပြီးတော့ ပြောတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နောက်ဆုံး ၂၀၁၉ ခုနှစ်ကတည်းက ဥပဒေတွေ အဲဒီကိုးကားချက်ထဲမှာ မပါခဲ့ပါဘူး။ ဒါတစ်ချက် ကျွန်တော်ပြောချင်ပါတယ်။ နောက်တစ်ခုက စာပေဗိမာန်ထက် ပြင်ပစာအုပ်ဆိုင်များက ပိုပြီးတော့ပြည့်စုံတဲ့အကြောင်း ပြောဆိုတာတစ်ခုရှိပါတယ်။ အဲဒီတော့ စာပေဗိမာန်စာအုပ်အရောင်းဆိုင်များသည် စာအုပ်အမျိုးမျိုးရောင်းဝယ်တဲ့ စာအုပ်ဆိုင်များဖြစ်ပါတယ်။ သို့သော် ဥပဒေစာအုပ်စာတမ်းများကိုလည်းပဲ ကျွန်တော်တို့ ပြည့်စုံစွာ ခင်းကျင်းပြီးတော့ ရောင်းချနေတာရှိပါတယ်။ တချို့စာအုပ်ဆိုင်တွေကတော့ ဥပဒေနဲ့ပတ်သက်တဲ့ စာအုပ်စာတမ်းများကို အထူးပြုပြီးတော့ ရောင်းဝယ်တဲ့စာအုပ်ဆိုင်တွေရှိပါတယ်။ သူတို့ကိုယ်တိုင်လည်းပဲ ဆက်စပ်ပြီးတော့ ဥပဒေဆိုင်ရာ စာအုပ်စာတမ်းတွေ ထုတ်ဝေဖြန့်ချိတာရှိပါတယ်။ အဲဒီအထဲမှာ နိုင်ငံတော်က အတည်ပြုပြဋ္ဌာန်း

မူကြမ်း

လိုက်တဲ့ဥပဒေတွေကို ထုတ်ဝေနေတာရှိသလို ဒီဥပဒေတွေနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းဖွင့်ဆိုချက်တွေကို စာအုပ်အဖြစ်ရေးသားရိုက်နှိပ်ပြီးတော့ ဖြန့်ချိနေတာလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ အဲဒီစာအုပ်ဆိုင်များမှာတော့ ဒီဥပဒေနဲ့ပတ်သက်တဲ့ စာအုပ်စာတမ်းများ စာပေဗိမာန်စာအုပ်ဆိုင်ထက်ပိုပြီးတော့ပြည့်စုံနေနိုင်တဲ့အကြောင်း ကျွန်တော် ကြားဖြတ်ပြီးတော့ အစီရင်ခံတာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောစိန်ထွန်းရဲ့မေးခွန်းကို ဖြေကြားခဲ့တုန်းကလက်ရှိပြန်ကြားရေးဝန်ကြီးဌာနရဲ့ ဘဏ္ဍာငွေခွင့်ပြုမှုအနေအထားနဲ့ လုပ်ငန်းများဆောင်ရွက်ရတဲ့ပမာဏ၊ ပြီးတဲ့နောက် မြန်မာနိုင်ငံမှာရှိတဲ့လူဦးရေနဲ့ ဖြန့်ချိရမယ့်ပမာဏတွေအရ အခမဲ့ဖြန့်ဝေဖို့ဆိုရင် ဘဏ္ဍာငွေလိုအပ်ချက်များစွာရှိတဲ့အကြောင်းနဲ့ လက်ရှိအခြေအနေမှာတော့ အဲဒီလိုဆောင်ရွက်နိုင်တဲ့အနေအထားမရှိတဲ့အတွက် ဘဏ္ဍာငွေသီးခြားတောင်းခံပြီးတော့ ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုရင်တော့ ဆောင်ရွက်ပေးနိုင်မယ့်အခြေအနေရှိတဲ့အကြောင်း ကျွန်တော်တင်ပြခဲ့ပါတယ်။ ပြီးတဲ့နောက်လောလောဆယ်မှာ ဒီပုံနှိပ်စာအုပ်စာတမ်းအနေနဲ့ အခမဲ့မဖြန့်ဝေနိုင်သော်လည်းပဲ ကျွန်တော်တို့ပြန်ကြားရေးဝန်ကြီးဌာနရဲ့ web portal လိပ်စာဖြစ်တဲ့ www. moi.gov.mm မှာ ကြည့်မယ်ဆိုလို့ရှိရင် အချိန်မရွေး ဒီဥပဒေများကို ပြည့်စုံလွယ်ကူစွာ ကြည့်ရှုနိုင်အောင် တင်ပေးထားတာကိုတွေ့ရမှာဖြစ်ပါတယ်ဆိုတဲ့အကြောင်းလည်း ကျွန်တော်ဖြေကြားခဲ့ပါတယ်။ ဒီ့အပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မြန်မာနိုင်ငံအဝန်းမှာဖွင့်လှစ်ထားတဲ့ စာကြည့်တိုက် ၄၁၇ တိုက် ရှိပါတယ်။ အဲဒီစာကြည့်တိုက်များမှာလည်း အဆိုပါ ဥပဒေ၊ နည်းဥပဒေတွေကို တတ်နိုင်သလောက် ပြည့်စုံအောင်၊ တစ်စုတစ်စည်းတည်းဖတ်ရှုနိုင်အောင် ကျွန်တော်တို့ စီစဉ်ပေးထားပါတယ်။ ပြင်ပပုဂ္ဂလိကစာကြည့်တိုက်တွေကိုလည်းပဲ ဥပဒေ၊ နည်းဥပဒေစာအုပ်တွေ စုစည်းဖို့အတွက်ကို ကျွန်တော်တို့အားပေးတိုက်တွန်းပါတယ်။ တတ်နိုင်သမျှ မျှတနိုင်တဲ့ဘဏ္ဍာငွေအပေါ် မူတည်ပြီးတော့လည်းပဲကူညီဖို့ ကျွန်တော်တို့စီစဉ်ဆောင်ရွက်ပေးသွားမှာဖြစ်တဲ့အကြောင်း ကျွန်တော်ဖြေကြားခဲ့ပါတယ်ခင်ဗျား။ အဲဒီတော့ ဒါစောစောက အမျိုးသားလွှတ်တော်မှာဖြေကြားခဲ့တဲ့အကြောင်းကို ကိုးကားပြီးပြောဆိုတာဖြစ်ပါတယ်။ အခု လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ပြန်ပြီးတော့ ခြုံငုံပြီးတော့ဖြေကြားရမယ်ဆိုရင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပြီးတဲ့နှစ်အလိုက် ဥပဒေတွေကို စာပေဗိမာန်စာအုပ်အရောင်းဆိုင်များရှိတဲ့ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့မှာ အခါမလပ်ရောင်းချပေးလျက်ရှိပါတယ်။ ဥပဒေများကို စာအုပ်အဖြစ်နဲ့ စုပေါင်းမထုတ်ဝေမီမှာ နိုင်ငံတော်ပြန်တမ်းမှာလည်း ထည့်သွင်းလေ့ရှိပါတယ်။ ဒီနိုင်ငံတော်ပြန်တမ်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ

မူကြမ်း

စာပေဗိမာန် စာအုပ်ဆိုင်များမှာ ရောင်းချပေးလျက်ရှိပါတယ်။ စာပေဗိမာန်စာအုပ်ဆိုင်များနဲ့ ပြည်သူ့လွှတ်တော်ရုံးမှာရှိတဲ့ ပြည်သူ့လွှတ်တော်ရုံးမှာလည်းပဲ ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ ပြင်ပစာအုပ်တိုက် ၁၁ တိုက် ကထုတ်ဝေတဲ့ဥပဒေစာအုပ် အမျိုးအစားစုစုပေါင်း ၄၇၀ ကို ရောင်းချပေးနေတဲ့အကြောင်းလည်း ကျွန်တော်တို့ ကြားသိရပါတယ်။ ဒီအပြင် ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာန စောစောကပြောခဲ့တဲ့ ကျွန်တော်တို့ရဲ့ web portal(www. moi.gov.mm)မှာ ပြည်သူများ အချိန်မရွေးအခမဲ့ဖတ်ရှုနိုင်ဖို့အတွက် ဥပဒေ၊ နည်းဥပဒေများကို တင်ထားပေးတာ ရှိပါတယ်။ ဒီအပြင် မှာလည်းပဲ ဥပဒေ၊ နည်းဥပဒေတွေ အတည်မပြုမီ မူကြမ်းအဆင့်မှာလည်းပဲ သတင်းစာများမှာ အများပြည်သူ လေ့လာဖတ်ရှုဝေဖန် သုံးသပ်နိုင်ဖို့ ကြိုတင်ပြီးတော့ တင်ပြပေးပါတယ်။ အတည်ပြုပြဋ္ဌာန်းပြီးတဲ့အခါမှာလည်းပဲ ပြဋ္ဌာန်းပြီးတဲ့ဥပဒေများကို ကျွန်တော်တို့ နေ့စဉ်ထုတ်သတင်းစာများမှာ ဖော်ပြပေးပါတယ်။ ပြီးတဲ့နောက် ဒီဟာတွေကိုစုစည်းပြီးတော့ စာအုပ်စာတမ်း သက်ဆိုင်တဲ့ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများက ထုတ်ဝေတဲ့အခါမှာလည်းပဲ ဒီစာအုပ်စာတမ်းများ၊ ဥပဒေစာအုပ်၊ ဘယ်နှစ်ခုနှစ်အတွက် ဥပဒေများဆိုတဲ့စာအုပ်မျိုးထွက်ရှိတဲ့ အကြောင်းကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှာလည်း ကြေညာပေးပါတယ်။ နေ့စဉ်ထုတ်သတင်းစာများမှာလည်း ကျွန်တော်တို့ ထည့်သွင်းဖော်ပြပေးလျက်ရှိပါတယ်။ ဒါ့အပြင်ကို သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ အဖွဲ့အစည်းများကတင်ထားတဲ့ Website များမှာလည်း ဒီဥပဒေတွေနဲ့ပတ်သက်ပြီး တင်ပြပေးထားတာတွေရှိပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေနဲ့လည်းပဲ နှစ်အလိုက်ထုတ်ဝေတဲ့ဥပဒေ စာအုပ်တွေ ထုတ်ဝေတဲ့အပြင်ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ ဥပဒေဆိုင်ရာ Website ဖြစ်တဲ့ မြန်မာဥပဒေသတင်းအချက်အလက်စနစ် Website ပါ။ သူ့လိပ်စာကတော့ www.mlis.gov.mm မှာ တည်ဆဲဥပဒေ၊ နည်းဥပဒေအားလုံးကို တင်ထားပေးထားပါတယ်။ ဖတ်ရှုလို့လည်း အင်မတန်မှ လွယ်ကူအောင် စီစဉ်ပေးထားတာ တွေ့ရပါတယ်ဆိုတဲ့အကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမြစိန်[ဒဂုံမြို့သစ်(ဆိပ်ကမ်းမဲဆန္ဒနယ်)]**။ ။ မေးမြန်းခွင့်ပြုပါခင်ဗျား။ ဥပဒေစာအုပ်ဆိုတာက ဝယ်ပြီးတဲ့နောက်ပိုင်း တစ်သက်လုံးသုံးစွဲတဲ့စာအုပ်ဖြစ်ပါတယ်။ အဲဒီလို ပြန်တမ်းတို့၊ သတင်းစာတို့မှာကျတော့ ကျွန်တော်တို့က သိမ်းဆည်းရခက်ပါတယ်။ ဥပဒေစာအုပ်အလိုက် ဒီကိစ္စတစ်ခု၊ ပြဿနာတစ်ခုပေါ်လာတဲ့အခါကျတော့ ပြန်ပြီးတော့ Apply လုပ်ဖို့၊ အသုံးပြုဖို့အတွက်

ကျွန်တော်ဆိုလိုတာဖြစ်ပါတယ်။ နောက်ပြီးတော့ ကျွန်တော် အခမဲ့လည်း မတောင်းဆိုပါဘူး။ သင့်တင့်တဲ့နှုန်းထားနဲ့ရောင်းချဖို့ဖြစ်တဲ့အတွက် ကျွန်တော့်ရဲ့ဆက်စပ်မေးခွန်းလေးကို ဖြေကြားပေးဖို့ ဥက္ကဋ္ဌကြီးကတစ်ဆင့် မေတ္တာရပ်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာဖေမြင့်(ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ ကျွန်တော် စောစောက ဖြေကြားခဲ့စဉ်က အမျိုးသားလွှတ်တော်က ကိုယ်စားလှယ်ကြီးများရဲ့မေးခွန်းများ ဖြေကြားရာမှာ ဒီသဘောလေးဆက်စပ်ပြီးပါဝင်ခဲ့ပါတယ်။ အခမဲ့ဖြန့်ဝေဖို့ဆိုတာကတော့ မဖြစ်နိုင်ဘူးဆိုတဲ့အကြောင်းကတော့ အားလုံးသိပါတယ်။ အထူးပြောစရာမလိုပါဘူး။ ကျွန်တော်တို့ အဖိုးနှုန်းချိုသာစွာနဲ့ပုံနှိပ်တဲ့အလုပ်ကို ကျွန်တော်တို့ ဆောင်ရွက်ပေးလို့ရပါတယ်။ အဲဒီတော့ ဒီမှာဘာရှိသလဲဆိုတော့ ဥပဒေများသည် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး သိရှိတဲ့ကိစ္စဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းတွေကနေပြီးတော့ ကမအထပြုပြီးတော့ ပြုစုပြဋ္ဌာန်းလိုက်တဲ့ဥပဒေများဖြစ်ပါတယ်။ ဒီဥပဒေများကို စာအုပ်စာတမ်းအဖြစ် ဆက်လက်ပြီးထုတ်ဝေဖြန့်ချိတဲ့ကိစ္စသည် ကနဦးတာဝန်သို့မဟုတ် ကနဦးသက်ဆိုင်သူများသည် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ ဖြစ်ပါတယ်။ အဲဒီဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများက လုပ်ငန်းအပ်နှံတဲ့ စာအုပ်အဖြစ်ထုတ်ဝေပေးဖို့၊ ပုံနှိပ်ထုတ်ဝေပေးဖို့ အပ်နှံမယ်ဆိုလို့ရှိရင်တော့ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ပုံနှိပ်ရေးနဲ့ထုတ်ဝေးရေးဦးစီးဌာနသည် ဒီအလုပ်များကို ပြင်ပလုပ်ငန်းများထက် ဈေးနှုန်းချိုသာပြီးသက်သာစွာ ကျွန်တော်တို့စီစဉ်ဆောင်ရွက်ပေးနိုင်တာရှိပါတယ်ခင်ဗျား။

အဲဒီတော့ ဥပမာဆိုလို့ရှိရင် ကျွန်တော်တို့ဌာန၊ အဖွဲ့အစည်းတွေမှာ သူတို့ကိုယ်တိုင်လည်းပဲ ပုံနှိပ်တိုက်တွေရှိပါတယ်။ ပုံနှိပ်စက်တွေရှိပါတယ်။ သူတို့ပုံနှိပ်ပြီးတဲ့အခါကျတော့လည်း သူတို့ပုံနှိပ်တဲ့စာရွက်စာတမ်းများကို ဆက်လက်ပြီးတော့ ဖြန့်ချိပေးဖို့အတွက် ကျွန်တော်တို့ပြန်ကြားရေးဝန်ကြီးဌာနရဲ့ စာပေဗိမာန်စာအုပ်ဆိုင်ကို အပ်နှံတာလည်းရှိပါတယ်။ အဲဒါမျိုးဆိုရင်လည်း ကျွန်တော်တို့ ရောင်းချပေးနိုင်တာရှိပါတယ်။ စာအုပ်စာတမ်းကတော့ သင့်တင့်တဲ့ ပုံနှိပ်ခစသဖြင့် အဲဒီ သင့်တင့်တဲ့တန်ဖိုးကတော့ ကျသင့်မှာဖြစ်ပါတယ်။ လောလောဆယ် ကျွန်တော်သိတာတစ်ခုက ပြည်ထောင်စုလွှတ်တော်က တစ်နှစ်အတွင်း အတည်ပြုပြဋ္ဌာန်းလိုက်တဲ့ဥပဒေပေါင်းချုပ်စာအုပ်တွေ ရိုက်နှိပ်ပါတယ်။ ရိုက်နှိပ်ရင် ကျွန်တော်သိသလောက် အုပ်ရေ ၅၀၀ လောက်ရိုက်နှိပ်တယ်လို့ ကျွန်တော်သိပါတယ်။ အဲဒီလောက်

ရိုက်နှိပ်တဲ့စာအုပ်မျိုးကိုလည်းပဲ ကျွန်တော်တို့ စာပေဗိမာန်အရောင်းဆိုင်ကိုပေးပို့ပြီးတော့ အများပြည်သူကို ဖြန့်ချိရောင်းချပေးတဲ့ဟာမျိုး ရှိပါတယ်ခင်ဗျား။ အဲဒီတော့ ဒီလိုစာအုပ်များက အကယ်၍ကုန်သွားခဲ့လို့ရှိရင် ထပ်မံရိုက်နှိပ်မယ်ဆိုတဲ့ဟာမျိုးဆိုရင်လည်း သက်ဆိုင်တဲ့ဌာနနဲ့ ကျွန်တော်တို့တွဲဖက်ပြီး ဆောင်ရွက်ပေးလို့ရပါတယ်။ အကယ်၍ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ဒီဥပဒေများကိုစာအုပ်စာတမ်းအဖြစ် ပုံမှန်ထုတ်ဝေတဲ့အလုပ်ကို လုပ်ပေးပါဆိုတဲ့ဟာမျိုး ကျွန်တော်တို့ကို တာဝန်ပေးအပ်လာလို့ရှိရင်လည်းပဲ ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်လို့ရပါတယ်။ သို့သော် အားလုံးသိတဲ့အတိုင်း ဒီဟာအတွက်ဆိုရင် ကျွန်တော်တို့ နောက်နှစ်မှာ ကျွန်တော်တို့ ဥပဒေစာအုပ် ဘယ်နှစ်အုပ်၊ အရေအတွက်ဘယ်လောက်ဘယ်၍ ပုံနှိပ်မယ်ဆိုတဲ့ဟာမျိုးကို ကြိုတင်ပြီးဘတ်ဂျက်လျာထားပြီး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဲဒီလိုဟာမျိုးဆောင်ရွက်ရမယ်ဆိုရင်လည်း ကျွန်တော်တို့ ညှိနှိုင်းဆောင်ရွက်လို့ရပါတယ်ဆိုတဲ့အကြောင်း ကျွန်တော် ဖြေကြားလိုပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဇန်နဝါရီလ ၂၉ ရက်နေ့က ပြည်ထောင်စုလွှတ်တော် တိုက်ရိုက်ထုတ်လွှင့်မှု ငါးမိနစ်ပြတ်တောက်ရခြင်း၏ အဖြစ်မှန်ကို ရှင်းလင်းပေးနိုင်ခြင်း ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော် မင်းကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်ဖြစ်ပြီး Power Point သုံးစွဲခွင့်ပြုပါရန်အတွက် တင်ပြအပ်ပါတယ်။ ကျွန်တော်က ဒီမေးခွန်းကို မတ်လ ၈ ရက်နေ့က မေးမြန်းခဲ့ပြီးတော့မှ ယနေ့ ဇွန်လ ၆ ရက်နေ့ကျမှ လွှတ်တော်မှာ မေးမြန်းခွင့်ရတာကို စိတ်မကောင်းပါကြောင်းနှင့် သို့သော်လည်း ဝန်ကြီးကိုယ်တိုင်လာရောက်ပြီးတော့မှ ဖြေကြားတာကိုတော့ ကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော့်မေးခွန်းက ကိုယ်စားလှယ်များအားလုံးသိပြီးဖြစ်တဲ့ ဟေမာနေဝင်းသီချင်းကို MNTV ကနေပြီးတော့မှ ဇန်နဝါရီ ၂၉ ရက်နေ့လွှတ်တော် Live ပြတဲ့အချိန်မှာ ငါးမိနစ်ခန့်ကြားဖြတ်ထုတ်လွှင့်ပေးတဲ့ကိစ္စနှင့်ပတ်သက်ပြီး မေးခဲ့တာဖြစ်ပါတယ်။ အကျယ်ကိုတော့ မတင်ပြချင်တော့ပါဘူး။ ဒါပေမဲ့လည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆွေးနွေးတဲ့အချိန်မှာ ပြတ်တောက်ခဲ့တယ်ဆိုတာကိုတော့ အားလုံးပြန်ပြီးတော့မှ သတိရစေချင်ပါတယ်။ ဖေဖော်ဝါရီလ ၁ ရက်နေ့က မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများမှာ ဆောင်းပါးတစ်ပုဒ်နှင့်

ရှင်းချက်ထုတ်ပါတယ်။ အဲ့တာကတော့ တပ်မတော်ပိုင် ဖိုက်ဘာလိုင်းကျသွားလို့ အစီအစဉ် ဖြတ်တောက်ခြင်းဖြစ်ကြောင်း ဂြိုဟ်တုဆက်ကြောင်းနှင့် ပြောင်းလဲထုတ်လွှင့်ခဲ့ကြောင်း၊ ပြည်သူများသို့ အသိပေးတောင်းပန်စာလွှင့်တင်ခဲ့ပြီး ပြတ်တောက်သွားတဲ့ ငါးမိနစ်စာအပိုင်းကိုလည်း ပြန်လည် ထုတ်လွှင့်ပေးခဲ့ကြောင်း စသည်အားဖြင့် ဖော်ပြပါရှိပါတယ်။

ဒါပေမဲ့ တပ်မတော်သတင်းမှာထုတ်ပြန်ရေးအဖွဲ့က ထုတ်ပြန်ချက်နဲ့ကျတော့ ကွဲလွဲနေပါတယ် ခင်ဗျား။ ထုတ်ပြန်ချက်မှာ ဖော်ပြထားတာကတော့ ဖိုက်ဘာလိုင်က ဇန်နဝါရီ ၂၈ ရက်နေ့ကတည်းက လိုင်းကျနေလို့ MRTV နှင့် တပ်မတော်ဆက်သွယ်ရေးတို့ ချိတ်ဆက်ပူးပေါင်းပြင်ဆင်ခဲ့ပြီး အဲဒီလိုင်း ဟာ ဇန်နဝါရီ ၂၉ ရက်နေ့ ညနေ ၄ နာရီ ၄၅ မိနစ်အကြာမှာ ပြင်ဆင်ပြီးစီးခဲ့ကြောင်း ဒါကြောင့် ဇန်နဝါရီ ၂၉ ရက်နေ့ မွန်းလွဲ ၂ နာရီ ၂၀ မိနစ်မှာ ၂ နာရီ ၂၅ မိနစ်အထိ ရုပ်သံထုတ်လွှင့်မှုပြတ်တောက်ခြင်းဟာ ဖိုက်ဘာလိုင်းနှင့်မသက်ဆိုင်ကြောင်း စသည်အားဖြင့် ဖော်ပြပါရှိပါတယ်။ အဲဒီမှာ ပြန်ကြားရေးဝန်ကြီး ဌာနက တပ်မတော်ကိုလွှဲချတယ်။ တပ်မတော်ဘက်ကလည်း သူနဲ့မသက်ဆိုင်ကြောင်းဆိုပြီး ပြောပါ တယ်။ အဲဒီတော့ ကျွန်တော်တို့လို လွှတ်တော်ကိုယ်စားလှယ်တွေအပါအဝင် ပြည်သူတွေက ပြန်ကြားရေးဝန်ကြီးဌာနက ပြောတာကို ယုံရမှာလား။ တပ်မတော်သတင်းထုတ်ပြန်ရေးက ပြောတာကို ယုံရမှာလားဆိုတဲ့ Issue တစ်ခုဖြစ်လာပါတယ်။ သို့ပေမဲ့ ပြီးခဲ့တဲ့ မေလ ၂၁ ရက်နေ့က ကျင်းပခဲ့တဲ့ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ တတိယတစ်နှစ်တာကာလ ဆောင်ရွက်မှုနှင့်ပတ်သက်ပြီးတော့မှ သတင်းစာ ရှင်းလင်းပွဲမှာ မီဒီယာတစ်ခုက ဒီကိစ္စကိုမေးတဲ့အပေါ်မှာ ဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာနမှ မှားယွင်းမှုဖြစ်ကြောင်း တာဝန်ရှိသူများကို အရေးယူမည်ဖြစ်ကြောင်းလို့ ပြောကြားခဲ့ကြောင်းကို Social Media သတင်းများအရ ကြားသိရပါတယ်။

သို့သော်လည်း ဒီဟာနှင့်ပတ်သက်ပြီးတော့မှ မေလ ၂၂ ရက်နေ့သတင်းစာမှာတော့ အဲဒီလို အတိအကျဖော်ပြထားခြင်းမရှိပါဘူး။ အဲဒီမှာတော့ လွှတ်တော်၌ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဆွေးနွေးနေစဉ် ဖိုက်ဘာဆက်ကြောင်း ပြတ်တောက်မှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးအရေးယူ ဆောင်ရွက်ခဲ့မှုအခြေအနေကို မေးမြန်းပါသည်လို့ ပြောပါတယ်။ အခုအချိန်အထိ သတင်းစာထဲမှာ ဖိုင်ဘာဆက်ကြောင်းကိုပဲ အပြစ်ပုံချနေတယ်ဆိုတာ သိစေချင်တာဖြစ်ပါတယ်။ အဲဒီတော့ အဲဒီလို မေးခွန်းမျိုးကို ပြန်ကြားရေးဝန်ကြီးဌာနရဲ့ Press Conference မှာမေးခဲ့တဲ့ မီဒီယာသတင်းထောက် ကိုလည်းချီးကျူးပါတယ်။ မီဒီယာကို စတုတ္ထမဏ္ဍိုင်လို့ ပြည်သူတွေက အသိအမှတ်ပြုစေချင်လို့

ရှိရင်တော့ အစိုးရရဲ့အားနည်းချက်တွေ၊ ချို့ယွင်းချက်တွေကို အခုလို များများဖော်ထုတ်ဖို့လိုကြောင်း နှင့် ပြန်ကြားရေးဝန်ကြီးဌာနက မှားယွင်းကြောင်းဝန်ခံတာကို ဖော်ပြရဲတဲ့ဂျာနယ်တွေကိုလည်း အသိအမှတ် ပြုပါကြောင်းနှင့် မဖော်ပြရဲတဲ့ဂျာနယ်များကိုတော့ မိမိကိုယ်ကိုယ် စတုတ္ထမဏ္ဍိုင်လို့ မပြောသင့်ပါကြောင်း ဒီနေရာကနေ ပြောကြားလိုပါတယ်။ မီဒီယာတွေရှေ့မှောက်မှာ ဝန်ခံပြီး ဖြစ်တဲ့ကိစ္စ ဖြစ်ပေမဲ့လည်း ဒီကိစ္စဟာ လွှတ်တော်မှာဖြစ်ခဲ့တာမို့ လွှတ်တော်မှာပဲ ဝန်ကြီးဌာနက ဝန်ခံရှင်းလင်းခြင်းကသာ ပိုမိုပြီးတော့မှ အဓိပ္ပာယ်ရှိသလို ပိုမိုပြီးတော့မှ ပြည့်စုံပါလိမ့်မယ်။ လူတိုင်း အမှားနှင့်မကင်းကြပါဘူးခင်ဗျား။ ဒါပေမဲ့ ခဏခဏမမှားဖို့နဲ့ အမျိုးသားအကျိုးစီးပွားကို ထိခိုက်စေတဲ့ကိစ္စမျိုးမှာ မမှားကြဖို့ နောက်တစ်ခုကတော့ ရည်ရွယ်ချက်ရှိရှိမမှားကြဖို့တော့လိုပါ တယ်။ ဒါကြောင့် ကျွန်တော့်ရဲ့မေးခွန်းကတော့ ဇန်နဝါရီ ၂၉ ရက်နေ့က MNTV မှာ ပြသနေတဲ့ လွှတ်တော် Live ပြသမှု နေ့လယ် ၂ နာရီ ၂၀ မိနစ်မှ ၂၁ နာရီ ၂၅ မိနစ်အထိ ငါးမိနစ်ပြတ်တောက်မှု နှင့် ပတ်သက်ပြီးတော့မှ အဖြစ်မှန်ကို ရှင်းလင်းပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြန်ကြားရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဖေမြင့်(ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ မင်းကင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်ရဲ့မေးခွန်းကို ဖြေကြားသွားပါမယ်။ စောစောက ကိုယ်စားလှယ်တော်ကြီး ဦးမောင်မြင့်မေးမြန်းသွားတဲ့အတိုင်းပဲ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့ ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေးကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက တိုက်ရိုက်ထုတ်လွှင့်နေစဉ်ကာလအတွင်းမှာ မွန်းလွဲ ၂ နာရီ၂၀ မိနစ်မှ ၂၁ နာရီ ၂၅ မိနစ်အထိ ငါးမိနစ် ပြတ်တောက်မှုဖြစ်ပေါ်ခဲ့ရတဲ့အကြောင်းအရင်းကို ဖေဖော်ဝါရီလ ၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာ အဆင့်မြင့်ယန္တရားဆက်သွယ်ရေးတပ်ရေပြာနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံးချုပ်အကြား ဖိုက်ဘာဆက်ကြောင်းရဲ့ ချို့ယွင်းမှုကြောင့်ဖြစ်ကြောင်း ဖြေရှင်းထားခဲ့ပါတယ်။ အဲဒီနောက် ဖေဖော်ဝါရီလ ၇ ရက်နေ့မှာ တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်တဲ့အခါမှာ တော့ အဲဒီနေ့က တိုက်ရိုက်ထုတ်လွှင့်နေစဉ် ပြတ်တောက်မှုဖြစ်ပွားရခြင်းဟာ ဖိုက်ဘာ Network

လိုင်းနှင့် သက်ဆိုင်မှုမရှိကြောင်း ဖော်ပြထားတဲ့အပေါ်မှာ ကျွန်တော်တို့ အဖြစ်မှန်ကို ရှင်းလင်းပေးဖို့ ဆိုပြီးတော့ မေးမြန်းခဲ့တာဖြစ်ပါတယ်။

အဲဒီတော့ ဇန်နဝါရီလ ၂၉ ရက်နေ့က မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကနေ လွှတ်တော်မှာ လိုင်းတိုက်ရိုက်ထုတ်လွှင့်နေစဉ်မှာ ပြတ်တောက်တဲ့ဖြစ်စဉ်ကို အဲဒီနေ့က သက်ဆိုင်သူများကနေပြီး တင်ပြလာတဲ့ ထူးခြားဖြစ်စဉ်အစီရင်ခံစာအရ ကျွန်တော်တို့အနေနဲ့ အဆင့်မြှင့်ယန္တရားဆက်သွယ်ရေး တပ်ရေပြာနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံးချုပ်အကြား ဖိုက်ဘာဆက်ကြောင်းအတွင်း လိုင်းကျဆင်းမှုကြောင့်ဖြစ်တယ်လို့ ဒါအစီရင်ခံလို့ သိရှိရပါတယ်။ အဲဒီတင်ပြလာမှုအပေါ်မှာ စိစစ်ကြည့်ပြီးတော့ ဒါကို တိတိကျကျ လာရောက်ရှင်းလင်းတင်ပြဖို့ ပြည်ထောင်စုဝန်ကြီးအနေနဲ့မှာကြားပြီးတော့ ဇန်နဝါရီလ ၃၀ ရက်နေ့ နောက်တစ်နေ့ပါပဲ။ နေ့လယ်ပိုင်းမှာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက တာဝန်ရှိသူများကို ခေါ်ယူတင်ပြစေခဲ့ပါတယ်။ အဲဒီလို ထပ်မံတင်ပြလာတဲ့အခါမှာလည်းပဲ မူလက တင်ပြထားတဲ့ ထူးခြားဖြစ်စဉ်ပါ အစီရင်ခံစာအတိုင်း တိုက်ရိုက်ထုတ်လွှင့်မှု ပြတ်တောက်ခဲ့ရခြင်း အကြောင်းအရင်းကို ဖိုက်ဘာဆက်ကြောင်းကြောင့် ဖြစ်ကြောင်းကိုသာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက တာဝန်ရှိသူများက တင်ပြခဲ့တဲ့အတွက်ကြောင့် ပြည်သူများ သိရှိစေဖို့အတွက် ဇန်နဝါရီလ ၃၁ ရက်နေ့မှာ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ Website မှာ ဖော်ပြခဲ့ပါတယ်။

ပြီးတဲ့နောက် ဖေဖော်ဝါရီလ ၁ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများမှာလည်း ဖော်ပြခဲ့ပါတယ်။ သို့သော် စောစောက ကိုယ်စားလှယ်တော်ကြီး မေးမြန်းခဲ့တဲ့အတိုင်းပဲ ဒီဖြစ်စဉ်နှင့်ပတ်သက်လို့ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က ဖေဖော်ဝါရီလ ၇ ရက်နေ့ကျတော့ သတင်းထုတ်ပြန်ကြေညာတဲ့အခါမှာတော့ အဲဒီနေ့က ပြတ်တောက်မှုဖြစ်စဉ်သည် ဖိုက်ဘာ Network လိုင်းနဲ့ သက်ဆိုင်မှုမရှိတဲ့အကြောင်း ဖော်ပြပါရှိလာခဲ့ပါတယ်။ အဲဒီတော့ ဒီသတင်းထုတ်ပြန်ချက်ကို သိလျှင်သိခြင်းပဲ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို ဖြစ်စဉ်အမှန်ကို စိစစ်တင်ပြဖို့ ပြောခဲ့သလို တစ်ပြိုင်နက်တည်းမှာပဲ ဘာကြောင့်ဒီလိုဖြစ်ရသလဲဆိုတဲ့ အကြောင်းအရင်းမှန်ကို ဖော်ထုတ်နိုင်ဖို့ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရှေးဦးစုံစမ်းရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ဒီရှေးဦးစုံစမ်းရေးအဖွဲ့ရဲ့ စုံစမ်းတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် သဘောထားဖော်ပြချက်တွေအရ အခုလို ရုပ်သံလိုင်းခေတ္တပြတ်တောက်မှုဖြစ်ပွားခဲ့ရခြင်းဟာ ဖိုက်ဘာဆက်ကြောင်းလိုင်း အသုံးပြုနေစဉ် ပြတ်တောက်မှုဖြစ်ပွားခဲ့တာ မဟုတ်ဘဲနဲ့ ဂြိုဟ်တုဆက်ကြောင်းကို အသုံးပြုနေစဉ် ဖြစ်ပွားခဲ့တာဖြစ်တဲ့အကြောင်း

သိရှိခဲ့ရပါတယ်။ အဲဒီအတွက် ဒီဖြစ်စဉ်နှင့်ပတ်သက်လို့ မမှန်မကန်တင်ပြခဲ့တဲ့ တာဝန်ရှိတဲ့သူတွေကို လိုအပ်သလို ဆက်လက်အရေးယူနိုင်ဖို့အတွက် ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်နိုင်ဖို့ တင်ပြဆောင်ရွက်ခဲ့ပါတယ်။ အဲဒီနောက်မှာ ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့ရဲ့ စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်၊ ထောက်ခံတင်ပြချက်တွေအရ ဒီဖြစ်စဉ်အပေါ် အမှန်မကန်တင်ပြမှုနှင့် ပတ်သက်ပြီး တာဝန်ရှိတဲ့သူတွေကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူအပြစ်ပေးမှုများ ပြုလုပ်ခဲ့ပါတယ်။ ဒါကြောင့် ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းကို ပြန်လည်အနှစ်ချုပ်ဖြေကြားရမယ်ဆိုရင် အဲဒီနေ့က တိုက်ရိုက်ထုတ်လုပ်မှုဖြစ်စဉ် ပြတ်တောက်ခဲ့ရခြင်းရဲ့ အဖြစ်အမှန်ဟာ ဖိုက်ဘာဆက်ကြောင်းလိုင်းကြောင့် ဖြစ်ပွားခဲ့တာမဟုတ်ဘဲ ဂြိုဟ်တုဆက်ကြောင်းကို အသုံးပြုနေစဉ် ဖြစ်ပွားခဲ့တာဖြစ်ကြောင်းနဲ့ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး တာဝန်ရှိသူတွေကို ထိုက်သင့်သော အရေးယူအပြစ်ပေးမှုများ ပြုလုပ်ခဲ့ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ ဝန်ကြီးအနေနဲ့ အခုလိုရှင်းရှင်းလင်းလင်း ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်တင်ပြခဲ့သလိုပဲ ဝန်ကြီးက မေလ ၂၁ ရက်နေ့က လုပ်ခဲ့တဲ့သတင်းစာရှင်းလင်းပွဲမှာ ဖိုက်ဘာလိုင်းဆက်ကြောင်းကြောင့် မဟုတ်ဘူး။ ဂြိုဟ်တုကြောင့်သာ ဖြစ်တယ်လို့ပြောပေမဲ့ ဒီမှာကတော့ ဖိုက်ဘာဆိုတာကို ထည့်ရေးထားတာ အဲဒါလည်း ဘဝင်မကျစရာတစ်ခုဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်မေးချင်တာတစ်ခုက ဒါဆိုရင် ဂြိုဟ်တုက တောက်လျှောက်လွှင့်ခဲ့တယ်။ တောက်လျှောက်လွှင့်ခဲ့တဲ့ဟာတစ်ခုဟာ ၅ မိနစ်စာ ပြတ်သွားတယ်။ ဂြိုဟ်တုက သူ့ဟာသူကောင်းသွားသလား။ ဒါဟာ မေးခွန်းထုတ်စရာကိစ္စဖြစ်နေပါတယ်။ အဲဒီတော့ ပတ်ဝန်းကျင်မှာ လူတွေအားလုံးကလည်း ခက်ရိုင်းရိုင်းပြောရရင် ထမင်းစားကြတာပါ။ သူတို့မှာလည်း စဉ်းစားတွေးတောပိုင်ခွင့်ရှိတယ်။ သူတို့က ဒီလိုအရေးကြီးတဲ့ကိစ္စတွေကို ပြောနေတဲ့အခါမှာ ဒါကို Intentionally ရပ်ဖြစ်တယ်ဆိုတဲ့ အယူအဆမျိုးတွေရှိနေပါတယ်။ အဲဒီတော့ သာမန်အားဖြင့်ဆိုလို့ရှိရင်တော့ လွှတ်တော်မှာဆွေးနွေးတဲ့ကိစ္စတွေကို လွှတ်တော်ဥက္ကဋ္ဌသော်လည်းကောင်း၊ နာယကသော်လည်းကောင်း ဒါတွေကို မိုက်ပိတ်ပြီး ရပ်ပစ်လိုက်လို့ရတယ်။ အဲဒီကြားထဲက အဲဒါမျိုးလုပ်ခံ ရတယ်ဆိုလို့ရှိရင်တော့ ဒါဟာ ရွာကျော်ကြက်တိုက်တယ်လို့ ကျွန်တော်ကတော့ မြင်ပါတယ်။ ဒါကြောင့်မို့လို့ စောစောကဝန်ကြီးပြောသွားတာကတော့ ဒါမျိုးလုပ်ဖို့အတွက်

တစ်ယောက်ယောက်ကို ညွှန်ကြားထားတာ၊ Man Date ပေးထားတာမရှိဘူးလို့ပဲ ကျွန်တော် နားလည်ပါတယ်။ ယုံလည်းယုံကြည်ပါတယ်။ ဒါပေမဲ့ အခုလိုဖြစ်တယ်ဆိုတာနဲ့တော့ တိုင်းပြည်ပျက် မသွားပါဘူး။ ဒါပေမဲ့လည်း အဲဒီဟာတွေ နဲ့ပတ်သက်ပြီးတော့မှ ဒီလိုမျိုးဖြစ်တယ်ဆိုတဲ့အချိန်မှာ ၂၉ ရက်နေ့ကဖြစ်တာကို ၃၀ ရက်နေ့မှာ ဝန်ကြီးတို့ကစစ်တော့ အောက်ခြေကတင်ပြတာလေး တစ်ခုတည်းကိုပဲ ဝန်ကြီး၊ ဒုတိယဝန်ကြီးက ဒါလေးအပေါ်မှာ သဘောတူညီပြီးတော့မှ သတင်းစာမှာ ထည့်လောက်အောင် လွယ်သလားဆိုတာ ဒါကိုလည်း ကျွန်တော်က ဝန်ကြီးကို မေးခွန်းပြန်ထုတ်ချင် ပါတယ်။

အဲဒီတော့ အခုချိန်မှာတော့ တင်ပြတာတွေ မှားယွင်းတာတွေကြောင့်မို့လို့ ဒီမှာတော့ မပြောဘူး ပေါ့ဗျာ။ DG အပါအဝင် တခြားသူတွေအားလုံးကို ရွှေ့ပြောင်းတာ၊ ဘာညာအရေးယူတာရှိတယ်လို့ ပြောတယ်။ ဝန်ထမ်းတွေအတွက် စိတ်မကောင်းပါဘူး။ ဒါပေမဲ့လည်း အဲဒါမျိုး ဝန်ထမ်းတွေအဆင့်မှာပဲ တာဝန်ရှိသလား။ ဝန်ကြီး၊ ဒုတိယဝန်ကြီးကကော တာဝန်မရှိဘူးလားလို့ ကျွန်တော်ဒါလေးကို မေးချင် ပါတယ်။ အဲဒီတော့ နောက်ဆုံးတစ်ခုကတော့ ဒီလိုမှားယွင်းခဲ့တယ်ဆိုတာကို တာဝန်ယူမှု၊ တာဝန်ခံမှု ဆိုတာတွေကို တွင်တွင်ပြောနေကြတဲ့ ဒီလိုခေတ်အခါကြီးမှာ သတင်းစာကနေပြီးတော့မှ တရားဝင် ပြန်ပြီးတော့မှ ထုတ်ပြန်ပေးဖို့အစီအစဉ်ရှိ/မရှိ ကျွန်တော် ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းချင်ပါတယ် ခင်ဗျ။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်းနဲ့ပတ်သက်ပြီးမှ ပြန်ကြားရေးဝန်ကြီးဌာနက ဖြေကြားနိုင်က ဖြေကြားပေးပါ။

**ဒေါက်တာဖေမြင့်(ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ ကျွန်တော် စောစောက ဖြေကြားခဲ့တဲ့အထဲမှာတော့ အမှန်ကတော့ ပြည့်စုံတယ်လို့ထင်ပါတယ်။ သို့သော် ဂြိုဟ်တု က ဘာကြောင့်လွှင့်ခဲ့သလဲဆိုတာတော့ တပ်မတော်က ရှင်းလင်းတဲ့အကြောင်းကို အခုကိုယ်စားလှယ် တော်ကြီး မေးမြန်းတဲ့အခါတုန်းက ပါခဲ့ပါတယ်။ ဖိုက်ဘာဆက်ကြောင်းက ခက်စောစောထဲကပဲ ရုတ်တရက် ရက်တွေအတိအကျ ကျွန်တော်မမှတ်မိပါဘူး။ စောစောလေးထဲက ပျက်နေတယ်လို့ ဆိုပါတယ်။ ပျက်နေတဲ့အတွက်ကြောင့် ပြင်ဆင်နေတယ်လို့ဆိုပါတယ်။ အဲဒီအနေအထားရှိပါတယ်။ ပြင်ဆင်နေတဲ့အချိန်မှာ လွှတ်တော်က တိုက်ရိုက်ထုတ်လွှင့်မှုတွေကို တပ်ကုန်းအသံလွှင့်ရုံကနေ ပြီးတော့ ထုတ်လွှင့်တဲ့အခါမှာ အဲဒီကိုပို့ဖို့အတွက်ကို ကျွန်တော်တို့ ဖိုက်ဘာဆက်ကြောင်းကို

အသုံးပြုတာရှိတယ်။ နောက်တစ်နည်းက ဂြိုဟ်တုနဲ့ပေးပို့တာရှိပါတယ်။ ဖိုက်ဘာဆက်ကြောင်း အသုံးလို့ရှိရင် ဂြိုဟ်တုကနေတစ်ဆင့် ပေးပို့ရပါတယ်။ ဂြိုဟ်တုနဲ့ပေးပို့တဲ့အခါမှာ ဂြိုဟ်တုသုံးစွဲတဲ့ လမ်းကြောင်းတစ်ခုရှိပါတယ်။ ဒီလမ်းကြောင်းကို ဒီနေရာကနေသုံးစွဲတဲ့အချိန်မှာ အကယ်၍များ မတော်တဆ နောက်တစ်နေရာကနေပြီးတော့ ဒီတစ်နေရာထဲကို ထပ်ပြီးတော့ ဒီလမ်းကြောင်းကပဲ ဆက်ပြီးတော့ ပေးပို့မိလို့ရှိရင် နှစ်ခုငြိသွားတဲ့အတွက်ကြောင့်မို့လို့ ထုတ်လွှင့်တဲ့နေရာမှာ အနှောင့် အယှက်ဖြစ်သွားတာရှိပါတယ်။ အခုလည်းပဲ နောက်တစ်နေရာက နယ်တွေကနေပြီး သတင်းပေးပို့ တယ်။ ဂြိုဟ်တုကနေ သတင်းပေးပို့တဲ့ဟာလည်း လုပ်နေတာရှိပါတယ်။ ဒီကနေပြီးတော့ လွှတ်တော် သတင်းကို ဂြိုဟ်တုကနေပြီးတော့ အသံလွှင့်ရုံကိုပေးပို့နေစဉ်မှာ နယ်ကနေပြီးတော့ သတင်းပေးပို့တဲ့ သူကလည်းပဲ ဒီတစ်လိုင်းထဲကနေပေးပို့တဲ့အတွက်ကြောင့် နှစ်ခုတိုက်ဆိုင်ပြီးတော့ ဒီမှာကျသွားတယ် ဆိုတာ ဖြစ်တယ်လို့ ကျွန်တော်သိရပါတယ်။

အဲဒီအခါမှာ ဒီလိုကျသွားတာကို သိတဲ့နေရာမှာ၊ တာဝန်ရှိတဲ့နေရာ မှာထိုင်နေတဲ့ စက်ကြည့်တဲ့ နေရာက တာဝန်ရှိတဲ့သူကနေပြီးတော့ ဒီလိုင်းကမပို့နဲ့ ဒီမှာနှစ်ခုတိုက်ပြီးတော့ ဒီဘက်ကကျသွား တယ်။ ဆိုတဲ့အကြောင်းကို အကြောင်းကြားလိုက်တဲ့အခါမှာ တစ်ဘက်ကသတင်းပို့တဲ့လူက ရပ်သွား ပါတယ်။ ရပ်သွားတဲ့အတွက်ကြောင့်မို့လို့ ၅ မိနစ်အတွင်းမှာ ပြန်ပြီးတော့ ထုတ်လွှင့်တဲ့ဟာက ပြန်ကောင်းသွားတယ်ဆိုတဲ့အကြောင်းကို လုပ်ငန်းဆောင်ရွက်တဲ့အပိုင်းက ရှင်းလင်းတင်ပြတာကို ကျွန်တော်ထပ်ဆင့်ပြီးတော့ ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အဲဒီတော့ ဒါတွေဟာ ကျွန်တော်တို့ အနေနဲ့ကတော့ ကိုယ်စားလှယ်တော်ကြီးကလည်း တမင်လုပ်တယ်လို့တော့ မစွပ်စွဲဘူးလို့ပြောတယ်လို့ ကျွန်တော်ကြားလိုက်မိပါတယ်။ တမင်တကာလုပ်စရာအကြောင်း မရှိပါဘူး။ ပြီးတဲ့နောက် အောက်ခြေက တင်ပြတဲ့အပေါ်မှာ ဒီလိုပဲဆောင်ရွက်သလား။ ဆိုတာနဲ့ပတ်သက်လို့ အောက်ခြေဆိုပေမဲ့လို့ ခက်လှမ်းလှမ်းက အောက်ခြေမဟုတ်ပါဘူး။ အနီးကပ်တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ မြန်မာ့ အသံနှင့်ရုပ်မြင်သံကြားမှာ အဆင့်မြင့်တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များက တင်ပြတာဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ကျွန်တော်တို့က သူတို့ရဲ့တင်ပြချက်အတိုင်းကို လွှတ်တော်ကို ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့လည်းပဲ သူတို့တင်ပြချက်သည် မမှန်ကန်တဲ့တင်ပြချက်ဖြစ်ကြောင်း သိရတဲ့အခါမှာ ကျွန်တော်တို့ ဒါကိုစစ်ဆေးပြီးတော့ ထိရောက်စွာအရေးယူခဲ့ခြင်းဖြစ်တယ်ဆိုတဲ့အကြောင်း ဖြေကြား လိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**သက်ဆိုင်ရာတရားရုံးများသို့ သက်သေထွက်ဆိုရန် သွားရောက်ကြရသည့် သက်သေများအတွက် သက်သေစရိတ်ကို အမှန်ကုန်ကျစရိတ်အတိုင်း ထုတ်ပေးနိုင်ခြင်းရှိ/မရှိနှင့် သက်သေစရိတ်ပြတ်လပ်ခြင်းမရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးထွန်းဝေ(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တရားရုံးများမှ သက်သေစရိတ်ထုတ်ပေးသည့် ကိစ္စနှင့်စပ်လျဉ်း၍ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာ့လူ့အဖွဲ့အစည်းဟာ ရိုးရှင်းတဲ့လူနေမှုဘဝကို နှစ်သက်တန်ဖိုးထားကြတဲ့ လူ့အဖွဲ့အစည်းဖြစ်ပါတယ်။ အေးဆေးစွာနေထိုင်တတ်တဲ့ စရိုက်၊ လက္ခဏာရှိပြီး ရုံးပြင်ကနားနှင့်ဆက်ဆံလိုသူတွေ မဟုတ်သလို ဆက်ဆံတတ်ကြသူတွေလည်း မဟုတ်ပါဘူး။ အထူးသဖြင့် အခြားရုံးတွေထက် တရားရုံးတွေကို ပိုပြီးကြောက်ရွံ့တတ်ကြတဲ့သဘောကိုလည်း တွေ့ရပါတယ်။ သို့သော်လည်း အကြောင်းအားလျော်စွာ သက်သေအဖြစ်နဲ့တရားရုံးကို သွားရောက်ကြရတဲ့ ပြည်သူတွေရှိသလို နိုင်ငံတော်ရဲ့ သက်သေအဖြစ်တရားရုံးကို အားတတ်သရော သွားရောက်သက်သေခံချက်ထွက်ဆိုကြတဲ့ ပြည်သူများလည်း ပြောင်းလဲလာတဲ့ နိုင်ငံရေးဖြစ်စဉ်တွေအပေါ်မှာ မူတည်ပြီးမှ ပေါ်ပေါက်လာပါတယ်။ တချို့သက်သေတွေဟာ သက်သေစရိတ်တရားရုံးက ထုတ်ပေးတယ်ဆိုတာကိုတောင်မှ မသိကြပါဘူး။ ဒီမှာတင်ပဲ သက်သေနှစ်မျိုးဖြစ်ပေါ်လာတယ်လို့ ထင်ပါတယ်။ ပထမတစ်မျိုးကတော့ မလွဲသာမရှောင်သာဖြစ်လာတဲ့ သက်သေဖြစ်ပြီး၊ ဒုတိယတစ်မျိုးကတော့ ပြည်သူတို့ရဲ့ အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူများရဲ့ ကာယစိတ်ဓာတ်အေးချမ်းလုံခြုံရေးတို့အတွက် အဂတိတရားကင်းရှင်းစွာနဲ့ နိုင်ငံတော်ကို အကူအညီပေးနေကြတဲ့ သက်သေများဖြစ်ကြပါတယ်။ မည်သို့ပင်ဖြစ်စေ သက်သေနှစ်မျိုးစလုံးဟာ တရားဥပဒေစိုးမိုးရေးအတွက် အရေးပါတဲ့ အစိတ်အပိုင်းတွေဖြစ်ကြပါတယ်။

ဒုတိယတစ်မျိုးတည်းမှာတော့ ကျွန်တော့်ရဲ့မဲဆန္ဒနယ်မြေထဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့က ပုဂ္ဂိုလ်များပါဝင်နေပါတယ်။ ဒီအဖွဲ့ဟာ မိမိတို့ကျေးရွာ၊ မိမိတို့ပတ်ဝန်းကျင်ကျေးရွာများ

မှာ မူးယစ်ဆေးဝါးကိုအလွယ်တကူ ဝယ်ယူရရှိနိုင်တဲ့ အခြေအနေတွေကြောင့် လူငယ်၊ လူလတ်ပိုင်းတွေ ပျက်စီးနေတာတွေ၊ လူသားအရင်းအမြစ်များ ဆုံးရှုံးနေရတာတွေ၊ မူးယစ်ဆေးဝါးနှင့်ဆက်နွယ်နေတဲ့ရာဇဝတ်ပြစ်မှုတွေကြောင့် ရပ်ရွာအေးချမ်းသာယာမှုမရှိတာတွေ၊ မူးယစ်ဆေးဝါးကြောင့် ဖြစ်ပေါ်လာတဲ့ HIV ကူးစက်ရောဂါမှအစ လူမှုဒုက္ခအမျိုးမျိုးကို ကြုံတွေ့သိမြင်ခံစားနေကြရတာတွေကြောင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့ကို ဖွဲ့စည်းပြီး ကိုယ့်စရိတ်နှင့်ကိုယ် ကိုယ်တိုင်သတင်းထောက်လှန်းရဲနှင့်ပူးပေါင်းပြီးဖမ်းတယ်။ အများနှင့်ဆိုင်တဲ့ နေရာတွေမှာ ကိုယ်တိုင်ဖမ်းပြီး ရဲကိုအပ်တယ်။ စသဖြင့်လုပ်ဆောင်လာတာဟာ ၂၀၁၈ ခုနှစ် အကုန်မှာအမှုပေါင်း ၅၆ မှုရှိပြီး ၂၀၁၉ ခုနှစ်ထဲမှာ ၁၁ မှုရှိပါတယ်။ နောက်ဆုံးပိုင်ရှင်မဲ့ ဖမ်းဆီးရရှိခဲ့တာဟာ ဘိန်းဖြူ ၆.၆ ကီလိုဂရမ် တန်ဖိုးအားဖြင့် ကျပ်သိန်းပေါင်း ၆၀၀၀ ခန့်နှင့် ကားတစ်စီးကို ဖောက်ပြင်နှင့် ပင်လယ်ဘူးအဖွဲ့နှစ်ဖွဲ့ ချိတ်ဆက်ပြီး ဖမ်းဆီးရရှိခဲ့မိပါတယ်။

Power Point နှင့်တင်ပြခွင့်ပြုပါခင်ဗျား။ Power Point မှာတင်ပြထားတာတွေကတော့ ဖမ်းဆီးတဲ့ မူးယစ်ဆေးဝါးစာရင်းနဲ့ မူးယစ်မှုစာရင်းနဲ့ နောက်ဆုံးဖမ်းမိတဲ့ ပစ္စည်းတွေဖြစ်ပါတယ်။ ဒီအဖွဲ့ဝင်တွေက ခရိုင်မှူးအတွက် ခရိုင်တရားရုံးကို သွားရောက်ပြီး သက်သေခံထွက်ဆိုကြရတဲ့အခါ လမ်းခရီးအခြေအနေအရ နှစ်ညအိပ်၊ သုံးရပ်အထိ ကြာတက်ပါတယ်။ ဖောင်းပြင်၊ မော်လိုက် မိုင် ၇၀ သာဝေးတယ်လို့ဆိုပေမဲ့ အမြန်ရေယာဉ်နဲ့ သွားမှသာအဆင်ပြေပါတယ်။ ခရီးစရိတ်နှင့် နေထိုင်တည်းခိုစရိတ်စုစုပေါင်းဟာ ကျပ် ၃၀၀၀၀ ခန့်ဝန်းကျင် ကုန်ပါတယ်။ သက်သေစရိတ်က ကျပ် ၁၁၀၀၀ ကနေ ၁၆၀၀၀ အထိရရှိတယ်လို့ ဆိုပါတယ်။ တစ်ခါတစ်ခါမှာငွေကုန်နေလို့မရတဲ့ သက်သေများလည်း ရှိပါတယ်။ ၎င်းတို့အနေနဲ့ သက်စွန့်ကြိုးပမ်းအများအကျိုးဆောင်ခြင်းဟာ ရေရှည်မှာကိုယ့်ဒုက္ခကိုယ်ရှာရသလို ဖြစ်နေကြပါတယ်။ ဒါကြောင့် ကျွန်တော်မေးမြန်းလိုတာကတော့ (၁) လုံလောက်တဲ့သက်သေစရိတ်ကိုထုတ်ပေးနိုင်ရန်နှင့် (၂) ငွေပြတ်လပ်ခြင်းမရှိအောင် ဆောင်ရွက်ပေးနိုင်ပါရန် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်ဇော်သိန်း(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီး ဦးအောင်ဇော်သိန်း ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေမေးမြန်းတဲ့ သက်ဆိုင်ရာတရားရုံးတွေကို သက်သေထွက်ဆိုရန်သွားကြရတဲ့ သက်သေတွေအတွက် သက်သေစရိတ်ကို အမှန်ကုန်ကျစရိတ်အတိုင်း ထုတ်ပေးနိုင်ခြင်းရှိ/မရှိ။ အဲဒီလို ထုတ်ပေးတဲ့အခါမှာ ငွေပြတ်လပ်ခြင်းမရှိကြောင်း ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီးတော့မှ ကျွန်တော့်အနေနဲ့ ဖြေကြားသွားမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီသက်သေစရိုက်ထုတ်ပေးတာနှင့်ပတ်သက်လို့ တရားရုံးအသီးသီးကို သက်သေခံလာရောက်တဲ့ ရာဇဝတ်မှုတွေက သက်သေတွေအတွက် တရားရုံးများ လက်စွဲအပိုဒ် ၆၃၂ မှာပါတဲ့ တရားလိုများနှင့်သက်သေများအား စရိတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေ ၃ အရ သက်သေစရိတ်ကို သာမန်အသုံးစရိတ်ဖြစ်တဲ့ ၀၃၂၃ တရားရုံးနှင့်ခုံရုံးစရိတ် ခေါင်းစဉ်အောက်ကနေပြီးတော့မှ ကျခံထုတ်ပေးရပါတယ်။

ရာဇဝတ်မှုတွေမှာ သက်သေတွေကိုထုတ်ပေးတဲ့ တစ်နေ့အတွက် သက်သေစရိတ်ကတော့ အတည်ဖြစ်နေတဲ့ နိုင်ငံတော်ကောင်စီရဲ့ ၂၉-၈-၁၉၈၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၆၉/၈၄) အရ နိုင်ငံတော်က အခါအားလျော်စွာသတ်မှတ်တဲ့ အလုပ်သမားတစ်ဦးရဲ့ တစ်နေ့အတွက် အနိမ့်ဆုံး လုပ်ခအဖြစ်သတ်မှတ်ခွင့်ပြုနေပါတယ်။ လက်ရှိအခြေအနေမှာတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးရဲ့ ၂၇-၆-၂၀၁၈ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၅၇/၂၀၁၈)အရ နေ့စား အလုပ်သမားများရဲ့ လုပ်ခကို အလုပ်ချိန်တစ်နေ့ ရှစ်နာရီအတွက် ၄၈၀၀ ကျပ်တိုးမြှင့်ပြင်ဆင် သတ်မှတ်ချက်နှင့်အညီ ရာဇဝတ်မှုတွေမှာ သက်သေစရိတ်ကို တစ်နေ့အတွက် ၄၈၀၀ ကျပ်နှုန်းနှင့် ကျခံထုတ်ပေးနေကြောင်း တင်ပြအပ်ပါတယ်။ ခရီးစရိတ်နှင့်ပတ်သက်လို့တော့ အမှန်တကယ် သွားလာရတဲ့ ခရီးစဉ်အတွက် ဒေသနှုန်းထားများဖြင့် ကျွန်တော်တို့အမှန်ကုန်ကျတဲ့ငွေကို ထုတ်ပေးရပါတယ်။

ဒါကြောင့်မို့လို့ တရားရုံးကိုလာရောက်တဲ့ သက်သေခံတဲ့ သက်သေစရိတ်အဖြစ်တော့ တစ်နေ့ကို ၄၈၀၀ နှုန်း၊ နောက်သူ့ရဲ့ခရီးစရိတ်နှင့်ပတ်သက်ပြီး အမှန်ကုန်ကျတဲ့ ခရီးစရိတ်ကို ထုတ်

ပေးလျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။ သက်သေစရိတ်ထုတ်ပေးဖို့အတွက် ငွေပြတ်လပ်ခြင်းမရှိအောင်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်းပြီးတော့မှ တရားရုံးအသီးသီးကို လာရောက်သက်သေခံတဲ့ ရာဇဝတ်မှုများ၊ သက်သေများအတွက် သက်သေစရိတ်တွေကို အထက်မှာရှင်းလင်းတင်ပြတဲ့အတိုင်း တရားရုံးအသီးသီးမှာရှိတဲ့ ဘီးလစ်တွေက ထုတ်ပေးရပါတယ်။ ဘီးလစ်တွေအနေနဲ့ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းနှင့်အညီ တရားဝင်အမြဲတမ်း ဆောင်ငွေတစ်ရပ်ကို ကိုင်ဆောင်ခွင့်ရှိပါတယ်။ တရားရုံးနှင့်ခုံရုံးစရိတ်ကို ခေါင်းစဉ်အောက်နေပြီးတော့မှပဲ ထုတ်ယူသုံးစွဲရခြင်း ဖြစ်ပါတယ်။ ရသုံးမှန်ခြေငွေစာရင်းဌာနရဲ့ ၅-၆-၂၀၁၃ ရက်စွဲပါစာအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အတွက် အနည်းဆုံး ၅၀၀၀ ကနေ အများဆုံး ၁၀၀၀၀ အထိ၊ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်တွေအတွက် အနည်းဆုံး ၅၀၀၀ ကနေ ၂၅၀၀၀ အထိ၊ ခရိုင်တရားရုံးတွေအတွက် အနည်းဆုံး ၃၀၀၀ ကနေ အများဆုံး ၁၀၀၀၀၀ အထိ၊ မြို့နယ်တရားရုံးတွေအတွက်တော့ အနည်းဆုံး ၃၀၀၀ ကနေ အများဆုံး ၁၀၀၀၀၀ အထိအမြဲတမ်းဆောင်ငွေအဖြစ် ကိုင်ဆောင်ခွင့်ပြုထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးကလည်း ၂၁-၆-၂၀၁၃ ရက်စွဲပါစာနှင့် အမြဲတမ်းကြိုတင်ဆောင်ငွေဖြင့် ၁၅ ရက်အတွင်း ပျမ်းမျှခြင်း ကုန်ကျမည့် သင့်လျော်မည့်ငွေပမာဏကို တရားရုံးအဆင့်ဆင့်က သတ်မှတ်ခွင့်ပြုပေးခဲ့ပါတယ်။ ရာဇဝတ်မှုများမှာ သက်သေစရိတ်ကို ချက်ခြင်းထုတ်ပေးနိုင်ရန်နှင့် အခြားအသေးအဖွဲ့အသုံးစရိတ်တွေကို အဆင်ပြေချောမွေ့စွာပေးချေနိုင်ရန် ရည်ရွယ်ပြီးတော့မှ ခွင့်ပြုထားခြင်းဖြစ်ပါတယ်။ အဲဒီခွင့်ပြုထားတဲ့ အမြဲတမ်းကြိုတင်ဆောင်ငွေနဲ့ မလုံလောက်လို့ရှိရင် အနည်းဆုံး ၆ လကိုင်ဆောင်သုံးစွဲပြီး ၆ လကာလအတွင်း စစ်ဆေးခဲ့တဲ့ သက်သေစရိတ်ပေးရတဲ့ သက်သေဦးရေ သက်သေတွေကို ထုတ်ပေးရတဲ့ ခရီးစရိတ်အမှန်ကုန်ကျငွေ၊ အမြဲတမ်းကြိုတင်ထုတ်ပေးငွေကထုတ်ပေးရတဲ့ အခြားအသေးအဖွဲ့အသုံးစရိတ်တွေကို တစ်လချင်းသုံးစွဲတဲ့နေ့ရက်အလိုက်ဖြည့်စွက်စာရင်းပြုပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်တရားရေး ဦးစီးမှူးရုံးကတစ်ဆင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးကို အမြဲတမ်းကြိုတင်ဆောင်ငွေ တိုးမြှင့်ကိုင်ဆောင်ခွင့်ပြုရန်တင်ပြဖို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက ၂၁-၆-၂၀၁၃ ရက်နေ့စာနဲ့ ညွှန်ကြားခဲ့ပါတယ်။

ဒါကြောင့်မို့လို့ တရားရုံးတွေအနေနဲ့ အမြဲတမ်းကြိုတင်ဆောင်ရွက်နေတဲ့ သက်သေစရိတ်များကို ပေးချေလျက်ရှိပေမဲ့လို့ လုံလောက်မှုမရှိတဲ့အခါမှာ ငွေထုတ်တဲ့သူအရာရှိအနေနဲ့ သက်ဆိုင်ရာဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေနှင့်အညီ ခုံရုံးစရိတ်ခေါင်းစဉ်အောက်က

ငွေထုတ်ပြီးတော့မှ အမှန်ကုန်ကျမည့် ခရီးစရိတ်တွေနှင့် သက်သေစရိတ်တွေကို ပေးချေနိုင်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးထွန်းဝေ(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျား။ ဖြေကြားပေးတဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်မေးမြန်းရခြင်းကတော့ အမှုတွေက တစ်ခုနှင့်တစ်ခု သဘောသဘာဝခြင်းလည်း မတူပါဘူး။ နှစ်တစ်နှစ်အတွင်းမှာ အမှုအရေအတွက် တိုးခြင်း၊ လျော့ခြင်းဆိုတဲ့ အကြောင်းတွေလည်း ရှိပါတယ်။ ဒါကြောင့် သက်သေစရိတ်ထုတ်ပေးမည့် ငွေပြတ်လပ်ခြင်းမရှိအောင်နှင့် ဒီ Weakness နှင့် Checked နှစ်မျိုးပေါင်းလိုက်လို့ရှိရင် အမှန်တကယ်ကုန်ကျတဲ့ ကုန်ကျစရိတ်ကို အနီးစပ်ဆုံး ဖြစ်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်အနေနဲ့ ဆက်စပ်မေးမြန်းလိုတာကတော့ သက်သေစရိတ်ကို အမှန်တကယ်ထုတ်ပေးခြင်းရှိ/မရှိကို ဘယ်လိုစောင့်ကြပ်ကြည့်ရှုသလဲဆိုတာလေးကို ဆက်စပ်မေးခွန်းအဖြစ်နဲ့မေးမြန်းလိုပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက ဖြေကြားရန် ဖြစ်ပါတယ်။

**ဦးအောင်ဇော်သိန်း(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ ကျွန်တော်တို့နောက်ဆက်တွဲမေးခွန်းအနေနဲ့ကတော့ ကျွန်တော်တို့ အမှုတွေ အတိုး၊ အလျော့ရှိတယ်။ ကုန်ကျစရိတ်တွေကလည်း မတူဘူး။ ဒါကြောင့်မို့လို့ သက်သေစရိတ် အမှတ်တကယ် ထုတ်ပေးခြင်းရှိ/မရှိကို ဘယ်လိုစိစစ်မလဲဆိုတဲ့ အပိုင်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီသက်သေစရိတ် ထုတ်ပေးတာနှင့်ပတ်သက်လို့ ဒီကျွန်တော်တို့ တရားရုံးတွေမှာ ရှေ့မှာဆိုင်းပုဒ်ကပ်ထားပါတယ်။ ကျွန်တော်တို့လည်း ညွှန်ကြားထားပါတယ်။ သက်သေစရိတ်တွေ မရလို့ရှိရင် သက်ဆိုင်ရာ အကြီးအကဲဆီကိုသတင်းပို့ပါ။ အမှန်တကယ်ထုတ်ပေးခြင်းရှိ/မရှိကို တကယ်လို့မရလို့ရှိရင် တာဝန်ရှိတဲ့သူတွေကို ပြောပါလို့ဆိုပြီးတော့မှ တရားရုံးတွေ၊ ခရိုင်တွေ၊ မြို့နယ်တွေအားလုံးမှာ ကြော်ငြာစာကပ်ပြီးတော့မှ ညွှန်ကြားချက်ပေးထားပါတယ်။ အဲဒီတော့ အခုတိုးတာ၊ လျှော့တာနှင့်ပတ်သက်လို့၊ ခုနက ကျွန်တော်ရှင်းပြသွားတဲ့ အထဲမှာပါပါတယ်။ ကျွန်တော်တို့ ဒီဆောင်ငွေထဲကနေထုတ်ပေးတဲ့အခါမှာ အတိုး၊ အလျှော့ရှိမယ်။ အခုဥပမာအားဖြင့် ဖောင်းပြင်ဆိုလို့ရှိရင် သူ့ရဲ့ဆောင်ငွေဟာ အခု ၅၀၀၀၀ ဆောင်ငွေ ကိုင်ခွင့်ရှိပါတယ်။ အဲဒီတော့ သူတစ်သိန်းအထိ ကိုင်နိုင်ပါတယ်။ အဲဒီတော့ အများဆုံးက ဘဏ္ဍာစီမံကခွင့်ပြုထား

တာ မြို့နယ်နှင့်ခရိုင်ကို တစ်သိန်းခွင့်ပြုထားပါတယ်။ အဲဒီတော့ သူအခု ၅၀၀၀၀ ကိုင်တဲ့အခါမှာ သူက ၁၅ ရက်တစ်ကြိမ် သူ့ဆောင်ငွေလျော့သွားလို့ရှိရင် ထုတ်ပေးထားတဲ့ သက်သေစရိတ်ကို သူ့ဘဏ်မှာ ပြန်ဖြည့်ပြီးထုတ်လို့ရပါတယ်။ ဒါကြောင့်မို့လို့ ခုနက အမှုအတိုး၊ အလျှော့နှင့်ပတ်သက်လို့ တကယ်လို့ မလုံလောက်ဘူးဆိုလို့ရှိရင် ခြောက်လတစ်ကြိမ် တစ်လချင်းအလိုက် ကုန်တာဘယ်လောက်ရှိသလဲ။ ဘယ်လောက်တိုးပေးရသလဲ။ ဒါကြောင့် သူ့ဆောင်ငွေနှင့်မလုံလောက်ဘူးဆိုတာကို လချင်းအလိုက် ခြောက်လတစ်ကြိမ် စာရင်းပြုစုပြီးတော့မှ တင်ရပါတယ်။ သက်ဆိုင်ရာ တိုင်းဦးစီးရုံးကနေပြီးတော့မှ တင်တဲ့အခါမှာ ကျွန်တော်တို့က တွက်ချက်ပြီးတော့မှ တစ်ခါတိုးပေးဖို့လိုမယ်ဆိုရင် တစ်သိန်းအထိ ခွင့်ပြုထားတဲ့ ခရိုင်နှင့်မြို့နယ်ကို တစ်သိန်းအထိ တိုးပေးလို့ရပါတယ်။ အဲဒီတော့ ဒီမှာ ဘယ်လို ပြန်စိစစ်သလဲဆိုတော့ ကျွန်တော်အခုစိစစ်ကြည့်ပါတယ်။ မော်လိုက်ခရိုင်ဆိုရင် ခွင့်ပြုငွေ ၁၂၀၀၀ နှင့် ဖောင်းပြင်က ၅၀၀၀၀ ရှိပါတယ်။ သုံးပြီးတဲ့ သက်သေစရိတ်တွေကို စိစစ်ကြည့်တဲ့အခါကျတော့ မော်လိုက်မှာဆိုရင် ဇန်နဝါရီလကနေ ဒီဇင်ဘာလအထိ ၉၀၉၄၀၀ သုံးထားပါတယ်။ ဖောင်းပြင်မှာ ဆိုရင် ဇန်နဝါရီလကနေ ဒီဇင်ဘာလအထိ ၇၅၀၀၀၀ အထိသုံးထားပါတယ်။ နောက်အခု ဒီသုံးလပတ် ကတော့ ကျွန်တော်တို့ မော်လိုက်က သုံးသိန်းထုတ်ထားပြီးတော့မှ ၂၉၅၄၀၀ သုံးထားပါတယ်။ ဖောင်းပြင်ကတော့ ၂၅၀၀၀၀ ထုတ်ထားပြီးတော့ ၂၅၀၀၀၀ သုံးထားပါတယ်။ နောက်တစ်ခါ ဒီဧပြီလ ကနေစက်တင်ဘာလအထိ ကြည့်လို့ရှိရင်လည်း မော်လိုက်က ၄၂၀၀၀၀ ထုတ်ထားပြီး ဖောင်းပြင်က ၃၅၀၀၀၀ ထုတ်ထားပါတယ်။

အဲဒီတော့ ကျွန်တော်တို့အနေနဲ့ကတော့ သူတို့လိုအပ်လို့ ဒီသက်သေစရိတ်ကတိုးပေးဖို့ လိုတယ်။ ခရီးစရိတ်တွေတိုးပေးဖို့လိုတယ်။ သူတို့မလောက်ဘူး။ ဆောင်ငွေနှင့်မလောက်ဘူးဆိုရင် ကျွန်တော်တို့အမြင့်ဆုံးပေးနိုင်တဲ့ငွေအထိကို သူတို့အနေနဲ့ စာရင်းဇယားတွေပြုစုပြီး ကျွန်တော်တို့ဆီ တင်ပြလို့ရှိရင် ကျွန်တော်တို့အနေနဲ့ တိုးပေးနိုင်ပါတယ်။ ထို့အတူ တကယ်လို့ သက်သေစရိတ်တွေ ပေးတယ်၊ မပေးဘူးဆိုတာ လယ်ဂျာမှတ်တမ်းတွေရှိပါတယ်။ မှတ်တမ်းတွေကို သက်ဆိုင်ရာ အကြီးအကဲတွေက သက်ဆိုင်ရာတရားရုံးတွေကို သွားစစ်တဲ့အခါမှာလည်း စစ်ဆေးဖို့ညွှန်ကြားထား ပါတယ်။ ထို့အတူ ကျွန်တော်တို့ဆီကိုပို့တဲ့ ပြန်တမ်းတွေအရလည်း စိစစ်ပြီးတော့မှ ဒီလိုမပေးတာတွေ၊ ပေးတာတွေနှင့်ပတ်သက်ပြီး အမှန်တကယ်ပေးရေးနှင့်ပတ်သက်လို့ ကြပ်မတ်ဆောင်ရွက်လျက်ရှိတဲ့ အကြောင်း ကိုယ်စားလှယ်တော်ကြီးကို လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။

**အထက်တန်းရှေ့နေများအား တရားလွှတ်တော်ရှေ့နေအဖြစ် အသိအမှတ်ပြုလက်မှတ်ပေးအပ်ရာတွင် စာမေးပွဲဖြေဆိုသည့်စနစ်ကိုကျင့်သုံးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်ဇော်(ကော့သောင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ အထက်တန်းရှေ့နေများကို တရားလွှတ်တော်ရှေ့နေအဖြစ် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးတဲ့နေရာမှာ စာမေးပွဲဖြေဆိုတဲ့စနစ်ကို ကျင့်သုံးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ရှေ့နေလိုက်သူများအက်ဥပဒေအရ အထက်တန်းရှေ့နေနဲ့ တရားလွှတ်တော်ရှေ့နေဆိုပြီးတော့ နှစ်မျိုးခွဲခြားထားပါတယ်။ အထက်တန်းရှေ့နေများဟာ ဥပဒေဘွဲ့ရပြီး မြန်မာနိုင်ငံမှာအနည်းဆုံး နာမည်ကောင်းနဲ့ သုံးနှစ်အထက်တန်းရှေ့နေအဖြစ် အဆက်မပြတ်လိုက်ခဲ့လို့ရှိရင် တရားလွှတ်တော်ရှေ့နေအဖြစ် လျှောက်ထားနိုင်တယ်ဆိုတဲ့အကြောင်း တရားလွှတ်တော်ရှေ့နေများဝင်ခွင့်နည်းဥပဒေအရ သိရပါတယ်။ မြန်မာနိုင်ငံမှာ B.A Law(L.L.B)ဝိဇ္ဇာ(ဥပဒေ)ဘွဲ့ကို ၁၉၆၃-၁၉၆၄ ခုနှစ်ကစပြီးတော့ ၁၀ တန်းအောင်ပြီးကျောင်းသားများကို ရန်ကုန်တက္ကသိုလ်မှာ B.A Law ဝိဇ္ဇာ(ဥပဒေ)ဘွဲ့ လေးနှစ်တက်ပြီးတော့ နောက်တစ်နှစ် L.L.B တက်လို့ရှိရင် B.A Law(L.L.B) ဘွဲ့ကိုပေးတာဖြစ်ပါတယ်။ ဒါပေမဲ့ ၁၉၈၀ ပြည့်နှစ်မှာတော့ B.A Law ကိုသီးခြားမပေးတော့ဘဲနဲ့ ငါးနှစ်ဆက်တိုက်တက်ပြီးလို့ရှိရင် (L.L.B)ဘွဲ့ကို ပေးတာဖြစ်ပါတယ်။ နောက် ၁၉၇၅ ခုနှစ်ကစပြီးတော့ ရန်ကုန်တက္ကသိုလ်စာပေးစာယူသင်တန်းမှာလည်း (L.L.B)ငါးနှစ်တက်နိုင်ပါတယ်။ ဒါက ၁၀ တန်းအောင်ပြီးစလူငယ်များ တက်ခွင့်ရကြတာဖြစ်ပါတယ်။ နောင်များမှာတော့ နယ်တက္ကသိုလ်များနှင့် အဝေးသင်တက္ကသိုလ်များကလည်း (L.L.B) ကို ငါးနှစ်တက်ပြီးရင် (L.L.B) ဘွဲ့ပေးတာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတော်ကို တာဝန်ယူသူများရဲ့စီမံခန့်ခွဲမှုအလွဲများကြောင့် ပညာရေးစနစ်အားနည်းပြီးတော့ ကျောင်းမကြာမကြာပိတ်လို့ ကျောင်းသားများက သင်ရိုးကုန်အောင်မသင်ခဲ့ရပါဘူး။ အဲဒီတော့

(L.L.B)ဘွဲ့ကို ငါးနှစ်တက်ရာကနေပြီးတော့၊ လေးနှစ်တက်ပြီးတော့ ဘွဲ့ရတဲ့ကျောင်းသားများ၊ ရှေ့နေများကို တွေ့လာရပါတယ်။ အဲဒီလို သင်ရိုးကုန်အောင်မသင်ရလို့ အတန်းတင်စာမေးပွဲမှာ Microcopy နဲ့စာမေးပွဲမှာခိုးချပြီးတော့ အောင်လာတဲ့ဥပဒေကျောင်းသားများလည်း ရှိလာကြပါတယ်။ ယနေ့ ရှေ့နေလောကမှာ ဥပဒေပညာမကျွမ်းဘဲနဲ့ ရှေ့နေအဖြစ်အသက်မွေးဝမ်းကျောင်းပြုနေသူများ၊ တရားမအဆိုလွှာ၊ ရာဇဝတ်ဦးတိုက်လျှောက်လွှာကို ဖြောင့်တန်းအောင်မရေးတက်လို့ လျှောက်လွှာစာရေးကိုအားကိုးနေရတဲ့အထက်တန်းရှေ့နေများ၊ တရားလွှတ်တော်ရှေ့နေများကို တွေ့လာရပါတယ်။

လေးစားအပ်တဲ့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေနယ်ပယ်မှာ ရှေ့နေမကျွမ်းကျင်ပေါ့ဆရင် တရားခံခြောက်ပေမြေပေါ်ရောက်တယ်ဆိုတဲ့ ဆိုရိုးစကားရှိပါတယ်။ ဒါဟာ ဥပဒေမကျွမ်းကျင်တဲ့ရှေ့နေကိုငှားမိလို့ရှိရင် တရားခံက ကြိုးစင်ထိတက်ရနိုင်တယ်လို့ ဆိုလိုတာဖြစ်ပါတယ်။ ရှေ့နေများဟာ တရားရုံးရဲ့အရာရှိများဖြစ်လို့ ရှေ့နေများအားကောင်းမောင်းသန်ရင် တရားစီရင်ရေး၊ တရားရုံးတွေလည်း အားကောင်းမောင်းသန်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့တရားရုံးရဲ့အရာရှိများဖြစ်တဲ့ ရှေ့နေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် တရားလွှတ်တော်ရှေ့နေအဖြစ်လျှောက်ထားရာမှာ အထက်တန်းရှေ့နေလုပ်သက်သုံးနှစ်ပြည့်မှောက်ပြီးမှ တရားလွှတ်တော်ရှေ့နေဝင်ခွင့်ကို စာမေးပွဲဖြင့် ဖြေဆိုရန်ဆိုတဲ့စနစ်ဖြင့် ပြင်ဆင်ပြောင်းလဲရန်အစီအစဉ်ရှိ/မရှိကို သိလိုတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်ဇော်သိန်း(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်မေးမြန်းတဲ့ အထက်တန်းရှေ့နေတွေကို တရားလွှတ်တော်ရှေ့နေအဖြစ် အသိအမှတ်ပြုလက်မှတ်ပေးအပ်တဲ့အခါမှာ စာမေးပွဲဖြေဆိုတဲ့စနစ်ကို ကျင့်သုံးဖို့အစီအစဉ်ရှိ/မရှိဆိုတဲ့ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားသွားပါမယ်။ ဥပဒေဘွဲ့ရရှိတဲ့သူတစ်ယောက်က ၁၉၅၅

ခုနှစ် ရှေ့နေအဖြစ် ဝင်ခွင့်နည်းဥပဒေတွေနဲ့အညီ အလုပ်သင်ရှေ့နေအဖြစ် တစ်နှစ်သင်ကြားပြီးတဲ့ အခါမှာ အထက်တန်းရှေ့နေအဖြစ် စာရင်းသွင်းပေးဖို့ လျှောက်ထားနိုင်ပါတယ်။ အထက်တန်းရှေ့နေ အဖြစ် သုံးနှစ်လိုက်ပါဆောင်ရွက်ပြီးလို့ရှိရင် ၁၉၅၄ ခုနှစ် တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့် နည်းဥပဒေများ ၄ နှင့် ၅ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တရားလွှတ်တော်ရှေ့နေအဖြစ် လျှောက်ထားနိုင်ပါ တယ်။ ဥပဒေဘွဲ့မရရှိတဲ့သူဖြစ်လို့ရှိရင် မြန်မာနိုင်ငံမှာကျင်းပတဲ့ အထက်တန်းရှေ့နေစာမေးပွဲ အောင်မြင်ပြီးတဲ့နောက်မှာ စဉ်ဆက်မပြတ်အထက်တန်းရှေ့နေအဖြစ် လိုက်ပါခဲ့တဲ့ကာလ ခုနစ်နှစ် ပြည့်မြောက်လို့ရှိရင် ဗဟိုတရားရုံးရှေ့နေစာမေးပွဲ ဖြေဆိုနိုင်တဲ့အခွင့်အရေးရှိခဲ့ဖူးပါတယ်။ အောင်မြင်တဲ့အခါမှာလည်း တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့်နည်းဥပဒေပါ အရည်အချင်း သတ်မှတ်ချက်တွေနဲ့အညီ တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့်ပြုခဲ့ပါတယ်။ အဲဒီတုန်းကတော့ ရှေ့နေစာမေးပွဲတွေ ကြီးကြပ်ကျင်းပခြင်းလုပ်ငန်းကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က တာဝန်ယူ ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီအဖွဲ့က ၁၉၈၉ ခုနှစ်အထိ ရှေ့နေစာမေးပွဲတွေကို ကျင်းပပေးခဲ့ပါ တယ်။ ဟိုတုန်းကတော့ ကျွန်တော်တို့ ဥပဒေဘွဲ့ရတွေနည်းပါးပြီးတော့မှ ရှေ့နေအရေအတွက်နည်းပါး တဲ့အတွက် ဘွဲ့တစ်ခုခုရပြီးသူများ၊ အထက်တန်းရှေ့နေအဖြစ် ငါးနှစ်ဆောင်ရွက်ပေးသူများကို သင်တန်းကာလ နှစ်နှစ်သတ်မှတ်ပြီးတော့မှ အချိန်ပိုင်းသင်တန်းတက်ရောက်စေပြီး တရားလွှတ်တော် ရှေ့နေစာမေးပွဲကျင်းပပေးပါတယ်။ အဲဒီစာမေးပွဲအောင်မြင်ပြီးတဲ့သူကို တရားလွှတ်တော်ရှေ့နေအဖြစ် အသိအမှတ်ပြုပေးခဲ့ခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ အခုအခါမှာတော့ တက္ကသိုလ်အသီးသီးက ဥပဒေ ဘာသာရပ်တွေကို သင်ကြားခွင့်ရရှိနေတဲ့အတွက်ကြောင့်မို့လို့ (L.L.B)ဘွဲ့ရများကို နှစ်စဉ်အမြောက် အမြားမွေးထုတ်ပေးလျက်ရှိပါတယ်။ ၁၉၅၅ ခုနှစ် ရှေ့နေအဖြစ်ဝင်ခွင့်နည်းဥပဒေမှာ ဥပဒေဘွဲ့ရလို့ ရှိရင် အလုပ်သင်ရှေ့နေအဖြစ် တစ်နှစ်သင်ကြားပြီး အထက်တန်းရှေ့နေအဖြစ် စာရင်းသွင်းခွင့်ပြုရန် နှင့် အထက်တန်းရှေ့နေစဉ်ဆက်မပြတ် သုံးနှစ်လိုက်ပါဆောင်ရွက်ပြီးလို့ရှိရင် ၁၉၅၄ ခုနှစ် တရား လွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့်နည်းဥပဒေနှင့်အညီ တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့်ပြုရန် သတ်မှတ်ထားတဲ့အတွက်ကြောင့်မို့လို့ ဥပဒေဘွဲ့(L.L.B)လက်မှတ်ရရှိသူတွေကို ထပ်မံပြီးတော့မှ ၎င်းတို့ရဲ့ အရည်အချင်းကို စစ်ဆေးရန်မလိုတော့ဘဲနဲ့ အဆိုပါနည်းဥပဒေအရ ရှေ့နေအလုပ်သင် ကနေ အထက်တန်းရှေ့နေသို့လည်းကောင်း၊ အထက်တန်းရှေ့နေကနေ တရားလွှတ်တော်ရှေ့နေသို့ လည်းကောင်း အဆင့်ဆင့်အသိအမှတ်ပြုပေးနိုင်ခြင်းရှိကြောင်းနှင့် စာမေးပွဲဖြေဆိုတဲ့စနစ်ကိုတော့ ကျင့်သုံးရန် အစီအစဉ်မရှိကြောင်း ဖြေကြားအပ်ပါတယ်။

မူကြမ်း

နောက်တစ်ခုကတော့ ရှေ့နေလောကမှာ ဥပဒေမကျွမ်းကျင်ဘဲနဲ့ ရှေ့နေအဖြစ် အသက်မွေးဝမ်းကျောင်းပြုတဲ့အထက်တန်းရှေ့နေ၊ တရားလွှတ်တော်ရှေ့နေတွေကို တွေ့မြင်နေရကြောင်း တင်ပြချက်နဲ့စပ်လျဉ်းပြီးတော့မှ တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်လျှောက်တဲ့အခါမှာ အထက်တန်းရှေ့နေအဖြစ် စာရင်းတင်သွင်းပြီးတဲ့နေ့ကနေစပြီး သုံးနှစ်ကျော် စဉ်ဆက်မပြတ်အမှုလိုက်ပါဆောင်ရွက်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းကို လုပ်သက် ၁၀ နှစ်ပြည့်ပြီးတဲ့ တရားလွှတ်တော်ရှေ့နေနှစ်ဦးရဲ့ထောက်ခံစာနဲ့ပူးတွဲတင်ပြဖို့ ၁၉၅၄ ခုနှစ်၊ တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့်နည်းဥပဒေ ၅ နှင့်အညီ သတ်မှတ်ဆောင်ရွက်ထားပါတယ်။ ထို့အတူပဲ အထက်တန်းရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်လျှောက်ထားရာမှာလည်း ၁၉၅၅ ခုနှစ် ရှေ့နေအဖြစ် ဝင်ခွင့်နည်းဥပဒေ ၅ မှာ ရှေ့နေလိုက်ပါလျက်ရှိတဲ့ရှေ့နေလုပ်သက် ငါးနှစ်ထက်မနည်းရှိတဲ့ တရားလွှတ်တော်ရှေ့နေဖြစ်တဲ့ ဝါရင့်ရှေ့နေကြီး စီနီယာက ရှေ့နေအလုပ်သင်ကြားလိုသူ၊ ရှေ့နေအတွေ့အကြုံနုသေးသည့်ရှေ့နေဂျူနီယာတွေကို ပညာရပ်အတွေ့အကြုံဝေငှ သင်ကြားပေးနိုင်ကြောင်း တာဝန်သတ်မှတ်ပေးထားပါတယ်။ ဒါကြောင့်မို့လို့ ဒီနည်းဥပဒေများနှင့်အညီ အလုပ်သင်ရှေ့နေတွေ၊ အတွေ့အကြုံနုသေးတဲ့အထက်တန်းရှေ့နေတွေကို အမှုသည်တွေထံကနေ ညွှန်ကြားချက်ခံယူတာတွေ၊ လျှောက်လွှာ၊ အဆိုလွှာ၊ အဖြေလွှာ၊ ပြန်ကြားလွှာတွေ၊ Notice စာတွေ၊ စာချုပ်စာတမ်းရေးသားနည်းတွေ၊ သက်သေစစ်နည်းတွေ၊ လျှောက်လဲချက်ပေးနည်းတွေ၊ ဥပဒေလေ့လာဆည်းပူးနည်းတွေ၊ တရားသူကြီးတွေနဲ့ တစ်ဖက်ရှေ့နေတွေ၊ သက်သေတွေကို သိက္ခာရှိရှိတည်တည်ကြည်ကြည်ဆက်ဆံပုံ၊ ဆက်ဆံနည်းတွေနဲ့စပ်လျဉ်းပြီး အတွေ့အကြုံရင့်ကျက်ပြီး ပညာပြည့်ဝနေကြတဲ့ ဝါရင့်ရှေ့နေကြီးတွေက သင်ကြားပြသပေးမယ်ဆိုလို့ရှိရင်တော့ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့မှ အကျိုးပိုမိုဖြစ်ထွန်းနိုင်ဖွယ်ရှိကြောင်း ထပ်မံပြီးတော့မှ ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါသည်။]

မူကြမ်း

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ကြို့ပင်ကောက်မြို့နယ်၊ ကွဲသေကျေးရွာအုပ်စုဦ ကွဲသေကျေးလက်ကျန်းမာရေးဌာနခွဲအသစ် ဖွင့်လှစ်ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဌေးမင်းသိန်း(ကြို့ပင်ကောက်မဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဌေးမင်းသိန်းဖြစ်ပြီးတော့ ယနေ့အစည်းအဝေးမှာ ကျေးလက်ကျန်းမာရေးဌာနခွဲ အသစ်တစ်ခုတိုးချဲ့ဖွင့်လှစ်ပေးရန် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန အနေဖြင့် ကြို့ပင်ကောက်မြို့နယ်တွင် တိုက်နယ်ကျန်းမာရေးဌာနတစ်ခု၊ ကျေးလက်ကျန်းမာရေး ဌာနလေးခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၃ ခုနှင့် မိခင်နှင့်ကလေးကျန်းမာရေးဌာန ၁၁ ခုရှိပြီး ပြည်သူ့ကျန်းမာရေးဝန်ထမ်းအင်အား ၇၁ ဦးတို့ဖြင့် မြို့နယ်ရှိလူဦးရေစုစုပေါင်း ၁၁၈၄၈၄ ဦးတို့အား ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြို့နယ်လူထုသည် ကုန်သည်ပွဲစား၊ ဆန်စက်လုပ်ငန်း၊ လယ်ယာလုပ်ငန်းများနှင့် အများစုစီးပွားရေးကောင်းမွန်သူများ ရှိသကဲ့သို့ လက်လုပ်လက်စား၊ လယ်ယာမဲ့များလည်း ရှိကြပါတယ်။ ပြည်သူ့ဆေးရုံ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများသည် အခြေခံပြည်သူ များ၊ ဝန်ထမ်းမိသားစုများနှင့် တောင်သူလယ်သမားတို့ အားထားရာလည်းဖြစ်ပါတယ်။ ကျေးရွာပေါင်း

၂၈၆ ရွာရှိပြီးတော့မှ လူဦးရေနှင့်ဌာနမမျှ၍ ဆေးရုံ၊ ဆေးခန်းကိုမရောက်မီ သေဆုံးမှုများနှင့် ကူးစက်ရောဂါအစရှိသည့် မလိုလားအပ်သည့်ဖြစ်စဉ်များ ရေကြီးနစ်မြုပ်ဒေသ ချောင်းရိုးများပေါ်များ၍ မိုးတွင်းအခါသွားလာ၍ခက်ခဲခြင်းများ လက်ရှိ REC များနှင့် ဝေးကွာလွန်းခြင်းတို့ကြောင့် ဒေသတစ်ခုလုံး လွှမ်းခြုံကျန်းမာရေးစောင့်ရှောက်မှု မဆောင်ရွက်နိုင်သဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ကိုးခုကိုလည်း လျှောက်ထားခဲ့ပါတယ်။ ယနေ့မှာတော့ ကွဲ့သေအုပ်စု၊ ကွဲ့သေကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် တိုးချဲ့ဖွင့်လှစ်ခွင့်ပြုနိုင်ဖို့ လျှောက်ထားခြင်းဖြစ်ပါတယ်။ ဆေးခန်းဖွင့်လှစ်ခွင့်ရရှိပါက မြေနေရာ ၁.၇၇ ဧကကိုလည်း ဒေသခံပြည်သူများက စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ မြို့ကိုင်းကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ၃ မိုင်၊ အလယ်ကုန်းကျန်းမာရေးဌာနခွဲနှင့် ၅ မိုင်ကွာဝေးပြီး သွားလာရန်ခက်ခဲပါတယ်။ ၎င်းကွဲ့သေကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ခွင့်မရရှိပါက အုပ်စုအတွင်းရှိ ကျေးရွာပေါင်းခြောက်ရွာ၊ အိမ်ခြေ ၃၈၀ နှင့် လူဦးရေ ၂၆၀၀ ကျော်တို့အား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်မည်ဖြစ်ပါသဖြင့် ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးခွန်းမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမင်းသိန်းရဲ့ မေးခွန်းဖြစ်တဲ့ ကြို့ပင်ကောက်မြို့နယ်၊ ကွဲ့သေကျေးရွာအုပ်စု၊ ကွဲ့သေကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု ဖွင့်ပေးတဲ့ကိစ္စနဲ့ပတ်သက်ပြီး ဖြေကြားမှာဖြစ်ပါတယ်။

ကျွန်တော် တို့အနေနဲ့ ကြို့ပင်ကောက်မြို့နယ်ကို ပြန်ကြည့်တဲ့အခါမှာ ကျေးရွာပေါင်း ၂၇၁ ရွာ၊ အိမ်ခြေပေါင်း ၃၀၀၀၀ နီးပါး လူဦးရေပေါင်း ၁၂၀၀၀၀ နီးပါးရှိတာကိုတွေ့ရပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့ကတော့ Station Health Unit လို့ခေါ်ပါတယ်။ တိုက်နယ်ဆေးရုံနဲ့ ကျေးလက်ကျန်းမာရေးဌာနနှစ်ခုတွဲဖွင့်တာ တစ်ခုရှိတဲ့အပြင် ကျေးလက်ကျန်းမာရေးဌာန လေးခုရှိပါတယ်။

ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၃ ခုနှင့် မိခင်နှင့်ကလေးကျန်းမာရေးဌာနတစ်ခုဖွင့်ပြီးတော့ ပေးလျက်ရှိပါတယ်။ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ပိုမိုပီပြင်အောင် ကြို့ပင်ကောက်မြို့နယ်မှာ ဆောင်ရွက်နိုင်ဖို့အတွက် ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)က ၁၄ ဦး၊ သားဖွားဆရာမ ၄၀ ဦး၊ အမျိုးသမီးကျန်းမာရေးဆရာမခြောက်ဦး၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၁)တစ်ဦး၊ လက်ထောက်ကျန်းမာရေးမှူးနဲ့ကျန်းမာရေးမှူး စုစုပေါင်း ခုနစ်ဦးနဲ့လုပ်ဆောင်လျက်ရှိပါတယ်။ ကွဲသေကျေးရွာကို ပြန်လည်လေ့လာတဲ့အခါမှာ မြို့ကိုင်းကျေးလက်ကျန်းမာရေးဌာနနဲ့ ၃ မိုင်ဝေးပြီးတော့ သူ့အပေါ်မှာရှိတဲ့အလယ်ကုန်းကျေးလက်ကျန်းမာရေးဌာနနဲ့ကလည်း ၅ မိုင်ဝေးပြီးတော့ သွားလာရေးခက်ခဲတာကိုတွေ့ရပါတယ်။

ကျွန်တော့်အနေနဲ့ ပြန်ကြည့်တဲ့အခါမှာ ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု ဖွင့်ဖို့ဆိုလို့ရှိရင်အခြေခံမူအားလုံး (၆)ချက်ရှိပါတယ်။ ဒီ(၆)ချက်မှာ (၄)ချက်နဲ့လည်း ကိုက်ညီတာတွေ့ရပါတယ်။ ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း မြေဧက ၁.၇၇ ဧကကိုလည်း ရွာကလှူဒါန်းတာဖြစ်တဲ့အတွက် (၁၀၅)၊ (၁၀၆) ပုံစံကို လျှောက်ထားပါတယ်။ ဒီမှာ ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်မယ်ဆိုရင်တော့ ကျေးရွာခြောက်ရွာ၊ အိမ်ခြေ ၆၄၇ အိမ်၊ လူဦးရေ ၂၅၀၀ ကျော်ကိုလည်းကျွန်တော်တို့ ဝန်ဆောင်မှု ပေးနိုင်မှာဖြစ်ပါတယ်။ ထို့အပြင် အရေးကြီးဆုံးကတော့ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးကို ပြန်လည်မေးမြန်းပါတယ်။ မေးမြန်းတဲ့အခါမှာ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးကလည်း ဒီဟာဖွင့်လှစ်သင့်ကြောင်း ထောက်ခံတဲ့အတွက် ကျွန်တော်တို့က ဒါကို ပေးဖို့ရည်ရွယ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တစ်ခုတင်ပြချင်တာကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို တင်ပြချင်တာ။ ကျွန်တော်တို့အနေနဲ့ ကျေးလက်ကျန်းမာရေးဌာနနဲ့ ဌာနခွဲဖွင့်တဲ့ကိစ္စရပ်များကို အထူးဦးစားပေးတယ်။ တတ်နိုင်သမျှလည်း ကျွန်တော်တို့ပေးပါတယ်။ ဘာ့ကြောင့်လဲဆိုလို့ရှိရင် ဒီဟာတွေဖွင့်မှသာလျှင် တောနေလူများသည် ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုချက်ချင်းရမယ်။ ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုရမှသာလျှင် တော်တော်များများရောဂါမဖြစ်ရင်ဆေးရုံလာတဲ့လူနာတွေလျော့သွားမယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့က ဆေးရုံတိုးဖွင့်တာကိုသိပ်မလုပ်စေချင်ပါဘူး။ ဆေးရုံတိုးဖွင့်ခြင်းကို အောင်မြင်တဲ့လက္ခဏာလို့ ကျွန်တော်က မခေါ်ပါဘူး။ Tertiary Center ဆေးရုံမျိုးဖွင့်ရင်တော့ ဒါ အောင်မြင်နဲ့လက္ခဏာဖြစ်ပါတယ်။ အဲဒါကြောင့်ကျွန်တော်တို့အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးတောင်းတဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲကိုပေးမှာဖြစ်ပါတယ်။ ဒီနေရာမှာ တစ်ချက်ပဲရှိတာက ကျွန်တော်တို့ ဒီဟာတွေကို တင်တဲ့အခါမှာ ၂၀၁၉

ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက စာတစ်စောင်ရပါတယ်။ အဲဒီထဲမှာ ရေးထားတာတော့ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု အစီရင်ခံစာအပေါ်အခြေခံသော အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးမှသာလျှင် ဝန်ထမ်းဖွဲ့စည်းပုံတိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ ဝန်ထမ်းအသစ်ခန့်ခြင်းကို လုပ်ရမယ်လို့ပြောပါတယ်။ သို့သော်လည်း ဒီရက်ပိုင်းမှာ ပြန်ကျလာတာတွေ့ရပါတယ်။ ဒါကောင်းတဲ့လက္ခဏာပါ။ ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲ ၇၂ ခုကျပါတယ်။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ ဒီကိစ္စမှာတော့ ချက်ချင်းစပြီးတော့ Process လုပ်မှာပါ။ အမြန်ဆုံးရအောင် ကျွန်တော့်အနေနဲ့ ရအောင်လုပ်ပေးမှာဖြစ်တဲ့အပြင် မကြာခင်မှာလည်း သားဖွား ၈၃၉ ဦး မကြာခင်ခန့်မှာဖြစ်တဲ့အတွက် ကျေးလက်ကျန်းမာရေးဌာနခွဲမှာဆိုရင် သားဖွားဆရာမတစ်ဦးနှင့် ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)တစ်ဦးဖြစ်တဲ့အတွက် ဒါကိုတော့ ရနိုင်တဲ့အခြေအနေရှိပါတယ်။ ကျွန်တော့်အနေနဲ့ အစွမ်းကုန်ရအောင် လုပ်ဆောင်မည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**လစာခံစားခွင့်မရှိသေးသော ဝန်ထမ်းသစ်ဆရာဝန်များအားလုံးကို ဗဟိုဝန်ထမ်းတက္ကသိုလ် တက်စေခြင်းအစား အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးတာဝန်ယူမည့်သူများကိုသာ တက်ရောက်စေရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး(ကလေးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ဖြစ်ပါတယ်။ ကျွန်မမေးမြန်းလိုတဲ့မေးခွန်းကတော့ လစာခံစားခွင့်မရှိသေးတဲ့ ဝန်ထမ်းသစ်ဆရာဝန်များအားလုံးကို ဗဟိုဝန်ထမ်းတက္ကသိုလ်တက်စေခြင်းအစား အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးတာဝန်ယူမယ့်သူများကိုသာ တက်စေရန် အစီအစဉ်ရှိ/မရှိဆိုတဲ့အကြံပြုမေးခွန်းဖြစ်ပါတယ်။

မေးမြန်းရခြင်းအကြောင်းကတော့ အထက်မြန်မာပြည် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဇီးပင်ကြီး) ပါမောက္ခချုပ်ရဲ့သတင်းစာရှင်းလင်းပွဲမှာ သူတို့တက္ကသိုလ်ကိုတက်ရောက်နေကြတဲ့ သင်တန်းသားထဲမှာ ဆရာဝန်သစ်လွင်တွေဟာ စည်းကမ်းလိုက်နာမှုအားနည်းကြပြီး သင်တန်းပို့ချက်တွေကိုလည်း

စိတ်ဝင်စားမှုမရှိကြကြောင်း၊ ၎င်းတို့သင်တန်းတက်ရန်အတွက် နိုင်ငံတော်မှ ဘတ်ဂျက်များစွာကုန်ကျခံရကြောင်း၊ ပြောကြားချက်အပေါ် ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်မယ်လို့ယုံကြည်လို့ ဒီမေးခွန်းကို မေးရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဝန်ထမ်းဆရာဝန်သစ်လွင်အများစုဟာ ဆေးရုံကြီးတွေမှာ လက်ထောက်ဆရာဝန်တွေအဖြစ် လုပ်ငန်းကျွမ်းကျင်အောင် နှစ်နှစ်ခန့်တာဝန်ထမ်းဆောင်ရတယ်လို့ သိရပါတယ်။ အဲဒီလိုကာလမှာ ဗဟိုဝန်ထမ်းတက္ကသိုလ်က သင်ကြားချက်တွေဟာ အသုံးမဝင်ဘူးလို့ ယူဆကြလို့ ပါမောက္ခချုပ်သတင်းစာရှင်းလင်းပွဲမှာပြောသလိုမျိုးဖြစ်ကြတာလို့ မြင်ပါတယ်။ ဝန်ထမ်းဆရာဝန်အများစုရဲ့ရည်မှန်းချက်ကလည်း ဆေးကုသရန်နှင့်အထူးကုဖြစ်ရန်ဖြစ်နေတဲ့အတွက် သင်တန်းရဲ့ သင်ကြားပို့ချချက်တွေကို ပြန်လည်အသုံးချဖို့များများစားစားမရှိဘူးလို့ မြင်ပါတယ်။

ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနအနေနဲ့ ဆရာဝန် ၂၀၀၀ ဦးကျော်လိုအပ်ပြီး အလုပ်ခေါ်သော်လည်းပဲ ၁၀၀၀ ခန့်သာလျှောက်ကြတာတွေ့ရပါတယ်။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးက ၄၆ ဦး ပေးမအောင်ပေမဲ့ ပြန်လည်ညှိနှိုင်းပြီး အားလုံးလက်ခံတာကြားသိရပါတယ်။ လက်ရှိ ၁၀၀၀ ဦးကျော် လိုအပ်ချက်ရှိနေတာတွေ့ရပါတယ်။ ထိရောက်တဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ဖို့ နှစ်စဉ် ၅၀၀ ဦးမှ ၁၀၀၀ ဦးဝန်းကျင် ဆရာဝန်တွေကို အလုပ်ခန့်ဖို့လိုအပ်တယ်လို့သိရပါတယ်။ ဗဟိုဝန်ထမ်းတက္ကသိုလ်က သင်တန်းပေးနိုင်မယ့်အချိန်ကိုစောင့်ပြီး အလုပ်ခေါ်မယ်ဆိုရင် ဆရာဝန်လိုအပ်တဲ့ ဒေသတွေအတွက် များစွာနစ်နာနေတာဖြစ်ပါတယ်။ စဉ်ဆက်မပြတ်အလုပ်လုပ်နေရင်း ပညာသင်ချင်တဲ့ဆရာဝန်သစ်လွင်တွေအတွက်လည်း များစွာနစ်နာတာကိုထည့်သွင်းစဉ်းစားဖို့ လိုအပ်မယ်လို့ ထင်မြင်မိပါတယ်။ ဒါ့အပြင် ဝန်ထမ်းလစာခံစားခွင့်မရခင် သင်တန်းတက်ရတဲ့အတွက် စရိတ်စကအလွန်များပြီး မိသားစုအတွက် ဝန်ထုပ်ဝန်ပိုးလည်းဖြစ်စေပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဝန်ထမ်းဖြစ်ပြီးမှ ဝန်ထမ်းတက္ကသိုလ်တက်စေလိုပါတယ်။ အုပ်ချုပ်ရေးနဲ့စီမံခန့်ခွဲရေးတာဝန်ယူမယ့်ဆရာဝန်များအတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်ရဲ့ သင်ကြားပို့ချချက်တွေဟာ များစွာအသုံးဝင်တယ်လို့လည်း သိရပါတယ်။ ဒါတွေကြောင့် မြို့နယ်ကျန်းမာရေးဦးစီးမှူးဖြစ်ခါနီး ဆရာဝန်များနှင့် တခြားစီမံခန့်ခွဲမှုတာဝန်ယူရမယ့်ဝန်ထမ်းဖြစ်ပြီးသူ ဆရာဝန်များကိုသာ စိစစ်ရွေးချယ်ပြီး သင်တန်းတက်စေခြင်းဖြင့် နိုင်ငံတော်ရဲ့ဘတ်ဂျက်ကုန်ကျမှုသက်သာမယ်။ ဆရာဝန်များဘက်မှ စရိတ်စကသက်သာမယ်။ ဆရာဝန်လိုအပ်ချက်တွေကို အချိန်နှင့်တစ်ပြေးညီခန့်အပ်ဖြည့်ဆည်း

နိုင်မယ်။ လူနာတွေအတွက်လည်း အခုထက်ပိုပြီးထိရောက်ပြည့်စုံတဲ့ကုသခံယူခွင့်ရမယ်လို့ မြင်ပါတယ်။ သင်တန်းတက်ရမယ့်သူတွေကလည်း သင်တန်းဆင်းတာနဲ့ လက်တွေ့အသုံးချကြမှာဖြစ်တဲ့အတွက် စည်းကမ်းလိုက်နာမှု၊ သင်ကြားပို့ချချက်တွေကို စိတ်ဝင်စားမှုရှိလာမယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အထက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီးရဲ့မေးခွန်းဖြစ်တဲ့ လစာခံစားခွင့်မရှိသေးသော ဝန်ထမ်းသစ်ဆရာဝန်များအားလုံးကို ဗဟိုဝန်ထမ်းတက္ကသိုလ်တက်စေခြင်းအစား ဝန်ထမ်းဆရာဝန်ထဲမှာ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးတာဝန်ယူမည့်သူများကိုသာ တက်စေရန် အစီအစဉ်ရှိ/မရှိနဲ့ပတ်သက်လို့ ဖြေကြားမှာပါ။

ကျွန်တော့်ဖြေကြားချက်များဟာ ပြည်ထောင်စုရာထူးဝန်အဖွဲ့က တင်ပြချက်များနဲ့ ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ သုံးသပ်ချက်ပေါ်မူတည်ပြီး ဖြေကြားမှာဖြစ်ပါတယ်။ ပထမဆုံးတစ်ချက်အနေနဲ့ကတော့ ခုနက ကျွန်တော်နားထောင်လိုက်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးကပြောတယ်။ ဆရာဝန်တွေစိတ်ဝင်စားမှုမရှိဘူးဆိုတာ တကယ့်တကယ်ကတော့ စိတ်ဝင်စားမယ်ဆိုတာက သင်ကြားပုံနည်းစနစ်နဲ့ဆိုင်ပါတယ်။ ကျွန်တော်တို့လည်း အတန်းတွေအများကြီးတက်လာပါတယ်။ မရေတွက်နိုင်အောင် တက်ခဲ့တယ်။ သင်ကြားပုံနည်းစနစ်က အရေးကြီးပါတယ်။ စိတ်ဝင်စားအောင် Two Ways သင်ရမယ်။ ဆရာတစ်ယောက်ကလာပြီးတော့ တတွတ်တွတ်နဲ့ပြောပြီးပြီးသွားလို့ရှိရင်တော့မရပါဘူး။ အနည်းဆုံး မပြီးခင် ၁၀ မိနစ်လောက်မှာဖြတ်ပြီးတော့ နောက်ဆုံး ၁၀ မိနစ်မှာ မေးခွန်းအမေးအဖြေလုပ်ရပါတယ်။ ကျွန်တော်တို့မှာ ညွှန်ကြားချက်ထုတ်ထားပါတယ်။ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်ရော အကုန်လုံးပါ။ ၄၅ မိနစ်ပေးရင် အနည်းဆုံး ၃၈ မိနစ်မှာရပ် ခုနစ်မိနစ် သို့မဟုတ် ၁၀ မိနစ်လောက်ကို အမေးအဖြေလုပ်ဖို့ ကျွန်တော်တို့က လုပ်ထားပါတယ်။ သို့မှသာလျှင် ကျောင်းသားများက စိတ်ဝင်စားမှုရှိပြီးတော့ ပိုမိုတတ်မှာဖြစ်တယ်။ အဲဒီတော့

ဒီကိစ္စနဲ့ပတ်သက်ပြီးလည်း ပြည်ထောင်စုရာထူးဝန်အဖွဲ့နဲ့ အခုဆရာဝန်သစ်လွင် ၉၆၇ ယောက် ခေါ်ထားပါတယ်။ ဒီ ၉၆၇ ယောက်တက်တဲ့အခါမှာ ဆရာဝန်တွေစိတ်ဝင်စားမှုရှိအောင် ဘယ်လို သင်မလဲဆိုတာ ညှိနှိုင်းပြီးတော့ လုပ်ပေးပါမယ်။ ဒါမှသာလျှင် စိတ်ဝင်စားမှုရှိပါမယ်။ One Way ပဲသင်လို့ရှိရင် အမှန်အတိုင်းပြောရင် ကျွန်တော်တို့လည်း အရင်တုန်းက ဖောင်ကြီးတွေ ဘာတွေ တက်တုန်းက One Way ပဲဖြစ်နေတဲ့အခါကျတော့ ဒီလောက်ကြီး စိတ်ဝင်စားမှုမဖြစ်ပါဘူး။ Two Ways ဖြစ်မှသာလျှင် စိတ်ဝင်စားမှာပါ။ ဒါကတော့ ပထမတစ်ချက်ပါ။

အဲဒီတော့ ကျွန်တော့်အနေနဲ့ ပြောလိုတာကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အလုပ်ခန့်တဲ့အခါမှာ အဓိကက ပြည်သူ့ကျန်းမာရေးနှင့် အထူးသဖြင့် ဆေးရုံ(ကုသရေး)ပိုင်းကို အရင် ခန့်လိုက်ပါတယ်။ သို့သော်လည်း ဒီကုသရေးကိုခန့်သော်ငြားလည်း မကြာခင်ကာလမှာ တစ်နှစ်၊ နှစ်နှစ်လုပ်ပြီးရင် ဌာနတွင်းကူးပြောင်းမှုကိုလည်း ခွင့်ပြုထားတဲ့အပြင် လိုအပ်ရင်လိုအပ်သလို ဒီဆေးရုံ ကနေပြီးတော့ ပြည်သူ့ကျန်းမာရေးကိုလာတာရှိမယ်။ ဆေးသုတေသနဦးစီးသွားတာရှိမယ်။ အစား အသောက်နှင့်ဆေးဝါးသွားတာရှိမယ်။ တိုင်းရင်းဆေးကိုသွားတာရှိမယ်။ အားကစားကိုသွားတာ ရှိမယ်။ လူ့စွမ်းအင်းဖွံ့ဖြိုးမှုအရင်းအမြစ်ဌာနကို သွားတာတွေရှိပါတယ်။ ဆိုလိုတာက ကျွန်တော်တို့ ဆရာဝန်များသည် ဝင်တုန်းက ဝင်ပေါက်မှာ ဒီရာထူး၊ ဒီနေရာဝင်သော်လည်း သူ့ရဲ့သက်တမ်း တစ်လျှောက် ပင်စင်မယူခင်သက်တမ်းမှာ အမျိုးအမျိုးပြောင်းသွားလေ့ရှိပါတယ်။ အဲဒီတော့ ဒါတွေက အဲဒီလိုပြောင်းသွားတယ်ဆိုတာက ကျွန်တော် အရင်တင်ပြပါတယ်။ ဥပမာဆိုလို့ရှိရင် ဝင်လာတဲ့ ဆရာဝန်တွေက ဆေးရုံမှာနှစ်နှစ်လုပ်မယ်။ ပြီးရင် သူတို့က မြို့နယ်ဆရာဝန်ဖြစ်မယ်။ တိုက်နယ် ဆရာဝန်ဖြစ်မယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်ရုံးများမှာ လက်ထောက်ညွှန်ကြားရေးမှူး၊ ဒုတိယ ညွှန်ကြားရေးမှူး အစရှိသဖြင့် အကုန်ဖြစ်မယ်။ နောက် FDA တို့၊ ဆေးသုတေသန၊ တိုင်းရင်းဆေးတို့ သွားတဲ့အခါမှာ အုပ်ချုပ်ရေးနဲ့ စီမံခန့်ခွဲရေးလုပ်ငန်းများက လုံးဝလုပ်ရပါတယ်။ ဆိုလိုတာက ဖောင်ကြီးဝန်ထမ်းတက္ကသိုလ်မှာသင်တဲ့ဥစ္စာက အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးကိစ္စတွေကို သင်ကြားခြင်း ဖြစ်ပါတယ်။

ထို့အပြင် ဒီဆရာဝန်များဟာ မကြာခင်ကာလမှာ သူတို့ Master of Hospital Administration တက်ပြီးတော့ ဆေးရုံအုပ်ကြီးတွေဖြစ်မယ်။ ဆေးရုံအုပ်ဖြစ်မယ်။ ဒုတိယဆေးရုံအုပ်၊ လက်ထောက် ဆေးရုံအုပ်ဖြစ်မယ်။ ဒီလိုလုပ်တဲ့အခါမှာဆိုရင် ကျွန်တော်တို့က အုပ်ချုပ်ရေး၊ စီမံ

ခန့်ခွဲရေးက အလွန် လိုပါတယ်။ ဒါတွေကို ကျွန်တော်တို့က ဆရာဝန်တွေက မကျွမ်းကျင်တဲ့အတွက် နည်းနည်လေး ပြဿနာလေးတွေရှိတယ်။ ဘာလေးတွေရှိတယ်။ ဆိုလိုတာက အုပ်ချုပ်ရေးနဲ့ စီမံခန့်ခွဲရေးဆိုတာ ဝန်ထမ်းတိုင်းမှာ အလွန်အရေးကြီးတဲ့ကိစ္စဖြစ်တဲ့အတွက် ကျွန်တော် ဒီမှာတက်ခိုင်း ခြင်းဖြစ်ပါတယ်။ ဆိုလိုတာက ဆရာဝန်များဟာ အုပ်ချုပ်ရေးကိစ္စတွေ၊ စီမံခန့်ခွဲရေးကိစ္စတွေ၊ ရုံးလုပ်ငန်းတွေ၊ စာရင်းအင်းတွေ ဘယ်လိုထားသိုရမယ်။ အခြေခံကိစ္စတွေ၊ ဘဏ္ဍာရေးစည်းမျဉ်းတွေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေတွေကို ရာထူးဝန်အဖွဲ့မှာ ဒါတွေကရက်တိုသင်တန်းပေးပါတယ်။ ကျွန်တော်တို့ ဆရာဝန်တွေကို အထူးကိစ္စတစ်ရပ်အနေနဲ့ ရှစ်ပတ်ပဲပေးပါတယ်။ အခြားမှာဆိုရင် ၁၄ ပတ်တွေ ကြာပါတယ်။ ရှစ်မှာလည်း ခြောက်ပတ်သည် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ခုနကဟာတွေသင်ကြား တယ်။ ကျန်တဲ့နှစ်ပတ်မှာတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွေက သူတို့သိသင့်သိထိုက်တဲ့ အချက်အလက်တွေကို သင်ကြားခြင်းဖြစ်ပါတယ်။ ဆိုလိုတာက ဒီရှစ်ပတ်သည် အလွန်အကျိုးရှိပါ တယ်။ တက်နေစဉ်အချိန် မှာသာလျှင် Lecture room ထဲမှာထိုင်ပြီး ပင်ပန်းတယ်၊ ဘာညာ။ တကယ့်တကယ်တော့ နောက်ပိုင်းမှာ သူတို့ပြန်လည်စဉ်းစားလိုက်တဲ့အခါမှာ ဒီရှစ်ပတ်တက်ခြင်းသည် အများကြီးထိရောက် သွားပါတယ်။ ဆိုလိုတာက ဒီရှစ်ပတ်မှာသင်ကြားတာ “က” ကြီးသင်သော်ငြား လည်း သူ့အနေနဲ့ “ခ” ခွေး၊ “ဂ” ငယ်၊ “ဃ” ကြီး စဉ်းစားဖို့ပေါ်လာမယ်။ Critical Thinking၊ Analytical Thinking ဒါတွေအများကြီးပေါ်လာတဲ့အတွက် ဒီသင်တန်းကတော့ ကျွန်တော့်အနေနဲ့ Personally ကတော့ အကျိုးရှိတယ်လို့ထင်ပါတယ်။

ထို့အပြင် ဒီမှာ ICT နည်းပညာတွေ၊ Information စီမံခန့်ခွဲမှုတွေကိုလည်း သင်ကြားတယ်လို့ ရှိပါတယ် ဝန်ထမ်းတက္ကသိုလ်မှာသင်တဲ့ ခြောက်ပတ်မှာဘာတွေ သင်လဲလို့ ကျွန်တော် ယူကြည့်တယ်။ ကျွန်တော်တို့ နှစ်ပတ်မှာလည်း ပြန်ကြည့်ပါတယ်။ ထပ်ပြီးတော့။ အရင်လည်းကြည့်ဖူးပါတယ်။ ဒီဟာကို မဖြေခင်ယူကြည့်တဲ့အခါမှာ တော်တော်အကျိုးရှိတဲ့ကိစ္စဖြစ်တယ်ဆိုတာကို တွေ့ရပါတယ်။ ဆိုလိုတာက ဆရာဝန်များဟာ ဆေးကုသတဲ့ပညာတစ်ခုတည်း လုပ်လို့မရပါဘူး။ ခုနကပြောတဲ့ အကြောင်းအချက်များကိုလည်း အားလုံးလုပ်ရမယ်ဆိုတာ ကျွန်တော် ဒီနေရာက တင်ပြချင်ပါတယ်။ ဥပမာ- ပထမဆုံးဝင်တုန်းက ဆေးရုံမှာဝင်သော်ငြားလည်း မကြာခင်မှာ အဖွဲ့ခေါင်းဆောင် (Team Leader)ဖြစ်နိုင်တယ်။ Project Manager တွေဖြစ်နိုင်တယ်။ ကျွန်တော်တို့မှာ Project ပေါင်း ၄၂ ခုရှိပါတယ်။ ဒီ Project Manager တွေဖြစ်မယ်ဆိုရင် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးက မပါလို့

လုံးဝမရပါဘူး။ ကျွမ်းကျင်မှုပိုင်းဆိုင်ရာတစ်ခုတည်းနဲ့ လုပ်လို့မရပါဘူး။ အလားတူစွာပဲ ဆေးရုံမှာ လုံးဝလုပ်နေတဲ့ Clinician ပေါ့။ သူတို့ကလည်း သွေးကြောနဲ့နှလုံးစီမံချက်မန်နေဂျာ၊ ဆီးချိုစီမံချက် မန်နေဂျာ၊ အဆုတ်ရောဂါစီမံချက် မန်နေဂျာ၊ စိတ်ရောဂါစီမံချက်မန်နေဂျာ၊ အတက်ရောဂါစီမံချက် မန်နေဂျာတွေလုပ်မယ်ဆိုရင် ဒီကိစ္စတွေက အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးက မပါလို့လုံးဝမရပါဘူး။

အဲဒီတော့ အခု ကျွန်တော်တင်ပြချင်တာကတော့ ကျွန်တော်တို့ဆရာဝန်တွေက လွန်ခဲ့တဲ့ အနှစ် ၃၀၊ ၄၀ ကလုပ်ခဲ့တဲ့ ကျွန်တော်တို့ဆရာဝန်စပြီးလုပ်တဲ့အချိန်က အခြေအနေနဲ့ အခုအခြေအနေက လုံးဝ မတူပါဘူး။ ဟိုတုန်းက ဒါတွေမသိရင်ရသော်ငြားလည်း အခုခေတ်မှာတော့ ခုနကစီမံခန့်ခွဲရေးနဲ့ အုပ်ချုပ်ရေးကိစ္စရပ်များ အလွန်အရေးကြီးတယ်ဆိုတာကို ကျွန်တော်တင်ပြချင်ပါတယ်။ ဒါမှသာလျှင် ကျွန်တော်တို့ဆရာဝန်များက ပြည်သူများအပေါ် အလွန်အကျိုးရှိပြီးတော့ အရည်အသွေးပြည့်တဲ့ ဝန်ဆောင်မှုများကိုပေးနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ဒီမှာပြန်လည်ကြည့်တဲ့အခါမှာ ဝန်ထမ်းသစ် ဆရာဝန်များသည် သက်ဆိုင်ရာဌာန၏ ပင်မလုပ်ငန်းများအပြင် ဌာန၏အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး တာဝန်များကိုလည်း ဆောင်ရွက်ရပါတယ်။ ပါမောက္ခဖြစ်သွားမယ်။ Associate Professor၊ Lecturer ဖြစ်သွားမယ်ဆိုရင် ဒါတွေကအကုန်ပါလာပါပြီ။ ဆေးကုတာလေးတစ်ခုတည်းနဲ့မရပါဘူး။ အဲဒါကြောင့် ဗဟိုဝန်ထမ်းတက္ကသိုလ်တွင် အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးဘာသာရပ်များကို ကနဦးသင်ယူလေ့လာ ပြီးမှ ရာထူးတာဝန်ပေးအပ်ခြင်းအားဖြင့် ကျရာတာဝန်ဌာန၏ အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကို ထမ်းဆောင်ရာတွင် လွယ်ကူအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်သူများအတွက် အကြုံးဝင်တဲ့သင်တန်းဖြစ်ပါတယ်။

နောက်တစ်ချက်က ပြည်ထောင်စုရာထူးဝင်အနေနဲ့လည်း သူတို့က ဥပဒေအရ လုပ်ခြင်း ဖြစ်ပါတယ်။ ကျွန်တော်တင်ပြပါမယ်။ ပြည်ထောင်စုရာထူးဝင်အဖွဲ့အနေဖြင့် လက်ထောက်ဆရာဝန် ရာထူးနေရာများအပါအဝင် ပြန်တမ်းဝင်အရာရှိအဆင့် စတင်ဝင်ပေါက်လစ်လပ်ရာထူးနေရာများ ရွေးချယ်လေ့ကျင့်ရေးအတွက် အောက်ပါအတိုင်းဆောင်ရွက်ခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးတဲ့ ဆရာဝန်များသည် ဗဟိုဝန်ထမ်းတက္ကသိုလ်တက်ရောက်ခြင်းကိစ္စမှာ ပြည်ထောင်စုရာထူးဝန် အဖွဲ့ နည်းဥပဒေများ နည်းဥပဒေ ၇ နည်းဥပဒေခွဲ(က)၊ နိုင်ငံဝန်ထမ်းဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(က)နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ နည်းဥပဒေ ၁၄ နည်းဥပဒေခွဲ(က)နှင့်(ခ)တို့ပါ ပြည်ထောင်စုရာထူးဝန် အဖွဲ့သည် ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအသီးသီးတွင် လစ်လပ်လျက်ရှိသော ပြန်တမ်းဝင်အရာရှိ

အဆင့်စတင် ရာထူးအတွက် ရွေးချယ်ပေးရမည်လို့ ပါပါတယ်။ ဒီပြဋ္ဌာန်းချက်များအရ ရွေးချယ်ရေး လုပ်ငန်းစဉ်များကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျရွေးချယ်ခြင်းသာ ဖြစ်ပါတယ်။

ထို့အပြင် လေ့ကျင့်ရေးကဏ္ဍအပိုင်းအနေနဲ့လည်း ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် နည်းဥပဒေများ နည်းဥပဒေ ၄၈ တွင် သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းသည် အထူးကိစ္စရပ်အနေဖြင့် အဖွဲ့ကတိုက်ရိုက်ရွေးချယ်သော ဝန်ထမ်းလောင်းများအား အရာထမ်းလောင်းအခြေခံသင်တန်းကို တက်ရောက်နိုင်စေရန် အဖွဲ့နှင့်ညှိနှိုင်းဆောင်ရွက်ရမည်ဟုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၃၅ တို့တွင် ရာထူးဝန်အဖွဲ့က သတ်မှတ်တာဝန်ပေးထားသောအဖွဲ့အစည်းများနှင့် ဗဟိုဝန်ထမ်း တက္ကသိုလ်သည် ဝန်ထမ်းများနှင့်ဝန်ထမ်းလောင်းများအား အခြေခံသင်တန်းများပေးခြင်း၊ ဝန်ထမ်း များအတွက် ရာထူးဝန်အဖွဲ့ကသတ်မှတ်ထားသည့် မွမ်းမံသင်တန်းများပေးခြင်း၊ ဆွေးနွေးပွဲများ ကျင်းပရေးတို့ကိုလည်းကောင်း၊ ဝန်ထမ်းလေ့ကျင့်ရေးဆိုင်ရာပညာရပ်ကို သုတေသနပြုခြင်းကို လည်းကောင်း၊ ရာထူးဝန်အဖွဲ့၏ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်ဟူ၍လည်းကောင်း တိကျစွာ ပြဋ္ဌာန်း ထားရှိတဲ့အပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ရွေးချယ်ခြင်းဖြစ်ပါတယ်။ ထို့ကြောင့် ကျွန်တော့် အနေနဲ့က ဒီအရာထမ်းလောင်းများအား အလုပ်သင်ဝန်ထမ်း(Induction Training Course)ကို တက်ရောက်နိုင်ရန်စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ကတော့ ကျွန်တော့်အနေနဲ့တင်ပြချင်တာကတော့ လစာခံစားခွင့်မရှိသေးတဲ့ ဝန်ထမ်းသစ်ဆရာဝန်များအားလုံးကို ဗဟိုဝန်ထမ်းတက္ကသိုလ်တက်စေခြင်းအစား ဝန်ထမ်းဆရာဝန် ထဲမှ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးတာဝန်ယူမည့်သူများကိုသာ တက်စေရန်စီစဉ်ဆောင်ရွက်မည် ဆိုပါက ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့်ညီညွတ်မှုမရှိကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်ရှိ အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံအား ခုတင်(၁၀၀)ဆံ့အမျိုးသမီးဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းမြင့်(ဗဟန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဗဟန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ် ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်ရှိ အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံအား ခုတင် ၁၀၀ ဆံ့အမျိုးသမီးဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်၍ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ ဒါကတော့ မူလဆေးရုံအဆောက်အဦကို ရှေးပုံစံမပျက် ပြုပြင်တည်ဆောက်ခဲ့တဲ့ ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံရဲ့ရှေ့မျက်နှာစာပုံပဲဖြစ်ပါတယ်။ ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံရဲ့ ရှေ့ဝဲ/ယာနှင့် အတွင်းပိုင်းပုံပဲ ဖြစ်ပါတယ်။ ဒါကတော့ နေ့စဉ်များပြားစွာလာရောက်ပြသနေတဲ့ ကိုယ်ဝန်ဆောင်မိခင်များပဲ ဖြစ်ပါတယ်။ ဒါကတော့ နေ့စဉ်နှင့်အမျှ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးသူငယ်များကို လာရောက်ပြသတဲ့ပုံဖြစ်သလို ကျန်းမာရေးဝန်ထမ်းများကလည်း ပြုစုစောင့်ရှောက်ပေးနေတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ ၂၀၁၈ ခုနှစ်မှာ ကိုယ်ဝန်ဆောင်မိခင်များအနေနဲ့ ပြင်ပလူနာအဖြစ်လာရောက်ပြသတာ ၁၂၀၀၀ ကျော်ရှိတယ်ဆိုတာကို ပြသထားတဲ့ဇယားပဲ ဖြစ်ပါတယ်။ ဒါကတော့ ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံရဲ့အကျယ်အဝန်းပြမြေပုံ ဖြစ်ပါတယ်။ ၃.၂၈၂ ဧကတည်ရှိပါတယ်။ မြေပုံများလည်း တည်ရှိနေဆဲပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံသည် အမှတ်(၃၂)၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်တွင် တည်ရှိပြီး အကျယ်အဝန်းအားဖြင့် ၃.၂၈၂ ဧက ကျယ်ဝန်းပါတယ်။ ယခင်က တာဝါလေးအမျိုးသမီးဆေးရုံအမည်တွင်ခဲ့ပြီး ယင်းအဆောက်အဦကို ၁၉၃၃ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် အုတ်မြစ်ချတည်ဆောက်ခဲ့ပါတယ်။ ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် အမျိုးသမီးနှင့်ကလေးများ စောင့်ရှောက်ရေးအဖွဲ့သို့

လွှဲပြောင်းပေးအပ်ခဲ့ပြီး ဒေါ်ခင်ကြည်သားဖွားဆေးရုံဟု အမည်ပြောင်းလဲအသုံးပြုခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီး ဒေါ်ခင်ကြည်မှ ဥက္ကဋ္ဌအဖြစ်တာဝန်ယူဆောင်ရွက်ပြီး အဖွဲ့ဝင် ၁၃ ဦးဖြင့် စီမံခန့်ခွဲခဲ့ပါတယ်။ ၁၉၅၃ ခုနှစ်တွင် ကျန်းမာရေးဦးစီးဌာနလက်အောက်သို့ထားရှိပြီး နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် အကုန်အကျခံကာ တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ ၁၉၉၂ ခုနှစ်တွင် ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံအမည်အစား ဗဟန်းအမျိုးသမီးဆေးရုံအမည်သို့ပြောင်းလဲပြီး ခုတင် ၅၀ ဆံ့ဆေးရုံအဖြစ်ဖွဲ့စည်းခဲ့ပါတယ်။ ဒီနောက်ပိုင်း ယင်းဆေးရုံမှာ တစစယိုယွင်းပျက်စီးပြီး မွေးလူနာမရှိသလောက်ဖြစ်ခဲ့ရပါတယ်။ ၂၀၁၆ ခုနှစ် မေလတွင် တရုတ်-မြန်မာချစ်ကြည်ရေးတိုးမြှင့်ဆောင်ရွက်ချက်အရ အကြီးစားပြန်လည်ပြုပြင်ခဲ့ပါတယ်။ သက်တမ်း ၈၄ နှစ်ရှိပြီဖြစ်သော မူလဆေးရုံအဆောက်အဦကို ရှေးပုံစံမပျက်ပြုပြင်တည်ဆောက်ခဲ့ပြီး ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် တရုတ်-မြန်မာချစ်ကြည်ရေးပုံရိပ်အဖြစ် ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံကို ဖွင့်လှစ်ပေးခဲ့ပါတယ်။ ယခုအခါ အတွင်းလူနာ ၄၀ ဦးအားကုသပေးလျက်ရှိပြီး အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် ကိုယ်ဝန်ဆောင်မိခင်များကို စောင့်ရှောက်ကုသပေးလျက်ရှိပါတယ်။ ယခုအခါ ကိုယ်ဝန်ဆောင်မိခင်များစောင့်ရှောက်ကုသမှုမှာ တစ်နေ့တခြား တိုးတက်များပြားလျက်ရှိပြီး တစ်နေ့လျှင် ပျမ်းမျှ ၁၅၀ ဦးခန့် လာရောက်ပြသလျက်ရှိနေတာကို တွေ့ရှိရပါတယ်။ ကျွန်တော့် Power Point တွင် တင်ပြခဲ့သလိုပဲ ၂၀၁၈ ခုနှစ်အတွင်း ကိုယ်ဝန်ဆောင်မိခင် ၁၂၀၀၀ ကျော် စောင့်ရှောက်ကုသပေးခဲ့ရပါတယ်။ ရိုးရိုးမွေးဖွားခြင်းနှင့် အရေးပေါ်ခွဲစိတ်ကုသခြင်းများကို ၂၄ နာရီ ပိတ်ရက်မရှိ လက်ခံကုသပေးလျက်ရှိပါတယ်။ ထို့ကြောင့် ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံသည် ကိုယ်ဝန်ဆောင်မိခင်များ၏အားကိုးအားထားပြုရာနေရာတစ်ခုဖြစ်လာနေပါတယ်။ ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အရှိန်အဟုန်ဖြင့်အင်ပြည့်အားပြည့်ဆောင်ရွက်နိုင်ရန် ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံအား ခုတင် ၁၀၀ ဆံ့ဆေးရုံအဖြစ်သို့ တိုးမြှင့်ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင်များကိုယ်စားမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါ တယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)။** ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်ရဲ့မေးခွန်းဖြစ်တဲ့ ဒေါ်ခင်ကြည်ဆေးရုံအား ခုတင် ၁၀၀ ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ်နှင့်ပတ်သက်ပြီး ကျွန်တော်ဖြေကြားမှာဖြစ်ပါတယ်။ ဒီဆေးရုံကြီးကတော့ တရုတ်-မြန်မာ ချစ်ကြည်ရေးစီမံကိန်းအရ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဆောင်ရွက်တဲ့အခါမှာလည်း ရေရှည်ကို ကြည့်ပြီးတော့ သေသေချာချာတည်ဆောက်ပါတယ်။ ပြင်ပလူနာဌာန၊ ခွဲစိတ်ခန်းနှစ်ခု၊ သားဖွားခန်း၊ မွေးကင်းစကလေးပြုစုစောင့်ရှောက်ခန်း၊ အထူးကြပ်မတ်ကုသခန်း၊ ဓာတ်ခွဲခန်းစသည်တို့ကို ထည့်သွင်းမွမ်းမံပြီးတော့ ပထမဦးဆုံးအတွင်းလူနာ ၄၀ ဦးကို တက်ရောက်ဖို့အတွက်ကို နှစ်ထပ် ဆောင်အသစ် ဆောက်ပါတယ်။ ရေရှည်ကိုကြည့်ပြီးတော့ အဆင့်မြင့်ဆောက်ပါတယ်။ ဆောက်တဲ့အခါ ကျတော့ ကျွန်တော့်အနေနဲ့ ဒီမှာပြန်ကြည့်တဲ့အခါမှာ အရင်တုန်းက ပထမဦးဆုံး တစ်ချက်ပြောချင် တာက ဒီဆေးရုံရဲ့တည်နေရာဟာ အလွန်အဓိကကျတဲ့နေရာပေါ့။ အရမ်းအရေးကြီးပါတယ်။ သူရဲ့ ဝန်ဆောင်မှုပေးနိုင်တဲ့ Population၊ ကျွန်တော်တို့ကျန်းမာရေးမှာတော့ Catchment Population လို့ခေါ်ပါတယ်။ အလွန်ကျယ်ပြန့်တဲ့ဆေးရုံတစ်ရုံဖြစ်တယ်။ ဒီဒေါ်ခင်ကြည်ဆေးရုံကြီးမှာကောင်းရင် ဗဟိုအမျိုးသမီးဆေးရုံကို သွားတဲ့လူနာနည်းသွားမယ်။ တောင်ဥက္ကလာသွားတဲ့လူနာ နည်းသွားတဲ့ အပြင် ပြင်ပသားဖွားခန်းမှာလည်း မွေးတဲ့လူနာနည်းသွားရင် ကျွန်တော်တို့ ပြည်သူတွေဟာ အခမဲ့ လာကုလို့ရတဲ့ နေရာဖြစ်မယ်ဆိုတာ ကျွန်တော်လည်းသိပါတယ်။ သိတဲ့အခါမှာ ပြန်ကြည့်တဲ့အခါမှာ ဒီဆေးရုံကို ပေးသင့်/မပေးသင့်ဆိုတဲ့ အချက်တွေကို ကျွန်တော်စဉ်းစားပါတယ်။ တောင်းတိုင်း၊ တောင်းတိုင်းတော့ ကျွန်တော်ပေးလို့မရပါဘူး။ တကယ်ပေးသင့်လားဆိုတာကို ကျွန်တော်ကြည့်တဲ့ အခါမှာ ဆေးရုံခုတင် အသုံးချမှုကတော့ ၅၈ ရာခိုင်နှုန်းပဲရှိပါသေးတယ်။ ၁၀၀ ရာခိုင်နှုန်းမပြည့်သေး ပါဘူး။ သို့သော် ဒီမှာ အတွင်းလူနာမှာဆိုရင် အဆ ၂၀၀ လောက်တက်လာပါ တယ်။ ၂၀၁၈ ခုနှစ်မှာ။ အရင်တုန်းက ၁၀ ယောက်၊ ၄၀ ဦး၊ ၅၀ ဦး၊ ၆၀ ဦးရှိတဲ့နေရာမှာ ၂၀၁၈ ခုနှစ်မှာ ၂၆၈၀ တက်လာတာ တွေ့ရပါတယ်။ ပြင်ပလူနာလည်း ၁၇၀၀၀ ကျော်လောက်တက်လာတာ တွေ့ရပါတယ်။ ထို့အပြင် ကျွန်တော်အသေးစိတ်ပြန်လည်လေ့လာတဲ့ အခါမှာလည်း ဒီဆေးရုံကြီးအနေနဲ့ ၂၀၁၈ ခုနှစ် တစ်နှစ် တည်းမှာတင် ကလေး၊ ကိုယ်ဝန်ဆောင် ဗိုက်လာပြတဲ့ဟာတွေက ၁၂၃၀၀ ကျော် လာပြပါတယ်။ မွေးဖို့ တင်လိုက်တဲ့လူနာ ၂၆၈၀ ဦး။ သာမန်မွေးဖွားတာက ၉၉၅ ယောက်၊ ခွဲပြီးတော့မွေးတာက ၃၇၀

ယောက် စုစုပေါင်း ၁၃၂၅ ဦးလာမွေးတာတွေ့ရပါတယ်။ ထို့အပြင် ထူးခြားတာက ဒီဆေးရုံမှာ လာမွေးတဲ့အမျိုးသမီးများ သည် ဗဟန်းမြို့နယ်တင်မကပါဘူး။ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဧရာဝတီ တိုင်းဒေသကြီး၊ သထုံ၊ ဘားအံကအစ သတင်းကြားပြီး လာမွေးတယ်။ ဒီဆေးရုံကြီးကို သုံးခေါက်ရောက်ပါတယ်။ နှစ်ခေါက်ကတော့ ရှောင်တခင် ဘာမှမပြောဘဲနဲ့ဝင်ကြည့်တာ။ ဝန်ဆောင်မှုပေးတာ အလွန်ကောင်းပါတယ်။ သေသပ်တယ်။ သပ်ရပ်တယ်။ သန့်ရှင်းတယ်။ အားလုံးသွားတက်တယ်။ ကျွန်တော်အနေနဲ့ ဂုဏ်လည်းယူပါတယ်။ သို့သော်လည်း ဒီနေရာမှာ ချက်ချင်းပေါ့ တိုးပေးလို့မရသေးပါဘူး။ ကျွန်တော်တို့က Monitor လုပ်နေပါမယ်။ တက်ရင်တက်လာသလို တိုးပေးဖို့ရှိပါတယ်။ ဒီကိစ္စနှင့် ပတ်သက်ပြီးတော့ တရုတ်သံရုံးကနေကပြီးတော့ သူတို့ဆက်ပြီး အကူအညီပေးမယ်။ ထပ်ဆောက်ပေးဖို့လည်း ကျွန်တော်တို့ညှိထားပါတယ်။ အဲဒီတော့ ကျွန်တော် ဒါတွေရရင် အကုန်တိုးပေးမယ်ဖြစ်ပါတယ်။

နောက်တစ်ချက်က ဒီမှာလည်း ကျွန်တော်တို့က ဒီလိုဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဘယ်လောက်အထိလုပ်ပေးလဲဆိုလို့ရှိရင် ဆေးရုံအုပ်ကိုလည်း တွဲဖက်ပါမောက္ခသားဖွားမီးယပ် အထူးကုတစ်ယောက်ချတဲ့အပြင် အထူးကုဆရာဝန်လေးဦးထပ်ချပေးပါတယ်။ မေ့ဆေးအထူးကု တစ်ယောက်၊ ကလေးအထူးကုတစ်ယောက်၊ သားဖွားမီးယပ်အထူးကုနှစ်ယောက်။ ထို့အပြင် အထက်တန်းသူနာပြုကလည်း ၁၀ ဦး၊ သူနာပြု ၁၄ ဦး အားဖြည့်ထားတယ်။ အားဖြည့်တဲ့အပြင် သားဖွားဆရာမ သူ့မှာ Sanction မရှိသော်ငြားလည်း သားဖွားဆရာမလေးဦးပါ တွဲဖက်ပြီးတော့ တာဝန်ချထားပေးပါတယ်။ ဆိုလိုတာက ဒီဆေးရုံမှာ ရှိသင့်တဲ့ဝန်ထမ်းက ၈၁ ဦးအထဲမှ ၅၈ ဦးရှိပါတယ်။ ဒီ ၅၈ ဦးမှာလည်း အဓိကဖြစ်တဲ့ သူနာပြု၊ သားဖွားဆရာဝန်တွေများတဲ့အတွက် အလွန်ကောင်းတဲ့လက္ခဏာဖြစ်ပါတယ်။ အဲဒီတော့ အဓိကကျွန်တော်တင်ပြချင်တာက ထို့အပြင် ဒီဆေးရုံမှာလုပ်တဲ့ ဝန်ထမ်းတွေ အဆင်ပြေအောင်၊ ပျော်အောင်။ သူတို့ပျော်မှပဲ လူနာကို ဝန်ဆောင်မှုက ကောင်းမယ်။ ဝန်ထမ်းမပျော်ရင် လူနာဝန်ဆောင်မှုမကောင်းတဲ့အတွက် ၂၀၁၈-၂၀၁၉ ဘတ်ဂျက်မှာ ခြောက်ခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာတစ်လုံးတည်ဆောက်နေပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာလည်း လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာတစ်ခုဆောက်ဖို့ ဘတ်ဂျက်လျာထားပါတယ်။ ဆိုလိုတာက ဒီကိစ္စတစ်ရပ်လုံးကိုတော့ ကျွန်တော့်အနေနဲ့ Closely Monitoring လုပ်တာပေါ့လေ။ သေချာလေ့လာသုံးသပ်ပြီးတော့ လိုအပ်ရင်လိုအပ်သလို ဆောင်ရွက်ပေးမည်ဖြစ်ပါတယ်။ ဖြစ်နိုင်တာကတော့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာဖြစ်နိုင်ပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ကတော့ ဘတ်ဂျက်ကလည်း

လျာထားပြီးတော့ မဖြစ်ဘူး။ လူနာလည်းတက်လာတယ်ဆိုရင်တော့ ဒါကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေး နှစ်မှာတော့ ခုတင် ၁၀၀ ဆံ့ကို ပေးမယ်။ ခုတင် ၁၀၀ ပေးခြင်းအားဖြင့် ကျွန်တော်အခုနက တင်ပြ သလို ဥက္ကဋ္ဌကြီးခင်ဗျား။ ဗဟိုအမျိုးသမီးဆေးရုံနှင့် တောင်ဥက္ကလာပဆေးရုံတွေကို မွေးလူနာနည်းတဲ့ အပြင် ပြင်ပဆေးခန်း၊ သားဖွားခန်းမှာလည်း သွားပြီးမပြရတဲ့အတွက် ကျွန်တော်တို့ ပြည်သူများက အခမဲ့ကုသမှုကို ခံယူနိုင်ကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဝိုင်းမော်မြို့နယ်ရှိ ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံကို ခုတင် ၅၀ ဆံ့ စံကိုက်ဖွဲ့စည်းပုံသို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးလဂန်ဇယ်ဂျုံး(ဝိုင်းမော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များ၊ လွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဝိုင်းမော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံး ဖြစ်ပါတယ်။ ယနေ့ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ကျွန်တော်တို့ ဝိုင်းမော်မြို့နယ်မှာရှိတဲ့ ၂၅ ခုတင်ဆံ့ပြည်သူ့ဆေးရုံကို ခုတင် ၅၀ အဖြစ်သို့ တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါ သော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဝိုင်းမော်မြို့နယ်က လူဦးရေတစ်သိန်းကျော် နှစ်သိန်း ခန့်နေထိုင်သော မြို့နယ်ဖြစ်ပါတယ်။ ယခင် ၂၀၁၆ ခုနှစ်တုန်းက ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ မြို့နယ်ဆေးရုံကြီးကို ခုတင် ၅၀ အဖြစ် အဆင့်တိုးမြှင့်ပေးရန် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့ဖူးပါတယ်။ ထိုစဉ်က သက်ဆိုင်ရာဌာနအနေနဲ့ ခုတင် ၅၀ တိုးမည်ဆိုပါက လိုအပ်တဲ့အဆောက်အဦများ၊ ခုတင် အသုံးချမှုများ လိုအပ်တဲ့အကြောင်းကို ရှင်းလင်းဖြေကြားခဲ့တာရှိသလို လက်ရှိမှာတော့ အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်မှာ အဆောက်အဦလျာထားမယ်ဆိုပြီးဖြေတဲ့အတိုင်း ယခုလက်ရှိအခြေအနေမှာတော့ အဆောက်အဦကို ဆောက်လုပ်ပေးနေပြီ ဖြစ်ပါတယ်။ ခုတင်အသုံးချမှုဆိုတဲ့နေရာမှာတော့ လူဦးရေ အနည်းအများနဲ့ တိုက်ရိုက်တိုက်ဆိုင်မှု သိပ်မရှိသော်ငြားလည်းပဲ ဒီဆေးရုံမှာတာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေရဲ့စွမ်းဆောင်ရည်အပေါ်မှာလည်း အနည်းအကျဉ်းတော့ သက်ဆိုင်နေတာကို တွေ့ရတာ ဖြစ်ပါတယ်။ ယခင်တုန်းက ကျွန်တော်တို့မြို့နယ်ထဲက လူနာတွေ၊ ပြည်သူတွေဖျားရင် မြစ်ကြီးနားဘက်

ပြည်သူ့ဆေးရုံကြီးကိုသွားပြီး ဆေးကုသမှုကို ခံယူရတာဖြစ်ပါတယ်။ မွေးဖွားတာကအစ ခွေးကိုက်တာကအဆုံး ခေါင်းပေါက်တာအပါ အကုန်လုံး မြစ်ကြီးနားဆေးရုံကြီးကိုပဲသွားပြီးမှ ဆေးထိုးနှံရပါတယ်။ ကုသမှုကိုခံယူရတာဖြစ်ပါတယ်။ ယခုအချိန်မှာတော့ ကျွန်တော်တို့မြို့နယ်မှာ အမှန်တကယ် လူမျိုး၊ ဘာသာ မခွဲခြားဘဲနဲ့ စေတနာထားပြီး ကုသပေးတဲ့ဝန်ထမ်းတွေကို ခန့်ထားပေးတဲ့အတွက်လည်းပဲ အများကြီး ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ကို ကျွန်တော်တို့မြို့နယ်လက်ရှိအခြေအနေကို သိရှိနိုင်ရန် အတွက် Power Point သုံးစွဲခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ယခုမြင်တွေ့ရတဲ့ပုံကတော့ ကျွန်တော်တို့ ဝိုင်းမော်ပြည်သူ့ဆေးရုံကြီးရဲ့အဝင်စကြံဖြစ်ပါတယ်။ ညာဘက်မှာတော့ အမျိုးသား လူနာကုသဆောင်ဖြစ်ပြီး ဘယ်ဘက်မှာတော့ အမျိုးသမီးလူနာကုသဆောင်နဲ့ မွေးခန်းကုသဆောင်၊ ကလေးကုသဆောင် ဖြစ်ပါတယ်။ ဒါကတော့ အမျိုးသားကုသဆောင်အခန်းတွေမှာလည်း ခုတင်အပြည့်အသုံးပြုပြီး လူသွား(Corridor)စင်္ကြံအပေါ်မှာလည်း ခုတင်ထိုးပြီးမှကုသနေတဲ့ အမျိုးသားဆောင်ဖြစ်ပါတယ်။ ဒါကတော့ အမျိုးသမီးကုသဆောင်ဖြစ်ပါတယ်။ အခန်းမှာလည်း လူအပြည့်ရှိတယ်။ လူသွားလူလာလမ်းမှာလည်းပဲ ခုတင်ထားပြီးမှ ကုသခံနေကြတဲ့ ပြည်သူတွေပဲဖြစ်ပါတယ်။ ဒါကတော့ မွေးလူနာအခန်းဖြစ်ပါတယ်။ ဒါကတော့ အမျိုးသမီးဆောင်ရော၊ အမျိုးသားဆောင်ရော အပြင်မှာ ကုသခံနေကြတဲ့ပုံ ပေါင်းပြထားခြင်းဖြစ်ပါတယ်။ ဒီအဆောင်လေးကတော့ အဆုတ်တီဘီဆေးပေးဂိတ် ကုသခံတဲ့ ယခင်တုန်းက Methadone တိုက်ကျွေးတဲ့အဆောင် ဖြစ်ပါတယ်။ အခု ဒီ Slide မှာပါတာကျတော့ အပေါ်ကတော့ ကျွန်တော် စောစောကတင်ပြခဲ့တဲ့ ဆေးရုံအဆောင်ကြီးကို မကြာခင်ပြီးတော့မှာ။ အခုလက်ရှိအခြေအနေ ဆောက်လုပ်ထားတဲ့ပုံဖြစ်သလို အောက်ကတော့ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာ အခုလက်ရှိ ဆောက်နေတဲ့အခြေအနေကို ဖော်ပြခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြို့နယ်ရဲ့ ဆေးရုံအခြေအနေ လက်ရှိအသုံးပြုမှုအခြေအနေနဲ့ ပြည်သူများလာရောက်ကုသခံရတဲ့အခြေအနေကို Power Point မှာ တင်ပြပြီးဖြစ်ပါတယ်။ အဲဒါကြောင့် မဲဆန္ဒရှင်ပြည်သူတွေ ကိုယ့်မြို့နယ်ကလွဲပြီး တခြားမြို့နယ်တွေမှာ ခက်ခက်ခဲခဲ သွားရောက်ကုသမှုမလိုတော့ဘဲ ကိုယ့်မြို့နယ်မှာပဲ စိတ်အေးလက်အေးနဲ့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ကုသနိုင်ဖို့ရာအတွက် ပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် အထက်ပါမေးခွန်းများကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည့်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ ဝိုင်းမော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံး၏မေးခွန်းဖြစ်တဲ့ ဝိုင်းမော်မြို့ရှိ ၂၅ ခုတင်ဆံ့ပြည်သူ့ဆေးရုံကို ခုတင် ၅၀ အဖြစ် တိုးမြှင့်မည့်ကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်တင်ပြမှာဖြစ်ပါတယ်။ ဝိုင်းမော်မြို့မှာတော့ မှန်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း လူဦးရေတစ်သိန်းသုံးသောင်းကျော်ရှိပါတယ်။ ၂၅ ခုတင်ဆံ့မြို့နယ်ဆေးရုံ၊ ကန်ရော်ကန်တိုက်နယ်ဆေးရုံ၊ မှန်မိန်းတိုက်နယ်ဆေးရုံ၊ နောက် အခြား ၂၅ ခုတင်ဆံ့ စတုန်းဆေးရုံနဲ့ ကန်ပိုက်တည်တိုက်နယ်ဆေးရုံ စုစုပေါင်းဆေးရုံငါးရုံနဲ့ ပြည်သူ့ကုသရေး ဝန်ဆောင်မှုများကိုပေးလျက်ရှိပါတယ်။ မိခင်နှင့်ကလေးကျန်းမာရေးဌာနတစ်ခုနဲ့ ကျေးလက်ကျန်းမာရေးဌာနငါးခု၊ ဌာနခွဲ ၂၈ ခုနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ သို့သော် ကျွန်တော်တို့ ဒီ ဝိုင်းမော်ဆေးရုံရဲ့ စာရင်းဇယားတွေကို ပြန်လေ့လာတဲ့အခါမှာ ၂၀၁၇ ခုနှစ်အထိကတော့ တော်တော်နည်းပါတယ်။ တစ်နေ့ပျမ်းမျှအတွင်းလူနာ ၁၈ ဦး၊ ၂၂ ဦး၊ ၁၅ ဦး အဲဒီလောက်ပဲရှိပါတယ်။ ၂၀၁၈ ခုနှစ်မှာတော့ ထူးခြားစွာ တော်တော်တိုးတက်လာပါတယ်။ တိုးတက်တယ်ဆိုတာကလည်း ခုနလွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း ဆရာဝန်နဲ့ဆရာမတွေပေါ်မှာမူတည်ပါတယ်။ ဒီဆေးရုံကို ကျွန်တော်တို့ ကွမ်းလုံကနေပြီးတော့ Transfer နဲ့ဆရာဝန်တစ်ဦးပို့ပါတယ်။ ဒေါက်တာသိန်းမျိုးပါ။ သူ့အနေနဲ့ ဝန်ဆောင်မှုကောင်းတဲ့အတွက် တော်တော်တက်လာတာတွေ့တယ်။ ၂၀၁၈ ခုနှစ်မှာတော့ ဆေးရုံခုတင်အသုံးချမှုရာခိုင်နှုန်းက ၈၉ ရာခိုင်နှုန်းပဲရှိပါသေးတယ်။ ၁၀၀ ရာခိုင်နှုန်းမပြည့်သေးပါဘူး။ သို့သော် ဇန်နဝါရီလကနေပြီးတော့ ၂၀၁၉ ခုနှစ် မေလ အထိ ကျွန်တော် အသေးစိတ်ပြန်လေ့လာတဲ့အခါမှာတော့ အတွင်းလူနာဟာ ဒီငါးလအတွင်းမှာကို ၁၄၁၁ ဖြစ်လာတာတွေ့တဲ့အပြင် ပြင်ပလူနာက ၁၅၀၀၀ အထိတက်လာတာတွေ့ရပါတယ်။ ဒါ ကျွန်တော်တို့ ကျန်းမာရေးဝန်ထမ်းတွေရဲ့ ဝန်ဆောင်မှုကောင်းကြောင်း၊ အားကိုးကြောင်း၊ ဆေးတွေ ကျွန်တော်တို့ အလကားပေးနိုင်တဲ့အတွက် လူတွေက လာရောက်ပြသခြင်းဖြစ်ပါတယ်။ Best Occupancy Rate ဖြစ်တဲ့အတွက် ခုတင်အသုံးပြုရာခိုင်နှုန်းကလည်း ၁၄၀ အထိတက်လာပါတယ်။ အကယ်၍သာ ဒီ ၂၀၁၉ ခုနှစ်ထဲမှာ ၂၀၀ နီးပါး

လောက်ဖြစ်လာလို့ရှိရင် ကျွန်တော်တို့အနေနဲ့ ဒါကိုတိုးပေးဖို့ ဝန်မလေးပါဘူး။ ဘာကြောင့် ဝန်မလေးလဲဆိုတော့ သူ့ရဲ့ Catchment Population ပေါ့လေ။ ဝန်ဆောင်မှုပေးနိုင်တဲ့လူဦးရေက တစ်သိန်းသုံးသောင်းရှိတဲ့အတွက် တော်တော်များတဲ့ဟာဖြစ်တဲ့အတွက် ကျွန်တော် လုံးဝဝန်မလေးပါဘူး။ ကျွန်တော်တို့ဆက်ကြည့်မယ်။ ဒီနှစ်မှာဆက်ကြည့်လို့ တိုးရမယ်ဆိုရင် အတော်ပဲ။ ၂၀၂၀-၂၀၂၁ ခုနှစ်မှာ ကျွန်တော်တို့ ဘဏ္ဍာရေးနှစ်မှာတင်ပြီးတော့ အားလုံးလုပ်မယ်ဆိုရင် အကုန်လုံးအဆင်ပြေဖို့ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒီမှာတစ်ချက်ပြောချင်တာကတော့ ဒီမှာ ပြဿနာလေးတစ်ခုက ဘာရှိလဲဆိုတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ မေးခွန်းအထဲမှာလည်းပါတယ်။ ခုနပြောသွားသလားတော့မသိဘူး။ သူက အရေးကြီးလို့ရှိရင် မြစ်ကြီးနားဆေးရုံကိုလွှဲဖို့အတွက်က ဗလမင်းထင်တံတားရှိပါတယ်။ ကျွန်တော်တို့လည်း နိုင်ငံတော်သမ္မတကြီးနဲ့ ရောက်ခဲ့ပြီးပါပြီ။ အဲဒီတံတား က ညကိုးနာရီကနေခြောက်နာရီအထိကိုပိတ်ပါတယ်။ သို့သော် ကျွန်တော်သိရသလောက်ကတော့ ဆေးရုံက Ambulance ဆိုရင်တော့ ဖွင့်ပေးဖို့လိုပါတယ်။ အဲဒါကတော့ ပြည်နယ်အစိုးရနဲ့ ကျွန်တော်တို့ ညှိဖို့လိုပါတယ်။ အဲဒါဆိုလို့ရှိရင် ဒီတံတားကြီးအနေနဲ့က ဘာမှပြဿနာမရှိပါဘူး။ ညသန်းခေါင်မှာ ဒီကဆရာဝန်မခွဲနိုင်လောက်တဲ့ အရမ်းအရေးကြီးတဲ့လူနာဆိုရင် မြစ်ကြီးနားဆေးရုံကိုသွားဖို့လိုပါတယ်။ မြစ်ကြီးနားဆေးရုံကိုလည်း ဒီမှာကျွန်တော် တစ်ချက်လေးတင်ပြချင်တာက အလွန်ကောင်းနေတာ သွားတွေ့ရပါတယ်။ နိုင်ငံတော်သမ္မတကြီးနဲ့ ကိုယ်တိုင်သွားကြည့်တဲ့အခါမှာ အရမ်းကောင်းပါတယ်။ ငါးထပ်ဆောင်ကြီးလည်းဆောက်နေပါတယ်။ ဆောက်လုပ်ရေးကဆောက်တာ Quality လည်းအရမ်းကောင်းပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့ ဒီဆေးရုံကြီးကိုပေးမယ်။ အခုလောလောဆယ် ဒီလွှတ်တော်အတွင်းမှာ ကျွန်တော်က ပေးမယ်ဆိုပြီးတော့ ပြောလို့မရပါဘူး။ ၂၀၁၉ ခုနှစ်တစ်လျှောက် ကျွန်တော်ကြည့်မယ်။ ၂၀၁၉ ခုနှစ်မှာ တက်လာပြီဆိုရင် ကျွန်တော့်အနေနဲ့ ပေးမယ်ဖြစ်ကြောင်း၊ ဝန်မလေးကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးလဂန်ဇယ်ဂျုံး(ဝိုင်းမော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို ထပ်ဆင့်မေးမြန်းတင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ကျွန်တော့်ကို Slide လေးပြဖို့ ခွင့်တောင်းခံပါတယ်။ Slide လေးပြပေးပါအုံး။ ကျွန်တော်တို့ ခုန ပြည်ထောင်စု

ဝန်ကြီးကတော့ လက်ရှိအခြေအနေမှာ ခုတင်အသုံးပြုမှုတိုးတက်လာခြင်း ရှင်းလင်းတင်ပြပေးပါတယ်။ လက်ရှိအချိန်မှာတော့ စောင့်ကြည့်အုံးမယ်ဆိုတဲ့သဘောပေါက်ပါတယ်။ အဲဒီအခါကျတော့ တကယ့်တကယ် အမှန်ကတော့ အစောတုန်းက Slide မှာမြင်တဲ့အတိုင်း ကျွန်တော်တို့ အပြင်မှာတွေက အစ ကုသခံနေရပါတယ်။ ကျွန်တော်တို့ လွှတ်တော်ရှင်းလင်းပွဲတွေလုပ်တိုင်းလည်းပဲ ပြည်သူတွေက ဒီဆေးရုံကြီးကို ပြုပြင်မွမ်းမံပေးဖို့၊ ခုတင် ၅၀ တိုးပေးဖို့ ဒီလူနာတွေက ဆေးကုသခံရင်းနဲ့ အပြင်လေးစိမ်းတိုက်လို့ ပိုတောင်ဖျားမယ့်သဘောရှိတဲ့အကြောင်းလေးတွေ သူတို့ဒီမှာ အမြဲတမ်း လိုလို၊ ကျေးရွာတိုင်းလိုလို၊ ရပ်ကွက်တိုင်းလိုလို တင်ပြကြတာဖြစ်ပါတယ်။ အဲဒီအခါကျတော့ ဒီလောက်ပွတ်သိပ်ကျပ်နေတာဖြစ်တဲ့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ထပ်မံစဉ်းစားပေးစေလိုပါတယ်။ ပြီးတော့ ခုန ဝန်ကြီးရှင်းပြသွားတဲ့နေရာမှာပါသလို ကျွန်တော်တို့ Ambulance ကားတွေ တံတားဖြတ်ပြီးသွားရပါတယ်။ တစ်ခါတလေကျတော့ အခါအားလျော်စွာ၊ အကြောင်းညီညွတ်စွာ ဖြတ်သန်းသွားလာနိုင်သလို တစ်ခါတလေကျတော့ သွားလာရတာခက်ခဲတာရှိပါတယ်။ အဲဒီအခါကျတော့ ဒီလိုမျိုးတွေ ပြည်သူတွေအတွက် အခက်အခဲမြောက်မြားစွာ တွေ့ကြုံနေတာဖြစ်တဲ့အတွက် ကျွန်တော်တို့ ပြည်သူ့အစိုးရခေတ်မှာတော့ ပြည်သူတွေအမှန်တကယ်လိုလားနေတဲ့ ဒီဆေးရုံကြီးကိုတော့ ထပ်မံစဉ်းစားပြီးမှ အဆင့်တိုးမြှင့်ပေးစေလိုပါတယ်ဆိုတာကို ပြည်သူတွေရဲ့တင်ပြချက်အရ ထပ်မံတင်ပြခြင်းဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်တော်ကြီးက ထပ်ဆင့်မေးခွန်းမေးမြန်းတာဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနကလည်း ဖြေကြားပြီးဖြစ်ပါတယ်။ ဆက်စပ်မေးခွန်းမဟုတ်ပါဘူး။ အဲဒါကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန်မလိုပါဘူး။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနလက်အောက်နှင့် အခြားဝန်ကြီးဌာနလက်အောက်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များအား ရုံးကိစ္စနှင့်ပတ်သက်၍ ခေါ်ဝေါ်သုံးစွဲရာတွင်လည်းကောင်း၊ ဖော်ပြရေးသားရာတွင်လည်းကောင်း သွားဘက်ဆိုင်ရာ ဆရာဝန်ဆိုသော စကားရပ်အစား သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်ဆိုသော စကားရပ်ကို အစားထိုး သုံးစွဲပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ဒေါက်တာစိန်မြအေး ဒလမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနလက်အောက်နှင့် အခြားဝန်ကြီးဌာနလက်အောက်မှာ တာဝန်းထမ်းဆောင် လျက်ရှိတဲ့ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်တွေကို ရုံးကိစ္စနှင့်ပတ်သက်ပြီး ခေါ်ဝေါ်သုံးစွဲ ဖော်ပြ ရေးသားရာမှာ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်ဆိုတဲ့စကားရပ်အစား သွားဘက်ဆိုင်ရာဆရာဝန်ဆိုတဲ့ စကားရပ်ကို အစားထိုးသုံးစွဲပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သိလိုတဲ့အတွက် မေးမြန်းရတာဖြစ်ပါတယ်။ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်များအတွက် ရိုးရိုးလေးနဲ့ မရှင်းမလင်းဖြစ်နေတဲ့ ပုစ္ဆာတစ်ရပ်ဖြစ်နေပါ တယ်။

လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ မေးမြန်းရတဲ့အကြောင်းအရင်းကတော့ မြန်မာနိုင်ငံမှာ ယနေ့အထိ သွားနှင့်ခံတွင်းဆိုင်ရာမှတ်ပုံတင်ရပြီးသူ ၄၀၀၀ ကျော်ရှိပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတစ်ခုတည်းမှာပင် တာဝန်ထမ်းဆောင်နေသူ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန် ၉၀၀ ကျော်နှင့် ၁၀၀၀ ကျော်ခန့်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ဆက်လက်မေးမြန်း ခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ အခြားဝန်ကြီးဌာနတွေမှာလည်း သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန် တွေဟာ သက်ဆိုင်ကဏ္ဍအလိုက် အသီးသီးတာဝန်ထမ်းဆောင်လျက်ရှိကြပါတယ်။ ဒီလိုတာဝန်ထမ်း ဆောင်လျက်ရှိတဲ့ ဝန်ထမ်း၊ ဆရာဝန်တွေနဲ့ပတ်သက်ပြီး ရုံးစာတွေ၊ ညွှန်ကြားချက်စာတွေ အလုပ်ခန့် ရာထူးတိုးပြောင်းရွှေ့စာ စတဲ့ရုံးလုပ်ငန်းဆိုင်ရာ စာမှာ ယနေ့တိုင် သွားဘက်ဆိုင်ရာဆရာဝန်ဟုသာ သုံးစွဲလျက်ရှိပါတယ်။

လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလိုသုံးစွဲတာဟာ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့က ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆိုင်ရာဆေးကောင်စီဥပဒေ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ဆ)တွင်ဖော်ပြထားတဲ့ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်ဆိုတဲ့ အဓိပ္ပာယ်ဖော်ပြချက်နှင့် ကွဲလွဲလျက်ရှိပါတယ်။ ဒီလိုကွဲလွဲတာကြောင့် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းကောင်စီဥပဒေနှင့် ကိုက်ညီမှုမရှိတဲ့ အခေါ်အဝေါ်ကိုသုံးစွဲနေတယ်လို့ မှတ်ယူရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်အသင်းနှင့် ပတ်သက်ရင်လည်း ဖွဲ့စည်းပုံ စည်းမျဉ်းကို အသင်းသားများဆန္ဒဖြင့် ပြင်ဆင်ရေးဆွဲအတည်ပြုခဲ့ရာမှာ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များက သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်လို့သာ ခေါ်ဝေါ်သုံးစွဲရန် နှစ်သက်ကြတဲ့အတွက် သဘောတူခဲ့ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ တစ်ခေတ်တစ်ခါက သွားဘက်ဆိုင်ရာ CTP များရဲ့ စည်းကမ်းတွေမှာ သွားဘက်ဆိုင်ရာဆိုင်းဘုတ်တွေကို သုံးစွဲခဲ့တာ အကြောင်းတစ်ရပ်ဖြစ်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်ဆိုတာဟာ အခြေခံ သိပ္ပံပညာ၊ အခြေခံဆေးပညာ၊ သွားနှင့်ခံတွင်းဆိုင်ရာဆေးပညာရပ်များကို ငါးနှစ်သင်ယူတက်မြောက် အောင်မြင်ပြီးပါက အလုပ်သင်ဆရာဝန်တစ်နှစ် ကျေပြွန်စွာထမ်းဆောင်ထားရပါတယ်။ သွားရောဂါ သီးသန့်ကိုသာ ကုသပေးသော ဆရာဝန်အမျိုးအစားမဟုတ်ဘဲ ခံတွင်းနှင့်သက်ဆိုင်သော ဘာသာရပ် များဖြစ်သည့် မေးရိုးခံတွင်းဆေးပညာ၊ မေးရိုးခံတွင်းခွဲစိတ်ကုပညာစတဲ့ ဘာသာရပ်တွေကိုပါ တက်မြောက်အောင်မြင်ထားတာဖြစ်ပါတယ်။ ဒါကြောင့် သွားနှင့်ခံတွင်းလူနာများရဲ့ သွားနှင့်ခံတွင်း ကျန်းမာရေးကို ကုသကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်လျက်ရှိတဲ့ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များအား ပြည်သူလူထုအပေါင်းမှ ပိုမိုရှင်းလင်းတိကျ နားလည်အားကိုးနိုင်ရန် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီနှင့် ညီညွတ်စေရန် သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်ဟု ခေါ်ဝေါ် သုံးစွဲသင့်ကြောင်းတင်ပြရင်း ကျွန်တော့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားပေးပါ ရန် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ စိန်မြအေး၏ မေးခွန်းဖြစ်သော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနလက်အောက်နှင့် အခြားဝန်ကြီး ဌာနလက်အောက်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်များအား ရုံးကိစ္စနှင့်ပတ်သက်၍ ခေါ်ဝေါ်သုံးစွဲရာတွင်လည်းကောင်း၊ ဖော်ပြရေးသားရာတွင်လည်းကောင်း၊ သွားဘက်ဆိုင်ရာဆရာဝန်ဆိုသောစကားရပ်အစား သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်ဆိုသော စကားရပ် ကို အစားထိုးသုံးစွဲပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းဖြစ်ပါတယ်။ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနလက်အောက်အနေနဲ့ အခြားဝန်ကြီးဌာနလက်အောက်မှာ တာဝန်ထမ်းဆောင် နေပြီး သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်များကို ယခင်ကတော့ သွားဘက်ဆိုင်ရာဆရာဝန်လို့သုံးသော် လည်း ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့တွင် ပြဋ္ဌာန်းလိုက်သည့် မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာ ကောင်စီဥပဒေပြဋ္ဌာန်းပြီးနောက် မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေ အခန်း(၁) အမည်နှင့် အဓိပ္ပာယ်အခန်းမှ ပုဒ်မ ၂ ပုဒ်မခွဲ(စ)၊ (ဆ)ပါ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်ဟု ပြောင်းလဲသုံးစွဲ နေပြီဖြစ်ပါတယ်။

ဒီဥပဒေကို သက်ဝင်လှုပ်ရှားရေးအတွက်လည်း နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ကျွန်တော်တို့ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်နှင့်အသင်း မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်များ ကောင်စီနှင့် နှီးနွှယ်ပုဂ္ဂိုလ်များ ဥပဒေပညာရှင်နှင့် အားလုံးပေါင်းပြီးတော့ ဒီနည်းဥပဒေ လုပ်ထုံး လုပ်နည်းကို အလျင်အမြန်ထွက်ဖို့အတွက် ကျွန်တော်တို့ ရေးဆွဲလျက်ရှိပါတယ်။ လက်ရှိမှာတော့ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်တွေ ရာထူးတိုးခန့်ထားရာတွင် အထူးကုဆရာဝန်(သွားနှင့်ခံတွင်း) ဟူ၍လည်းကောင်း၊ အထူးကုဆရာဝန်ကြီး (သွားနှင့်ခံတွင်း)ကိုလည်းကောင်း ကျွန်တော်တို့ သုံးလေး ရှိပါတယ်။ ဆိုလိုတာက ဒီ ၁၁-၄-၂၀၁၉ ရက်နေ့မှာ အမိန့်ကြော်ငြာစာ ထုတ်ပါတယ်။ အဲဒီမှာလည်း ကျွန်တော်တို့က အထူးကုဆရာဝန်(သွားနှင့်ခံတွင်း) ဥပမာ- ရန်ကုန်ဆေးရုံကြီး၊ အထူးကုဆရာဝန် သွားနှင့်ခံတွင်းမန္တလေးပြည်သူ့ဆေးရုံကြီး နောက် ဇွန်လ ၁ ရက်နေ့က ကျွန်တော်တို့ မကြာခင်က ထုတ်လိုက်တဲ့ ဌာနဆိုင်ရာ အမိန့်ကြော်ငြာစာမှာလည်း တွဲဖက်တာဝန်ချထားတဲ့နေရာမှာလည်း ကျွန်တော်အထူးကုဆရာဝန်(သွားနှင့်ခံတွင်း)ဆိုင်ရာဆရာဝန်ကိုစတင်ပြီး သုံးလျှက်ရှိ ကြောင်း ဖြေကြားအပ်ပါတယ်။ နောက်တစ်ချက်က ဒီလွှတ်တော်ကိုယ်စားလှယ်တော်ကြီးပြောတဲ့ ဥပဒေနှင့် ကိုက်ညီစေ၍ ခေါ်ဝေါ်သုံးစွဲနိုင်ရေးအတွက် ကျွန်တော်တို့ သတိပေးအကြောင်းကြားလာခြင်းအပေါ် လည်း အထူးလေးစားစွာ ဆောင်ရွက်မယ်ဆိုတာကို ပြောကြားလိုပါတယ်။

မူကြမ်း

ဒီနေရာမှာ တစ်ဆက်တည်း ကျွန်တော်က ဒီကိစ္စမှာဆိုလို့ရှိရင် သွားနှင့်ခံတွင်းတစ်ခုတည်းတင် မဟုတ်ပါဘူး။ ကျွန်တော်တို့ ဆရာဝန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အခေါ်အဝေါ်တွေကို အကုန်ပြောင်းဖို့ကို ကျွန်တော်တို့ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့ကနေပြီးတော့ စီမံကိန်း စစ်ဆေးရေးနှင့် တိုးတက်မှုအစီရင်ခံစာဦးစီးဌာနကို ၄၆ မျိုး ဝန်ထမ်းတွေရဲ့ ရာထူးအခေါ်အဝေါ်ကို ပြောင်းဖို့ တင်ထားပါတယ်။ အကြောင်းအရာကတော့ ရာထူးအခေါ်အဝေါ်များ ပြန်လည်ပြင်ဆင်သတ်မှတ်ရေး ကိစ္စအပေါ်ညှိနှိုင်းပါ။ ဒီနေရာမှာတစ်ချက်တင်ပြရရင် ဒီနေရာမှာ အထူးကုဆရာဝန်ကို ကျွန်တော်တို့ အတိုင်ပင်ခံ အထူးကုဆရာဝန်လို့ပြောင်းပါတယ်။ အလားတူပဲ လက်ထောက်ဆရာဝန်မှာ လက်ထောက်ဆိုတဲ့ဟာကို ကျွန်တော်တို့ မထည့်ချင်ပါဘူး။ ဆရာဝန်ဖြစ်နေပြီး ဘာဖြစ်လို့ လက်ထောက်ထည့်ရမှာလဲဆိုတော့ လက်ထောက်ဆရာဝန်အစားကိုလည်း ကျွန်တော်တို့က ဆရာဝန် (ပြည်သူ့ကျန်းမာ)၊ ဆရာဝန်(အရေးပေါ်ကျန်းမာရေး)၊ ဆရာဝန်(ဆေးပညာ)၊ ဆရာဝန်(ခွဲစိတ်)၊ ဆရာဝန်(သားဖွားမီးယပ်)၊ ဆရာဝန်(ဓာတ်ရောင်ခြည်) အစရှိသဖြင့် ပြောင်းဖို့တင်ထားပါတယ်။ အလားတူတောင် ဦးစီးအရာရှိ တချို့ဆရာဝန်တွေကျတော့ ဦးစီးအရာရှိပဲ ခေါ်ပါတယ်။ အဲဒီတော့ ဦးစီးအရာရှိပဲ ဘေးမှာ Bracket နဲ့။ ဦးစီးအရာရှိ (အနာကြီး)၊ (ငှက်ဖျား)၊ (ကွင်းဆင်း)၊ (ပိုးမွှား)၊ (ဓာတ်ခွဲ)၊ (သူနာပြု)၊ (ဆေးဝါး)အစရှိသဖြင့်ခေါ်ဖို့ အခွန်တင်ထားပါတယ်။ သူနာပြုတွေမှာ လည်းဆိုရင် ကျွန်တော်တို့ သူနာပြုအစားကို ပြည်သူ့ကျန်းမာ ရေးဆရာမကြီး၊ ပြည်သူ့ကျန်းမာရေး ဆရာမအစရှိသဖြင့် ဝန်ထမ်းရာထူးအခေါ်အဝေါ်ပေါင်း ၄၆ ခုကို ကျွန်တော်တို့ အခေါ်အဝေါ်တွေ တင်ထားပါတယ်။ အဲဒါကိုလည်း ကျွန်တော်အလျဉ်းသင့်လို့ လွှတ်တော်ဥက္ကဋ္ဌကြီးကို တင်ပြခြင်း ဖြစ်ပါတယ်။ ဒီကိစ္စမှာလည်း ကျွန်တော်တို့ ဆက်လက်ပြီးတော့ သွားနှင့်ခံတွင်း ဆိုတဲ့စာလုံးကို လုံးဝ သုံးမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ ကျေးဇူးအများကြီး တင်ပါတယ်ခင်ဗျား။

**မန္တလေးမြို့ GMP တိုင်းရင်းဆေးဝါးစက်ရုံအဆောက်အဦနှင့် တပ်ဆင်ထားသော စက်ပစ္စည်းများသည် GMP စံသတ်မှတ်ချက်အရည်အသွေးများ ပြည့်မီမှုရှိ/မရှိနှင့် စက်ရုံကြီးပြီးသွားပါက တိုင်းရင်းဆေးရုံနှင့် ဆေးကုသဌာနများအတွက် လိုအပ်သောဆေးဝါးများအား အရည်အသွေးပြည့်မီစွာ အလုံအလောက် ထုတ်လုပ်ပေးနိုင်မည့် အခြေအနေရှိ/မရှိသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ မန္တလေးမြို့၊ GMP တိုင်းရင်းဆေးဝါးစက်ရုံ အဆောက်အဦနှင့် တပ်ဆင်ထားတဲ့စက်ပစ္စည်းတွေဟာ GMP စံသတ်မှတ်ချက်အရည်အသွေးများ ပြည့်မီမှုရှိ/မရှိနှင့် စက်ရုံကြီးပြီးသွားပါက တိုင်းရင်းဆေးရုံများနှင့် ဆေးကုဌာနများအတွက် လိုအပ်သောဆေးဝါးများအား အရည်အသွေးပြည့်မီစွာ အလုံအလောက်ထုတ်လုပ်ပေးနိုင်မယ့်အခြေအနေ ရှိ/မရှိ သိလို၍မေးမြန်းတာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့တိုင်းရင်းဆေးမှာ ခုတင် ၁၀၀ ဆံ့တိုင်းရင်းဆေး ရုံကြီးသုံးရုံအပါအဝင် တိုင်းရင်းဆေးရုံပေါင်း ၄၀ ရှိပါတယ်။ ခရိုင်နှင့် မြို့နယ်ဆေးကုဌာနပေါင်း ကတော့ ၂၆၀ ထိရှိပါတယ်။ အဲဒီဆေးရုံ၊ ဆေးခန်းတွေအတွက် သုံးဖို့ဆေးဝါးတွေကို ရန်ကုန်နှင့် မန္တလေးမှာရှိတဲ့ တိုင်းရင်းဆေးဝါးစက်ရုံနှစ်ရုံကနေ ဆေးဝါး ၂၅ မျိုးကို ထုတ်လုပ်နေတာဖြစ်ပြီးတော့ အများအားဖြင့်ထုတ်လုပ်တာကတော့ ဆေးမှုန့်တွေပဲဖြစ်ပါတယ်။ ထုတ်ပိုးမှုကစပြီးတော့ တော်တော် ခေတ်နောက်ကျတာ၊ ဆွဲဆောင်မှုမရှိတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ဖော်ပြပါများပြားလှတဲ့ တိုင်းရင်းဆေးရုံတွေနဲ့ ဆေးကုဌာနတွေ အတွက် လိုအပ်တဲ့ဆေးဝါးတွေကို အရည်အသွေးစံပြည့်မီစွာ ကောင်းမွန်သောကျင့်စဉ်နှင့်အညီ ထုတ်လုပ်မယ့် GMP အဆင့် တိုင်းရင်းဆေးဝါးစက်ရုံကြီးကို မန္တလေးမြို့မှာတည်ဆောက်နိုင်ဖို့ ၂၀၁၂-၂၀၁၃ ဘတ်ဂျက်နှစ်မှစပြီးတော့ ငွေလုံးငွေရင်းဘဏ္ဍာငွေတွေချပေးခဲ့တာ အခုဆိုရင် ၄.၆၇ ဘီလီယံ ထိဖြစ်ပါတယ်။ စက်ရုံကြီးကို ၂၀၁၉ ခုနှစ် မတ်လထဲမှာ ဖွင့်ပွဲလုပ်ခဲ့သော်လည်း တစ်ရက်ပဲလည်ပတ် ပြီးတော့ ရပ်သွားတာ၊ ဆေးမှုန့်ငါးမျိုးကိုသာ ထုတ်လုပ်ပြခဲ့တာ ရှိပြီးသားစက်ရုံနှစ်ရုံအဆင့်ထိတောင် စွမ်းဆောင်ရည်မရှိသေးတာနဲ့ အပြည့်အဝမလည်ပတ်နိုင်သေးတဲ့အတွက် ၂၀၁၉-၂၀၂၀ ဘတ်ဂျက်မှာ

ရန်ပုံငွေထပ်တောင်းပြီးတော့ ဆောင်ရွက်သွားမယ်လို့ တွေ့ရ၊ မြင်ရ၊ ကြားရတော့ ပြည်သူ့ဘဏ္ဍာငွေတွေ အဟောသိကံများဖြစ်သွားပြီလားလို့ အလွန်ပဲ စိုးရိမ်ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ အလွန်လိုအပ်နေတဲ့ စံရည်မီအဆင့်မြင့်ဆေးဝါး ထုတ်လုပ်နိုင်ဖို့ နိုင်ငံတကာအဆင့်မီတဲ့ GMP တိုင်းရင်းဆေးဝါးစက်ရုံကြီးတည်ဆောက်ဖို့ကို တိုင်းပြည်အလွန်ချို့တဲ့တဲ့ ဘဏ္ဍာငွေကြေးများထဲကနေ ငါးဘီလီယံနီးပါးကို ရည်ရွယ်ချက်ကြီးမားစွာနဲ့ ချထားပေးခဲ့တာဖြစ်ပါတယ်။ သို့သော်လည်း ရပ်ကွက် လူနေအိမ်များကြားမှာ အလွန်မသင့်တော်တဲ့ နေရာမှာ တည်ဆောက်တာ စက်ရုံကြီးအနေနဲ့ ရေသန့်သုံးစွဲမှုနှင့် ရေဆိုးထုတ်လုပ်မှုတွေ စနစ်မကျတာ။ Transformer နဲ့ မီးစက်ကိုပိတ်ဆို့ဆောက်လုပ်ထားတာ။ စက်များထားရှိခန်းများ အချိုးအစား မညီတဲ့အတွက် အုတ်နံရံများဖြိုချခဲ့ရတာ။ စတင်ဆောက်ကတည်းက GMP စံကိုက်လိုင်းအတိုင်း မဟုတ်ဘဲ အလွဲအမှားများစွာတွေဖြစ်ခဲ့တာ စုံစမ်းစစ်ဆေးရေးအဖွဲ့များဖွဲ့ပြီး အကြိမ်ကြိမ်စစ်ဆေးခဲ့သော်လည်း မှားယွင်းဆောင်ရွက်ခဲ့မှုတွေနဲ့ပတ်သက်လို့ အဖြေမထွက်တာတွေက အလွန်စိတ်ပျက်စရာ၊ စိုးရိမ်စရာတွေပဲဖြစ်ရပါတယ်။ Power Point သုံးစွဲခွင့်ပြုပါ။ ဒါကတော့ GMP ရဲ့အဓိပ္ပာယ်ပဲဖြစ်ပါတယ်။ ဒါကတော့ လှုတ်တော်ဆေးခန်းပဲဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆေးဆရာများရဲ့အဓိကလက်နက်ဟာ ဆေးဝါးပဲဖြစ်ပါတယ်။ တိုင်းရင်းဆေးအမျိုးပေါင်း ၁၀၀ ခန့်ရှိပြီးတော့ တိုင်းရင်းဆေးဖုံ ၅၇ မျိုးရှိပါတယ်။ အဲဒီအထဲက ၂၅ မျိုးကိုပဲ ဆေးမှုန့်များအဖြစ်သာ ထုတ်လုပ်ပြီးတော့ ရေလဲသုံးနေကြရတာဖြစ်ပါတယ်။ တိုင်းရင်းဆေးကို အမှန်တကယ်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် စံမီတဲ့အဆင့်မြင့်တဲ့ဆေးဝါးတွေ ထုတ်လုပ်ဖို့ လိုအပ်သလို အမျိုးအမည်တွေကိုလည်း ထပ်တိုးထုတ်လုပ်ဖို့ လိုအပ်ပါတယ်။ တိုင်းရင်းဆေးဘတ်ဂျက်ကိုလည်း ကျန်းမာရေးဘတ်ဂျက်ရဲ့ တစ်ရာခိုင်နှုန်းသာ သုံးစွဲနေတာကိုပြင်ပြီးတော့ ထပ်တိုးပေးဖို့လိုအပ်မှာဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေက တိုင်းရင်းဆေးတွေဟာ ကမ္ဘာမှာရှေ့တန်းကိုရောက်နေကြသော်လည်း မြန်မာ့တိုင်းရင်းဆေးကတော့ အလွန်နောက်ကောက်ကျကျန်နေခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ ပုဂ္ဂလိကတိုင်းရင်းဆေးဝါးစက်ရုံအချို့ကို ကိုယ်တိုင်သွားရောက်ပြီးတော့ လေ့လာကြည့်တဲ့အခါမှာ စက်ရုံကြီးနှစ်ရုံဟာ GMP စံသတ်မှတ်ချက်အတိုင်း ကြိုးစားဆောင်ရွက်နေတာ တွေ့ရပြီးတော့ ကျန်ဆေးဝါးစက်ရုံတွေကလည်း ISO လက်မှတ်များရထားပြီးတော့ GMP အဆင့်ဖြစ်ဖို့ စံသတ်မှတ်ချက်များအတိုင်း ကြိုးစားဆောင်ရွက်နေတာကို အားရစွာတွေ့ရသော်လည်း မန္တလေး

မြို့ GMP တိုင်းရင်းဆေးဝါးစက်ရုံကြီးကတော့ ကုန်ကျမှုတွေများသလောက် အကျိုးရလဒ်ကောင်းတွေ ထွက်မလာတာကို ဝမ်းနည်းစွာတွေ့ရတဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးရဲ့မေးခွန်းဖြစ်တဲ့ မန္တလေးမြို့ GMP တိုင်းရင်းဆေးဝါးစက်ရုံအဆောက်အဦနှင့် တပ်ဆင်ထားသောစက်ပစ္စည်းများသည် GMP စံသတ်မှတ်ချက်အရည်အသွေးများနှင့် ပြည့်မီမှုရှိ/မရှိနှင့် စက်ရုံကြီးပြီးသွားပါက တိုင်းရင်းဆေးရုံနှင့် ဆေးကုဌာနများတွင်လိုအပ်သောဆေးဝါးများ အရည်အသွေးပြည့်မီစွာ အလုံအလောက် ထုတ်လုပ်ပေးနိုင်မည့်အခြေအနေရှိ/မရှိနှင့် ပတ်သက်ပြီးဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ငါးမိနစ်ခန့် ကျော်မှာဖြစ်တဲ့အတွက် ကြိုတင်ပြီးတော့ ခွင့်တောင်းအပ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီစက်ရုံကြီးကို ဆောက်တယ်ဆိုတာက စပြီးခေါ်တည်းက GMP လို့ခေါ်တယ်။ ဒါလုံးဝမှားတဲ့ကိစ္စပါ။ စတာဘယ်တုံးကစလဲ။ ၂၀၁၂-၂၀၁၃ ခုနှစ်ကစပါတယ်။ အဲဒီတုန်းက တည်ဆောက်ရေးအတွက် ၃.၆၅ ဘီလီယံသုံးတယ်။ စက်နှင့် စက်ပစ္စည်းအတွက်ကို ၁.၀၂ ဘီလီယံသုံးတယ်။ စုစုပေါင်း ၄.၆၇ ဘီလီယံ ကဝင်သွားပြီ။ ကျွန်တော်တို့ ဒီအစိုးရတက်လာတဲ့အချိန်မှာ ဒါကိုကြည့်တဲ့အခါမှာ အလွန်များပြားသော Investment တွေ ပေးထားတဲ့အတွက် အမြန်ဆုံးဖွင့်မှကောင်းမယ်။ သို့သော်လည်း မဖွင့်ခင် ကျွန်တော်တို့က လိုအပ်ချက်တွေကြည့်ရမယ်ဆိုတဲ့အတွက် ကျွန်တော့်အနေနဲ့ Holistic Reviews ဆိုပြီး Team တစ်ခုလွှတ်တယ်။ စုံစမ်းစစ်ဆေးရေး ပစ္စည်းတွေဝယ်တာမှန်လား/မမှန်ဘူးလား။ အကုန်လုံး၊ အကုန်လုံးကို စုံစမ်းရေးအဖွဲ့ နှစ်ဖွဲ့ဖွဲ့ပြီး တစ်ခါလွှတ်တယ်။ နောက်တစ်ခါ ဂျပန်က Toyama University ကလာပြီးတော့ GMP ဖြစ်ဖို့ဆို ဘာလိုလဲဆိုတာ လွှတ်ပါတယ်။ Technical Advisory Group on Traditional Medicine က လူကြီးများကိုလည်း သွားရောက်ကြည့်ပါတယ်။ ဆိုလိုတာက ဒီစက်ရုံကြီးကို အမြန်ဆုံးဖွင့်မှဖြစ်တော့မယ်။ မဖွင့်ရင် မဖြစ်တော့ဘူး။ ဒီလောက်ပိုက်ဆံ ၄.၆၇ ထည့်ထားပြီးမဖွင့်ရင် ကျွန်တော့်မှာ တာဝန်ရှိတယ်။ အဲဒါနဲ့ ကျွန်တော် အမြန်ဆုံးဖွင့်အောင်ဆိုပြီးတော့

လုပ်လိုက်တယ်။ လုပ်လိုက်တဲ့အခါမှာ စက်ရုံလည်ပတ်တဲ့အဆင့်ဖြစ်သွားပြီးတော့ ၂၀၁၉ ခုနှစ် မတ်လ တုန်းက ကျွန်တော်တို့ ဖွင့်ခဲ့ပါတယ်။ ဖွင့်တဲ့အချိန်မှာလည်း ကျွန်တော့်အနေနဲ့ အမှန်အတိုင်းပြောရမယ် ဆိုလို့ရှိရင် နာမည်ကိုပြောင်း လိုက်ပါ။ GMP ဆိုတဲ့စာကြီးကို ကျွန်တော်တို့ထုတ်လိုက်ပါတယ်။ GMP ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။ မန္တလေးတိုင်းရင်းဆေးဝါးစက်ရုံ GMP လုပ်ဖို့ဆိုလို့ရှိရင် WHO ရဲ့ Guideline ရှိပါတယ်။ စာမျက်နှာ ၉၂ မျက်နှာရှိပါတယ်။ ကျွမ်းကျင်ဝန်ထမ်းပေါင်း ၂၅၀၊ နိုင်ငံပေါင်း ၁၅၀၊ WHO Collaborating Center ကနေပြီးတော့ သတ်သတ်မှတ်မှတ်လုပ်ထားတဲ့ ဒီစာအုပ်ကြီး ရှိပါတယ်။ ဒီစာအုပ်မှာပါတဲ့အတိုင်း လုပ်ရမယ်။ ကျွန်တော်တို့နိုင်ငံ ဒီစက်ရုံနဲ့လုံးဝမဖြစ်ပါဘူး။ ထို့အပြင် ကျွန်တော်တို့မှာ အကုန်ရှိပါတယ်။ Good Manufacturing Practice Audit Checklist ရှိပါတယ်။ ဒီမှာ Question တွေအကုန်လုံး ရှိပါတယ်။ ဒါတွေဟာ ဘယ်လိုမှမရနိုင်ပါဘူး။ ထို့အပြင် ကျွန်တော်ပြန်ကြည့်တဲ့အခါမှာ GMP ရဖို့ဆိုလို့ရှိရင် အနည်းဆုံး ၁၇ ချက်ရှိရပါတယ်။ ဒါတွေ အသေးစိတ်အဆောက်အဦ၊ တည်နေရာကအစ အကုန်လုံးအကုန်လုံး အဆင့်တိုင်းမှာ ၁၇ ချက်က အများကြီးရှိပါတယ်။ အဲဒီအများကြီးရှိတဲ့အပြင် ကျွန်တော်တို့အနေနဲ့က ဒီမှာ ASEAN Guideline လည်းရှိပါသေးတယ်။ ASEAN GMP Practice ဒါတွေကို မမီနိုင်ပါဘူး။ မမီသော်ငြားလည်း ဒီ GMP ကြီးကိုရပြီးဆောက်မှ ကျွန်တော်တို့ဖွင့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ရှုံးမယ်။ အမြန်ဆုံးစဖွင့်မှာ ဖြစ်တယ်။ ဖြစ်တဲ့အတွက် ကျွန်တော်တို့နေရာက တိုင်းရင်းဆေးမှာ အများကြီးရှိပါတယ်။ ရန်ကုန်မှာ တိုင်းရင်းဆေးစက်ရုံရှိတယ်။ မန္တလေးမှာ ဒီစက်ရုံကြီးမဖွင့်ခင်က အဟောင်းတစ်ခုရှိပါတယ်။ အဟောင်းကိုပိတ်လိုက်ပြီးတော့ ဒီအသစ်မှာစပြီး ဖွင့်ပါတယ်။ ဒီမှာ ပြန်ကြည့်တဲ့အခါမှာ ဝန်ထမ်းများ အနေနဲ့လည်း လွှတ်တော်ကိုယ်စားလှယ်တော်ကြီးပြောတဲ့အတိုင်းပဲ အလွန်နည်းပါတယ်။ GMP စက်ရုံတစ်ရုံဝန်ထမ်းဟာ ၃၄ ဦးဆိုတာ တခြားနိုင်ငံကကြားရင် ရယ်စရာတောင်ဖြစ်မှာပါ။ အမှန် အတိုင်းပြောမယ်။ ဒီမန္တလေးမှာရှိတဲ့ တိုင်းရင်းဆေးဝါးလည်ပတ်မှုအတွက် အရာထမ်းကခုနစ်ဦး၊ အမှုထမ်းက ၂၇ ဦး စုစုပေါင်း ၃၄ ဦး။ ဒီမှာဆိုလို့ရှိရင် ဒီဟာအမှန်အတိုင်း ပြောရမယ်ဆိုလို့ရှိရင် ဥပမာတော့၊ ဒါတော့ အင်္ဂလိပ်လိုပဲ ပြောခွင့်ပြုပါ။ စက်တွေလိုပါတယ်။ ဥပမာဆိုရင် HPSC-High Performance Thin Layer Chromatography လိုတယ်။ High Performance Liquid Chromatography ကအစ အများကြီးလိုပါတယ်။ ဒါတွေက ကျွန်တော်တို့ကမရှိပါဘူး။ ဒါတွေရှိမှ သာလျှင် အရည်အသွေးပြည့်မီတဲ့တိုင်းရင်းဆေးကို ကျွန်တော်က ရမှာဖြစ်ပါတယ်။ ဒီမှာကြည့်တဲ့ အခါမှာ ကျွန်တော့်အနေနဲ့က လွှတ်တော်ကိုယ်စားလှယ်ကြီးအပြိုင် တိုးထုတ်မယ်၊ တိုးထုတ်မယ်။

ကျွန်တော်က အရမ်းမတိုးပါဘူး။ ကျွန်တော်တို့မှာတိုးထုတ်မယ်ဆိုတာက ဒီတိုင်းရင်းဆေးမှာက ကျွန်တော်တို့မှာ ဆေးရုံပေါင်း ၁၆ ခုတင်ကနေ ခုတင် ၁၀၀ ရှိတဲ့ဆေးရုံ ၄၀ ရှိပါတယ်။ တိုင်းရင်းဆေး ပေးခန်း ၂၁၀ ရှိပါတယ်။ ဒီမှာလာကုတဲ့လူနာပေါင်းက ဥပမာဆိုရင် အတွင်းလူနာ ၂၀၁၈ ခုနှစ်တုန်းက ၁၈၀၀၀၊ အပြင်လူနာ ၃၅၀၀၀၀၊ ကွင်းဆင်းကုသ ၆၀၀၀၀ ရှိပါတယ်။ မြို့နယ်တိုင်းရင်းဆေးခန်း တွေကလည်း ကွင်းဆင်းကုသတာ ၂၂၀၀၀၀၊ လာပြတာက ၆၀၀၀၀၀ လောက်ရှိပါ တယ်။ ဒီအပေါ်မှာ ကျွန်တော်တို့က ဘယ်ဆေးသည် အသုံးများသလဲ။ အဖုံတွေအများကြီးရှိပါတယ်။ အဖုံများတဲ့ဆေးပဲ ထုတ်မယ်။ အဖုံသုံးတဲ့ဆေးကို သွားထုတ်လို့မရဘူး။ ကြားထဲက ကျွန်တော်တို့က သေသေချာချာ လုပ်ခိုင်းထားပါတယ်။ ဘယ်ဆေးသည် အသုံးများလဲ။ အသုံများတဲ့ဆေးအဖုံတွေ စပြီးထုတ်မယ်။ အခုလောလောဆယ်တော့ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်းမှန်ပါတယ်။ ကျွန်တော်တို့က ငါးမျိုးလောက်ပဲ ထုတ်နိုင်သေးတယ်။ ဒီစက်ရုံမှာ ငါးမျိုးထုတ်ပြီးတော့ မေလကနေ စက်တင်ဘာလ အထိပေါ့။ နောက်ထပ်ငါးမျိုး၊ ဆယ်မျိုးထုတ်မယ်။ လာမယ့်နှစ်မှာ အရေအတွက်များတဲ့အပြင် ထုတ်တဲ့ပမာဏကိုလည်း နှစ်ဆထုတ်ဖို့ ကျွန်တော် ညွှန်ကြားရေးမှူးချုပ်နဲ့လည်း အကုန်ပြောထား ပြီးပါပြီ။ သူတို့လည်း ဒါကိုထုတ်ဖို့ဆိုတာ ရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်တစ်ခုတင်ပြချင်တာက လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတာ မှန်ပါတယ်။

ကျွန်တော်ပြန်ကြည့်လိုက်တဲ့အခါမှာ ဥပမာ အမှုန့်ကြိတ်တဲ့စက်နဲ့သွားကြည့်မယ်ဆိုရင် ဒီအမှုန့် ကြိတ်တဲ့စက်နဲ့က ကျွန်တော်တို့တိုင်းရင်းဆေးနဲ့မကိုက်ပါဘူး။ အနောက်တိုင်းဆေးအတွက်ပဲ သွားကိုက်တာတွေ တွေ့ရပါတယ်။ ဒါတွေက ပစ္စည်းတွေက ဝယ်ပြီးနေပြီ။ ကျွန်တော်တို့ရောက်တဲ့ အချိန်မှာ ဒီအစိုးရတက်ပြီးလာတဲ့အချိန်မှာ အကုန်ဝယ်ပြီးသွားပြီ ပစ္စည်းတွေက။ တချို့ပစ္စည်း တွေက တရုတ်ကလာတဲ့ပစ္စည်းဖြစ်ပါတယ်။ တချို့က ဂျပန်က စက်တစ်ခုရှိပါတယ်။ အလွန် ကောင်းတာ တွေ့ရတယ်။ Tablet တွေ။ ကျွန်တော်တို့အခု Tablet တွေကို စပြီးတော့ အမှန်ဆုံးထုတ် ဖို့လုပ် နေပါတယ်။ ဆိုလိုတာကတော့ ဒီစက်ရုံကြီးကို ကျွန်တော်က လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့ အတိုင်း မျက်ခြေမပြတ်သေချာလုပ်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ နောက်တစ်ချက်က ကျွန်တော် တို့မှာ ဘာပြဿနာလဲဆိုတော့ ကျွန်တော်တို့နိုင်ငံမှာ တိုင်းရင်းဆေးတစ်ခုရဲ့ Quality အရည်အသွေး ပြည့်မီမှုဟာ ကုန်ကြမ်းပေါ်မှာ မူတည်တယ်။ ကုန်ကြမ်းကို ကျွန်တော်တို့တင်ဒါခေါ်ယူ ဝယ်ယူတဲ့ အခါမှာ သဲတွေပါတယ်။ အကုန်၊ အကုန် မဟုတ်တာတွေအကုန် ပါနေတယ်။ ကုန်ကြမ်းမှာလည်း ကုန်ကြမ်း(က)ဆိုလို့ရှိရင် (က)ပဲ ပါရမယ်။ ဟိုဘက်နဲ့ (ခ)ရောတာရှိမယ်။ (ဂ)ရောတာရှိမယ်။ ဆိုလို

တာက ဒါတွေက ကျွန်တော်တို့နိုင်ငံမှာ ဘက်စုံတိုးတက်ဖို့လည်း စိုက်ပျိုးရေးဝန်ကြီးဌာနကလည်း ပံ့ပိုးပေးရမယ်။ တောင်သူတွေကိုလည်း အရည်အသွေးပြည့်မီသော တိုင်းရင်းဆေးအပင်များကို စိုက်ဖို့ဆိုတာလိုပါတယ်။ ဆိုလိုတာက ဒီတိုင်းရင်းဆေးစက်ရုံကြီးကို GMP Standard ပဲဖြစ်ဖြစ် Quality ထုတ်ဖို့ဆိုရင် ဝန်ကြီးဌာနတစ်ခုတည်းနဲ့လုံးဝလုပ်လို့မရပါဘူး။ အကုန်လုံးပါရပါတယ်။ အခြားသက်ဆိုင်ရာဝန်ကြီးဌာနပံ့ပိုးမှုကိုရမှသာလျှင် တိုင်းရင်းဆေးရုံကြီးက ထွက်လာတဲ့ဆေးများသည် အရည်အသွေးပြည့်ဝသောဆေးများရပြီးတော့ ကျွန်တော်တို့ ပြည်သူများကို အရည်အသွေးပြည့်ဝသောဆေးတွေရမယ်။

ကျွန်တော်ဒီမှာတစ်ချက်တင်ပြချင်တာက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတာက တိုင်းရင်းဆေးမှာ Mix လုပ်တယ်။ Combine လုပ်တယ်ဆိုတာက အနောက်ပိုင်းထက်ပိုခက် တယ် ခင်ဗျား။ အနောက်ပိုင်းမှာ Mix နဲ့ Combine လုပ်တာ Chemical တွေကိုလုပ်တာ။ ကျွန်တော်တို့က တိုင်းရင်းဆေး Raw Material လုပ်တဲ့အခါမှာ အလွန်ခက်ပါတယ်။ အမျိုးအစားခက်တဲ့အပြင် အဲဒီအမျိုးအစားလုပ်တဲ့ဟာမှာလည်း Content၊ ဘယ်လောက် Active API, Active Ingredient ဘယ်လောက်ပါလဲဆိုတာလည်းကြည့်ရသေးတယ်။ ဒါတွေကို ကျွန်တော်တို့က တွက်ဖို့လိုတယ်။ တွက်ဖို့ဆိုတာ တော်ရုံတွက်လို့မရပါဘူး။ စက်ကိရိယာတွေအများကြီးလိုပါတယ်။ ဒါတွေရှိမှာသာလျှင် ကျွန်တော်တို့အနေနဲ့က ပိုရမှာဖြစ်ပါတယ်။ ဆိုလိုတာက ပိုပြီးတော့ရှုပ်ထွေးတာပေါ့ တိုင်းရင်းဆေးက။ သို့သော်လည်း ဒီရှုပ်ထွေးတာကို ကျွန်တော်တို့က Challenge ပေါ့။ ဒါကို ရအောင်ကျွန်တော်တို့ ကျော်လွှားဖို့လိုမယ်။ ကျော်လွှားဖို့လိုဖို့အတွက်ကိုလည်း ကျွန်တော့်အနေနဲ့ အခုဘာလုပ်နေလဲ ဆိုတော့ တိုင်းရင်းဆေးတက္ကသိုလ်ကြီးကို အားဖြည့်နေပါတယ်။ သုတေသနလုပ်ထားကအစ အကုန်လုံး၊ အကုန်လုံးကို လုံးဝအားဖြည့်နေတဲ့ အပြင် ဒီတက္ကသိုလ်ကြီးက မန္တလေးမှာရှိတဲ့အတွက် ဒီတက္ကသိုလ်ဆရာဆရာမများသည် အခုနက ကျွန်တော်တို့တိုင်းရင်းဆေးဝါးစက်ရုံကြီးကိုလာပြီးတော့ အကြံဉာဏ်ပေးရမယ်။ အကုန်လုံးပံ့ပိုးပေး ရမယ်။ အဲဒီအတွက်လည်း ကျွန်တော် ပြီးခဲ့တဲ့စနေနေ့မှာ အရင်တုန်းက တိုင်းရင်းဆေးမှာရှိတဲ့ ပါမောက္ခတွေ၊ ပါမောက္ခချုပ်ကြီးတွေကို Professor Emeritus တို့၊ Honorary Professor တို့ပေးဖို့ ရှိပါတယ်။ သို့မှသာလျှင် ကျွန်တော်တို့တိုင်းရင်းဆေးရုံကြီးက တိုးတက်မယ်။ ထို့အပြင် တစ်ခါတည်း တင်ပြချင်တာက ပုဂ္ဂလိကထုတ်နေတဲ့တိုင်းရင်းဆေး၊ တော်တော်လေး Develop ဖြစ်နေတဲ့ တိုင်းရင်းဆေးဝါးစက်ရုံတွေနဲ့ ကျွန်တော်တို့က ပေါင်းစပ်ညှိနှိုင်းပြီး လုပ်ဖို့လိုပါတယ်။ ဒါတွေအကုန်လုံး လုပ်မှသာလျှင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်

ကြီး လိုလားချက်ဖြစ်တဲ့ တိုင်းရင်းဆေးဟာ အရည်အသွေးပြည့်ဝမယ့် တိုင်းရင်းဆေးစက်ရုံကြီးဖြစ်တဲ့ အပြင် ကျွန်တော့်တို့အနေနဲ့ ဒီမှာအရည်အသွေးပြည့်ဖို့ကိုလည်းအဖွဲ့ဖွဲ့ထားပါတယ်။ Good Manufacturing Practice စိစစ်အကဲဖြတ်ရေး အဖွဲ့ကို ကျွန်တော်ဖွဲ့ထားပါတယ်။ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့က ကျွန်တော်ကိုယ်တိုင်လက်မှတ် ထိုးပြီးတော့ဖွဲ့ထားပါတယ်။ ဒီအဖွဲ့က ဒီစက်ရုံ ကြီးရဲ့လည်ပတ်မှုအခြေအနေကအစ အကုန်လုံး၊ အကုန်လုံးကို မကြာမကြာသွားရောက်ကြည့်ပြီးတော့ ဘယ်လိုအရည်အသွေးဖြစ်တဲ့ဟာတွေလုပ်မလဲ။ GMP ကတော့မရသေးသော်ငြားလည်း ထွက်လာ သောဆေးများသည် ပြည်သူများကို အန္တရာယ်မရှိနိုင်တဲ့ဆေးများဖြစ်ရမယ်။ အရည်အသွေးတတ်နိုင် သမျှကောင်းတဲ့ဆေးများထုတ်ဖို့ ကျွန်တော်တို့ ကြိုးစားနေပြီဖြစ်ကြောင်း ပြောကြားရင်းအပြင် လွှတ်တော်ကိုယ်စားလှယ်ကြီး ဒီမေးခွန်းမေးတဲ့အတွက် ကျွန်တော့်အနေနဲ့ အထူးကျေးဇူးတင်ပါတယ်။ ဒါမှ ကျွန်တော်တို့လူတွေဟာ ပိုပြီးတော့လုပ်မယ်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။ ကျွန်တော်တို့ ပြည်သူ့ အခွန်ဘဏ္ဍာငွေတွေနဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေတည်ဆောက်တဲ့အခါမှာ ငွေကုန်ကြေးကျနဲ့ ထိုက်တန်တဲ့ အကျိုးရလဒ် တွေဖြစ်ထွန်းဖို့ အင်မတန်ပဲ လိုအပ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးက GMP Guideline နဲ့ပတ်သက် ပြီးတော့ ဆောင်ရွက်နေတာတွေကို အကျယ်တဝံ့ရှင်းပြတဲ့အတွက်လည်း အင်မတန်မှကျေးဇူးတင်ပါ တယ်။ ကျေးဇူးပြုပြီးတော့ Power Point ရဲ့ နံပါတ်(၃) Slide ကို ပြန်ပြပေးပါ။ အဲဒီ Slide ကို ကြည့်လိုက်လို့ရှိရင် GMP စက်ရုံကြီးအဖြစ်ထုတ်လုပ်မယ်လို့ ကြေညာ ထားပြီးတော့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာစလုပ်ကတည်းက စံတွေလည်းလွဲတယ်။ ပြည်ထောင်စုဝန်ကြီးကလည်း အခက်အခဲတွေ အများကြီးရှိတယ်လို့ ပြောခဲ့တာကို ကျေးဇူးတင်ပါ တယ်။ အဲဒီတော့နံပါတ်(၁) ကျွန်တော်မေးချင်တာကတော့ ဘာဖြစ်လို့ GMP စက်ရုံကြီးအဖြစ် ရည်ရွယ်ထားပြီးတော့ သာမန်စက်ရုံပဲ ဖြစ်သွားရသလဲဆိုတာကို ထပ်ပြီးတော့ ရှင်းပြပေးစေချင် ပါတယ်။ နောက်ပြီးတော့ အချိန်က ခုနစ်နှစ်နီးပါးကြာအောင် ဆောက်လုပ်ခဲ့တာ ဖြစ်ပါတယ်။ အခု ထက်ထိလည်းမပြီးသေးဘူး။ နောက်ထပ်လည်း ထပ်လုပ်ရဦးမယ်ဆိုတော့ နောက်ဘယ်လောက် ကြာကြာမှ ဒီကောင်က အပြည့်အဝပြီးမလဲလို့ ကျွန်တော်တို့စိုးရိမ်ပါတယ်။ နောက်ပြီးတော့ဒီဌာနမှာ

ဝန်ထမ်းလည်း အင်မတန်နည်းတယ်လို့ ပြောသွားပါတယ်။ ကျွမ်းကျင်တဲ့ဝန်ထမ်းတွေကို ကြိုတင်ပြီးတော့ပြုစုပျိုးထောင်မွေးထုတ်ထားရမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်အနေနဲ့ကတော့ မှားယွင်းတဲ့ဆောင်ရွက်ခဲ့မှုအပေါ်မှာ တာဝန်ရှိတဲ့သူတွေကို ဖော်ထုတ်ပြီးတော့ အရေးယူဖို့ကောရှိပါသလားလို့ မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေရှင်းပါ။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီမေးခွန်းကတော့ လွယ်လွယ်လေးပါ။ ကျွန်တော့်ကို ပိုက်ဆံပေးလိုက်ပါ။ 3 Billion Dollar ပေးလိုက်ပါ။ နှစ်နှစ်အတွင်း GMP စက်ရုံကြီးဖြစ်သွားမယ်။ ဒါကြောင့် ကျွန်တော် GMP စက်ရုံ မဖြစ်နိုင်တဲ့အတွက် GMP ဆိုတဲ့စာလုံးကို ကျွန်တော်ဖယ်ပြီးတော့ တိုင်းရင်းဆေးဝါးဆိုပြီးလုပ်ခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်ကို ပိုက်ဆံရအောင်လုပ်ပေးပါ။ ကျွန်တော်နှစ်နှစ်အာမခံပါတယ်။ နှစ်နှစ်မှ မရလို့ရှိရင် ကျွန်တော်အလုပ်ထွက်ပေးပါမယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက်မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာသုံးဆောင်နိုင်ရန်အတွက် အစည်းအဝေးကို တစ်နာရီခန့် ရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၂း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို တစ်နာရီခန့်ခေတ္တခဏရပ်နားပါသည်။]

**အချိန်၊ ၁၃း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တောကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသော ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့်ကိုယ်စားလှယ်များအမည်စာရင်း တင်သွင်းနိုင်ကြောင်းလွှတ်တော်သို့တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်းကို (၂၂-၅-၂၀၁၉ )ရက်နေ့တွင် လက်ခံရရှိပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်စိန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ယနေ့အစည်းအဝေးမှာ ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့တာဝန်ပေးချက်အရ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ကျွန်တော် ဦးအောင်စိန်က ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၂၂-၅-၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၉-၂၃၁

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့သော ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂-၅-၂၀၁၉ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂၂-၅-၂၀၁၉ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက အောက်ဖော်ပြပါ ရည်ရွယ်ချက်များကို အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(က) အပင်မျိုးမွေးမြူသူများ၏ ရပိုင်ခွင့် အခွင့်အရေးများကို အကာအကွယ်ပေးရန်၊

(ခ) အပင်မျိုးမွေးမြူခြင်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဂ) အပင်မျိုး မွေးမြူရေးလုပ်ငန်းတွင် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ ပိုမိုတိုးတက်လာစေရန်။

(ဃ) အပင်မျိုးသစ်များ မွေးမြူရရှိလာပြီး စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်၊

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၉-၅-၂၀၁၉ ရက်နေ့(ဗုဒ္ဓဟူးနေ့) တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်

ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့် မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန် တင်ပြချက်ဇယားများကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဖတ်ကြားတင်ပြခြင်းမပြုတော့ပါ။

၄။ သို့ပါ၍ ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ (ကမတ-ဥပဒေကြမ်း) ၁/၂၀၁၉-

ရက် စွဲ ၊ ၂ ၀ ၁ ၉ ခု နှစ်၊ ဇွန် လ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၂၂-၅-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၁/အမ (ကော်မတီ- ၁) ၁/ ၂၀၁၉- ၂၃၁

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့သော ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂-၅-၂၀၁၉ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂၂-၅-၂၀၁၉ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်း အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အောက်ဖော်ပြပါ ရည်ရွယ်ချက်များကို အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးများကို အကာအကွယ်ပေးရန်၊

( ခ) အပင်မျိုးမွေးမြူခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဂ) အပင်မျိုးမွေးမြူခြင်းလုပ်ငန်းတွင် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရန်၊

(ဃ) အပင်မျိုးသစ်များ မွေးမြူရရှိလာပြီး စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၉-၅-၂၀၁၉ ရက် ဗုဒ္ဓဟူးနေ့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်း အဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်း တွင် အခန်း (၁၁) ခန်းနှင့် အပိုဒ်ပေါင်း ၄၆ ပိုဒ် ပါရှိပါသည်။

(ခ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် အချက် (၅၈) ချက် ကို သဘောတူလက်ခံပါသည်။

(ဂ) အခန်း (၁) အပိုဒ် ၂ အပိုဒ်ခွဲ (ဂ) ရှိ ဤဥပဒေ ပုဒ်မ ၈ ပါအတိုင်း အပင်မျိုး အသစ်ဖြစ်ရန်နှင့်ဆိုသည့်စကားရပ်ကို ဤဥပဒေ ပုဒ်မ ၈ ပါအတိုင်း အပင်မျိုးသစ် ဖြစ်ပြီး” ဟု ပြင်ဆင်ပါသည်။

(ဃ) အပိုဒ် ၂ အပိုဒ်ခွဲ (ဃ) ရှိ တာဝန်ပေးအပ်သည့် လုပ်ငန်းပိုင်ရှင် သို့မဟုတ် လုပ်ငန်းပိုင်ရှင်၏ ကိုယ်စားဆောင်ရွက်ခွင့်ရှိသူ ဆိုသည့်စကားရပ်ကို တာဝန်ပေးအပ်သည့် လုပ်ငန်းပိုင်ရှင်၊ ယင်း၏ကိုယ်စား ဆောင်ရွက်ခွင့်ရှိသူဟု ပြင်ဆင်ပါသည်။

( င) အပိုဒ် ၂ အပိုဒ်ခွဲ (င) ရှိ ဤဥပဒေပုဒ်မ ၂၃၊ ၂၄ နှင့် ၂၅ ပါလုပ်ငန်းများအား ဆိုသည့်စကားရပ်ကို ဤဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅ နှင့် ၂၆ တို့ပါ လုပ်ငန်းများအား ဟု ပြင်ဆင်ပါသည်။

( စ) အခန်း (၃) အပိုဒ် ၄ အပိုဒ်ခွဲ (က) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) ဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဆက်စပ် သည့် ဝန်ကြီးဌာနများရှိသက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူပညာရှင်များနှင့် အခြားသင့်လျော်သူများကို အဖွဲ့ဝင်များအဖြစ် လည်းကောင်း၊ ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို အတွင်း ရေးမှူးအဖြစ် လည်းကောင်း ပါဝင်စေလျက် အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေး ရေးဆိုင်ရာ ဗဟိုကော်မတီကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက် ဖြင့် ဖွဲ့စည်းရမည်။

(ဆ) အခန်း (၄) အပိုဒ် ၆ ရှိ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိမရှိကို ဆိုသည့် စကားရပ်ကို သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိမရှိဟု ပြင်ဆင်ပါသည်။

( ဇ) အခန်း (၅) အပိုဒ် ၈ အပိုဒ်ခွဲ (က) ရှိ အပင်မျိုးမွေးမြူသူကိုယ်တိုင် သို့မဟုတ် မွေးမြူသူ၏ ခွင့်ပြုချက်ဖြင့် အဆိုပါအပင်မျိုး၏ မျိုးပွားနိုင်သည့် ဆိုသည့် စကားရပ်ကို အပင်မျိုး မွေးမြူသူ သို့မဟုတ် ယင်း၏ခွင့်ပြုချက် ရရှိသူက အဆိုပါ အပင်မျိုး၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်း ဟု ပြင်ဆင်ပါသည်။

(ဈ) အပိုဒ် ၈ အပိုဒ်ခွဲ (ခ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) လျှောက်ထားလာသည့် အပင်မျိုး၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်း သို့မဟုတ် ရိတ်သိမ်းထားသည့် အစိတ်အပိုင်းများသည် ယခင်လျှောက် ထားခဲ့ခြင်း မရှိပါက ပြည်တွင်း၌ လေးနှစ်ထက်စော၍လည်းကောင်း၊ နှစ်ရှည်ပင်နှင့် နွယ်ပင်ဖြစ်ပါက ခြောက်နှစ်ထက်စော၍ လည်းကောင်း စီးပွားရေးအလို့ငှာ ဖြန့်ဖြူးရောင်းချထားသော်လည်း ယင်းအပင်မျိုး၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်း သို့မဟုတ် ရိတ်သိမ်းထားသည့် အစိတ် အပိုင်းများကို အပင်မျိုးသစ်အဖြစ် မှတ်ယူနိုင်သည်။

မူကြမ်း

(ည) အပိုဒ် ၉ ရှင်းလင်းချက်ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

ရှင်းလင်းချက်။ ။အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေး လျှောက်ထားချိန် သို့မဟုတ် မှတ်ပုံတင်ခွင့် လျှောက်ထားချိန်တွင် မည်သည့် နိုင်ငံ၌မဆို အများလက်ခံ သိရှိထားသည့် အခြားအပင်မျိုးများ ထက် ထူးခြားသော လက္ခဏာရပ်ပါရှိသည့် အပင်မျိုးများနှင့် စပ်လျဉ်းသော လျှောက်ထားခြင်းကိုသာ ဆိုသည်။

( ဋ) အပိုဒ် ၁၂ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၆) ရှိ နောက်ကျလျှောက်ထားသူ၏ ဆိုသည့် စကားရပ်ကို တတိယပုဂ္ဂိုလ်၏ဟု ပြင်ဆင်ပါသည်။

( ဌ) အခန်း (၆) အပိုဒ် ၁၅ ရှိ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီပါက ဆိုသည့်စကားရပ်ကို စည်းမျဉ်း စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းနှင့် ကိုက်ညီပါက ဟု ပြင်ဆင်ပါသည်။

( ဍ) အပိုဒ် ၁၈ အပိုဒ်ခွဲ (ဂ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) နည်းပညာကော်မတီသည် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ဗဟိုကော်မတီသို့ ပြန်လည်တင်ပြရာတွင် မိတ္တူတစ်စောင်ကို အပင်မျိုးမွေးမြူသူထံသို့ ပေးပို့ရမည်။

( ဎ) အပိုဒ် ၁၉ ရှိ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆိုသည့် စကားရပ်ကို စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဟု ပြင်ဆင်ပါသည်။

(ဏ) အပိုဒ် ၂၀ အပိုဒ်ခွဲ (က) ရှိ လျှောက်ထားခဲ့သည့်နေ့၏ နောက်တစ်ရက်မှစတင်၍ ၁၂ လအတွင်း ဆိုသည့်စကားရပ်ကို လျှောက်ထားခဲ့သည့်နေ့၏ နောက်နေ့မှ စတင်၍ ၁၂ လအတွင်း ဟု ပြင်ဆင်ပါသည်။

(တ) အပိုဒ် ၂၁ ရှိ နောက်ကျ လျှောက်ထားသူ၏ ဆိုသည့်စကားရပ်ကို တတိယ ပုဂ္ဂိုလ်၏ ဟု ပြင်ဆင်ပါသည်။

(ထ) အပိုဒ် ၂၂ အပိုဒ်ခွဲ (ခ) ရှိ ပုဒ်မ ၂၃၊ ၂၄၊ ၂၅နှင့် ၂၆ ပါ ပြဋ္ဌာန်းချက်များနှင့် ပုဒ်မ ၂၇ တွင် ဆိုသည့်စကားရပ်ကို ပုဒ်မ ၂၃၊ ၂၄၊ ၂၅ နှင့် ၂၆ ပါ ပြဋ္ဌာန်းချက်များတွင်

ဟုလည်းကောင်း၊ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးအား ခွင့်ပြုသောအခါ ရရှိသကဲ့သို့ ဆိုသည့်စကားရပ်ကို အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးရရှိသကဲ့သို့ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

( ဒ) အခန်း (၇) အပိုဒ် ၂၃ အပိုဒ်ခွဲ (က) ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင်ပါ သည်-

(က) ပုဒ်မ ၂၇ နှင့် ၂၈ ပါ ကင်းလွတ်ခွင့်များမှတစ်ပါး ကာကွယ်ခွင့် ရရှိထားသော အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်းများကို အောက် ဖော်ပြပါ ကိစ္စရပ်များတွင် အပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်မရှိဘဲ မည်သူမျှ ဆောင်ရွက်ခြင်း မပြုရ-

( ဓ) အပိုဒ် ၂၃ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၇) ရှိ ပုဒ်မခွဲ (၁) မှ (၅) အထိ ဆိုသည့် စကားရပ်ကို ပုဒ်မခွဲ (၁) မှ (၆) အထိ ဟု ပြင်ဆင်ပါသည်။

( န) အပိုဒ် ၂၄ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၄။ ပုဒ်မ ၂၇ နှင့် ၂၈ ပြဋ္ဌာန်းချက်များပါ ကင်းလွတ်ခွင့်များမှတစ်ပါး အပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်မရှိဘဲ ကာကွယ်ခွင့် ရရှိထားသော အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်းကို တစ်ဦးဦးက အသုံးပြုစိုက်ပျိုး ထုတ်လုပ်ပြီး ရိတ်သိမ်းထားသည့် အစိတ်အပိုင်းကို ပုဒ်မ ၂၃ ပြဋ္ဌာန်းချက်ပါ လုပ်ငန်းများ လုပ်ကိုင်ခြင်းအတွက် သင့်တင့်မျှတသော ရပိုင်ခွင့်အခွင့်အရေးများကို အဆိုပါ အသုံးပြုသူထံမှ အပင်မျိုးမွေးမြူသူက တောင်းဆိုပိုင်ခွင့်ရှိသည်။

( ပ) အပိုဒ် ၂၇ အပိုဒ်ခွဲ (က) ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးကို မရရှိနိုင်မည့် အခြေအနေများမှာ အောက်ပါအတိုင်း ဖြစ်သည်-

( ဖ) အပိုဒ် ၂၈ အပိုဒ်ခွဲ (က) ခြေဆင်းရှိ အပင်မျိုးမွေးမြူသူကိုယ်တိုင် သို့မဟုတ် ယင်း၏ ခွင့်ပြုချက်ဖြင့် ဆိုသည့်စကားရပ်ကို အပင်မျိုးမွေးမြူသူ သို့မဟုတ် ယင်း၏ ခွင့်ပြုချက်ရရှိသူက ဟု ပြင်ဆင်ပါသည်။

( ဗ) အပိုဒ် ၂၈ အပိုဒ်ခွဲ (ခ) အပိုဒ်ခွဲငယ် (၂) ကို ရိုတ်သိမ်းထားသည့် အစိတ်အပိုင်း များ ဟု ပြင်ဆင်ပါသည်။

(ဘ) အပိုဒ် ၂၉ အပိုဒ်ခွဲ (က) ကို အပိုဒ် ၂၉ ခေါင်းစဉ်နှင့် အပိုဒ်ခွဲ (က) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၉။ မည်သူမျှ-

(က) ကာကွယ်ခွင့် ရရှိထားသော အပင်မျိုးသစ်အား အပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက် မရရှိဘဲ ပုဒ်မ ၂၃၊ ၂၄ နှင့် ၂၅ ပါ လုပ်ငန်းများ လုပ်ကိုင်ခြင်းနှင့် ပုဒ်မ ၂၆ ပါ မျိုးများ ထုတ်လုပ်၍ ကာကွယ်ခွင့် ရယူခြင်းများ ဆောင်ရွက်ခြင်း မပြုရ။

( မ) အပိုဒ် ၃၂ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၂။ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး ကာကွယ်ခွင့်ကာလသည် ကာကွယ်ခွင့်ရရှိသည့် နေ့မှစတင်၍ နှစ်ရှည်ပင်နှင့် နွယ်ပင်မျိုးသစ်များ ဖြစ်ပါက ၂၅ နှစ်၊ အခြားအပင်မျိုးသစ်များဖြစ်ပါက ၂၀ နှစ် ဖြစ်သည်။

(ယ) အပိုဒ် ၃၃ အပိုဒ်ခွဲ (ဂ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးကို မမှန်ကန်သော နည်းဖြင့် ရရှိထားခြင်း။

( ရ) အခန်း (၈) အပိုဒ် ၃၆ ရှိ ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်များမှအပ ဆိုသည့် စကားရပ် ကို ပုဒ်မ ၃၅ ပါ အခြေအနေများမှအပ ဟု ပြင်ဆင်ပါသည်။

(လ) အခန်း (၉) အပိုဒ် ၃၇ အပိုဒ်ခွဲ (က) ရှိ သတ်မှတ်ချက်များနှင့်အညီ ဆိုသည့် စကားရပ်ကို ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ ဟု ပြင်ဆင် ပါသည်။

( ဝ) အခန်း (၁၀) အပိုဒ် ၃၈ ရှိ ပုဒ်မ ၂၃၊ ၂၄၊၂၅၊ ၂၆ နှင့် ၂၇ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဆိုသည့်စကားရပ်ကို ပုဒ်မ ၂၃၊ ၂၄၊ ၂၅ နှင့် ၂၆ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဟု ပြင်ဆင်ပါသည်။

(သ) အခန်း (၁၁) အပိုဒ် ၄၂ အပိုဒ်ခွဲ (ခ) ရှိ အခြားသော အသိဉာဏပစ္စည်းမူပိုင်ခွင့် အခွင့်အရေးအတွက် ဆိုသည့်စကားရပ်ကို ဗဟိုကော်မတီသည် အခြားသော အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့် အခွင့်အရေးအတွက် ဟု ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်သို့ အစီရင်ခံ တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ်အကာအကွယ် ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လို သည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၀-၆-၂၀၁၉ ရက် (တနင်္လာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည် စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဦးကျော်အောင်လွင်၊ စေတုတ္တရာမဲဆန္ဒနယ်၏ နိုင်ငံအဝန်းတွင် စိုးရိမ်ဖွယ်မြင့်မားစွာ ဖြစ်ပွားလျက်ရှိသော ကင်ဆာရောဂါဆိုးအားဖြစ်ပွားမှုလျော့ကျစေရန် ကျန်းမာရေး ဆိုင်ရာဆိုးကျိုးများဖြစ်ပွားစေနိုင်သည့်ကိစ္စရပ်များအားဥပဒေနှင့်အညီ ထိရောက်စွာ အသိပညာပေးတားဆီးကာကွယ်စောင့်ရှောက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်း ကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးကျော်အောင်လွင်၊ စေတုတ္တရာမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့(၁၇-၅-၂၀၁၉ ရက်နေ့)တွင် တင်သွင်းသွားတဲ့ နိုင်ငံအဝန်းတွင် စိုးရိမ်ဖွယ်မြင့်မားစွာ ဖြစ်ပွားလျက်ရှိသော ကင်ဆာရောဂါဆိုးအား ဖြစ်ပွားမှုလျော့ကျစေရန် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများဖြစ်ပွားစေနိုင်သည့်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ထိရောက်စွာ အသိပညာပေး တားဆီးကာကွယ်စောင့်ရှောက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ်ငါးဦးရှိပါတယ်။

**ဥက္ကဌ**။ ။ ပထမဦးစွာ ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်းက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာအေးမင်း(ခရမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ခရမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအေးမင်း ဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါ။ ကျွန်တော့်အနေနဲ့ စေတုတ္တရာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ရဲ့ အဆိုကို ဆွေးနွေးထောက်ခံအကြံပြုသွားမှာ ဖြစ်ပါတယ်။ အဆိုရှင်အနေနဲ့ ဆေးပညာရှင်မဟုတ်ပေမဲ့လို့ ပြည်သူ့အကျိုးအတွက် ကင်ဆာရောဂါအကြောင်း ထဲထဲဝင်ဝင်လေ့လာတင်ပြသွားတဲ့အတွက် အဆိုရှင်ကို ဂုဏ်ပြုပါတယ်။ ကင်ဆာရောဂါကို ပိုပြီးတော့သတိထားမိစေဖို့ အဆိုရှင်ရဲ့ တင်ပြချက်တချို့ကို ကောက်နုတ်ဖော်ပြပါရစေ။

အဆိုရှင်က ကင်ဆာရောဂါဖြစ်ပွားနှုန်းကို ဖော်ပြထားပါတယ်။ ကမ္ဘာပေါ်မှာ ဒုတိယအသေအပျောက်အများဆုံးရောဂါ ဖြစ်ပါတယ်။ အဖြစ်အများဆုံးကင်ဆာတွေကတော့ အဆုတ်၊ အစာအိမ်၊ သားအိမ်ခေါင်း၊ ရင်သား၊ အသည်းဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ ဘာ့ကြောင့်လဲ။ အဓိကကတော့ လေထုညစ်ညမ်းမှုကြောင့်၊ စားသောက်နေထိုင်မှုပုံစံကြောင့်၊ မျိုးရိုးဗီဇကြောင့်။ စားသောက်နေထိုင်မှုပုံစံမှာ ဆေးလိပ်၊ အရက်၊ ကွမ်းကြောင့်၊ ကိုယ်လက်လှုပ်ရှားမှုနည်းလို့။ နောက်တစ်ခါ အဆိုရှင်က ဆေးလိပ်နဲ့ပတ်သက်ပြီး ဆေးလိပ်ဟာ ရောဂါပေါင်းစုံဖြစ်စေတယ်။ ကင်ဆာကို ၂၅ ဆပိုပြီးတော့ ဖြစ်စေတယ်။ ကင်ဆာကြောင့် သေဆုံးမှုရဲ့ သုံးပုံတစ်ပုံဟာ ဆေးလိပ်ကြောင့်ဖြစ်တယ်။ တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူသူနဲ့ ဆေးလိပ်သောက်သူတွေ အတူတူပဲအန္တရာယ်တယ်ဆိုတာကို ဖော်ပြထားပါတယ်။ နောက်တစ်ခါ ကင်ဆာရောဂါရဲ့ လက်သည်တရားခံတွေကို နှိုက်နှိုက်ချွတ်ချွတ် ဖော်ပြထားတာလည်း တွေ့ရပါတယ်။ ဖော်ပြချက်တွေထဲမှာ အဖိုးတန်လွန်းတဲ့ အချက်နှစ်ချက်ကတော့ ကင်ဆာရောဂါဆိုတာ ကာကွယ်လို့ရတယ်။ အသက်ကိုဉာဏ်ပညာနဲ့စောင့်ရှောက်ပါဆိုတဲ့ မှာကြားချက်ကတော့ အင်မတန်မှ မှတ်သားဖို့ကောင်းပါတယ်။

အဆိုရှင်က ကျန်းမာရေးဆိုင်ရာဆိုးကျိုးဖြစ်ပွားစေနိုင်တဲ့ကိစ္စရပ်တွေကို ဥပဒေနဲ့အညီ ထိရောက်စွာ အသိပညာပေး တားဆီးကာကွယ်စောင့်ရှောက်ပေးဖို့ တိုက်တွန်းထားတယ်။ ကျန်းမာရေးဆိုင်ရာဥပဒေများထဲက ဥပဒေနှစ်ခု ဒါကိုဆင့်ငှမိပါတယ်။ (၁) ဆေးလိပ်နဲ့ ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေနဲ့ (၂) စားသုံးသူကာကွယ်ရေးဥပဒေ ဖြစ်ပါတယ်။ ဒါကတော့ ဆေးလိပ်နဲ့ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေရဲ့ ရည်ရွယ်ချက်တွေ

ဖြစ်ပါတယ်။ ရည်ရွယ်ချက် (၅)ချက်ရှိပါတယ်။ ဥပဒေရဲ့ အခန်း(၄)ပုဒ်မ ၆ မှာ ဆေးလိပ်သောက်ခွင့် မရှိတဲ့နေရာတွေကို အသေးစိတ်ဖော်ပြထားပါတယ်။ ဒါ တားမြစ်ထားတဲ့ဧရိယာတွေဖြစ်ပါတယ်။ ဒါကတော့ တားမြစ်ဧရိယာတွေနဲ့ သီးသန့်နေရာတွေစီစဉ်ပေးဖို့ ဥပဒေဖြစ်ပါတယ်။ အခန်း(၈)ကတော့ ပြစ်မှု၊ ပြစ်ဒဏ်တွေဖြစ်ပါတယ်။ အဲဒီမှာမှ ပုဒ်မ ၁၃(င)မှာ ဆေးလိပ်သည်များပြုလုပ်ထားတဲ့ ကစား စရာပစ္စည်းတွေ၊ စားသောက်ဖွယ်ရာ သို့မဟုတ် အသုံးအဆောင်တွေကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းတွေကို တားမြစ်ထားတဲ့ဥပဒေတွေ ဖြစ်ပါတယ်။ ဒါဟာ ကလေးသူငယ်ကျောင်းသူ ကျောင်းသားတွေအတွက် အင်မတန်အရေးကြီးတဲ့ အချက်ဖြစ်ပါတယ်။ ဒီနေရာမှာ ပြစ်ဒဏ်တွေထဲမှာ လူမှုရေးကူညီမှု၊ ဆောင်ရွက်မှု၊ လူမှုရေးကူညီဆောင်ရွက်မှုပြစ်ဒဏ်တွေနဲ့ ခေတ်နဲ့လျော်ညီတဲ့ သတ်မှတ်ချက်များချမှတ်ပေးဖို့ အကြံပေးလိုပါတယ်။

ဒါကတော့ စားသုံးသူကာကွယ်ရေးဥပဒေ ဒီဥပဒေထဲမှာ စားသုံးသူတွေအတွက်၊ လုပ်ငန်းရှင် တွေအတွက်၊ ရပိုင်ခွင့်တာဝန်၊ ပြစ်ဒဏ် စသည်ဖြင့် ထောင့်စေ့အောင်ရေးဆွဲပြဌာန်းထားပါတယ်။ နေ့စဉ်သတင်းစာ၊ ဂျာနယ်၊ စာစောင်တွေမှာ ခရိုင်/မြို့နယ်စားသုံးသူရေးရာဦးစီးဌာနက လာပြီး ပညာပေးဟောပွဲတွေ ခပ်စိပ်စိပ်ပြုလုပ်လာတာတွေ့ရပါတယ်။ ဥပဒေအရ စားသုံးသူရေးရာကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူကာကွယ်ရေးဆိုင်ရာအသင်းအဖွဲ့ စသဖြင့် ဖွဲ့စည်းဆောင်ရွက် မယ်ဆိုတာကို သိရပါတယ်။ သို့သော် ရန်ကုန်(တောင်ပိုင်း)ခရိုင်၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ် ၁၀ မြို့နယ်ကို ကိုင်ရမယ့်နေရာမှာ ဝန်ထမ်းအယောက် ၂၀ ပဲရှိပါတယ်။ ကျွန်တော်တို့ ခရမ်းမြို့နယ်မှာ လူဦးရေ ၁၇၀၀၀၀ ခန့်ရှိပါတယ်။ ရပ်ကွက်/ကျေးရွာ ၁၆၅ ခုရှိတယ်။ ဒီမှာ စားသုံးသူ ရေးရာဦးစီးဌာနဝန်ထမ်းက ငါးဦးထက်မပိုဘူး။ ဒီတော့ ဒီဝန်ထမ်းအင်အားနဲ့ လူထုကိုလွှမ်းခြုံမယ့် ရောဂါဘယတားဆီးကာကွယ်ရေးနဲ့ အသိပညာပေးဖို့လုပ်ငန်းများ မထိရောက်နိုင်ဘူး။ လူအင်အား၊ ငွေများစွာလိုမှာဖြစ်တယ်။

ကျွန်တော့်မဲဆန္ဒနယ်က ဆောင်ရွက်နေတဲ့အစီအစဉ်တစ်ခုကို ဖော်ပြလိုပါတယ်။ အဲဒါကတော့ စားသုံးနေထိုင်မှုဆိုင်ရာ ကျန်းမာရေးအသိပညာပေးအဖွဲ့ ပရဟိတအဖွဲ့ကို ဖွဲ့ထားပါတယ်။ ခရမ်း မြို့နယ်အတွင်းက ပြင်ပဆေးကုခန်းဆရာဝန်တွေ သူတို့ကိုအဓိကထားပြီးတော့ မြို့မိမြို့ဖစိတ်ပါဝင်စား သူတွေ၊ လူငယ်တွေ၊ အမျိုးသမီးတွေ ဖွဲ့စည်းထားပါတယ်။ ကျွန်တော်တို့ပြည်သူတွေ ရောဂါဘယ များနှင့်ပတ်သက်တဲ့၊ အစားအသောက်များနဲ့ပတ်သက်တဲ့ နေမှု၊ ထိုင်မှု၊ စားသောက်မှု၊ အသိပညာ ဗဟုသုတတွေကို ကျယ်ကျယ်ပြန့်ပြန့်၊ ထိထိရောက်ရောက်ရရှိဖို့ ရည်ရွယ်ပြီး ဖွဲ့စည်းဆောင်ရွက်

နေပါတယ်။ ပညာပေးတဲ့အကြောင်းအရာတွေကတော့ ကင်ဆာအပြင် ကူးစက်မှုဖြစ်တဲ့ရောဂါတွေနဲ့လည်း ပတ်သက်ပြီးတော့ ပညာပေးပါတယ်။ နောက်ပြီးတော့ ဆိုင်ကယ်ဦးထုပ်ဆောင်းမှု၊ ဆိုင်ကယ်စီးပြီးတော့ဖြစ်ရတဲ့ Accident နဲ့ပတ်သက်ပြီးတော့လည်း အသိပညာပေးပါတယ်။

အဲဒီတော့ ဘယ်ရောဂါမဆို ဖြစ်မှကုသခြင်းထက် ကာကွယ်ခြင်းက ပိုပြီးတော့ထိရောက်ပါတယ်။ အချိန်ကုန်၊ ငွေကုန်သက်သာမယ်။ ပျောက်ကင်းဖို့သေချာမယ်။ စိတ်ချမ်းသာမယ်။ ကင်ဆာဆိုတာဖြစ်မှကုရင် အရင်တုန်းက ကင်ဆာဆို ပြင်ရှာဆိုတဲ့စကားရှိခဲ့ဘူးတယ်။ အခုခေတ်တော့ ဒီလိုမဟုတ်တော့ပါဘူး။ ပျောက်ကင်းအောင်ကုလို့ရတဲ့ကင်ဆာတွေလည်း ရှိနေပါတယ်။ ကင်ဆာအပါအဝင် ရောဂါတွေကိုမဖြစ်အောင် ကာကွယ်ပါ၊ တားဆီးပါ။ လူတိုင်းလူတိုင်း ရောဂါမဖြစ်အောင် သတိနဲ့ရှောင်ဖို့၊ ဆောင်ဖို့လိုပါတယ်။ လူတိုင်းရောဂါဖြစ်စေတတ်တဲ့အကြောင်းတွေ သိဖို့လိုတယ်။ လူတိုင်းကို အသိပညာပေးဖို့လိုပါတယ်။ လူတိုင်းအသိပညာပေးဖို့ဆိုတဲ့နေရာမှာ ပြည်သူလူထုပူးပေါင်းပါဝင်တဲ့ ပညာပေးအဖွဲ့ကို ပြည်ထောင်စုအစိုးရကနေပြီးတော့ လမ်းညွှန်မှုပေးရင်း ဖွဲ့စည်းပေးဖို့လိုပါနတယ်။ ဒါမှသာလျှင် အစိုးရဌာနမှာ ဝန်ထမ်းအင်အားနဲ့ဘတ်ဂျက် အကန့်အသတ်ရှိတဲ့အတွက် ပြည်သူလူထုပါလာမှ ပိုပြီးတော့အောင်မြင်မှာဖြစ်ပါတယ်။ ဒါကတော့ ခုနပြောတဲ့ မြို့နယ်စားသုံးနေထိုင်မှုဆိုင်ရာ ကျန်းမာရေးအသိပညာပေးအဖွဲ့ရဲ့ ပညာပေးဟောပြောပွဲတစ်ခုရဲ့ မြင်ကွင်းတစ်ခုဖြစ်ပါတယ်။ ဒါကတော့ အဖွဲ့ရဲ့ ဥက္ကဋ္ဌတာဝန်ယူထားတဲ့ ဆရာဝန်ကြီး ဒေါက်တာဇော်ဝင်းရဲ့ ပညာပေးဟောပြောမှုပါ။ ဒါကတော့ အဖွဲ့ရဲ့ ဒုတိယဥက္ကဋ္ဌတာဝန်ယူထားတဲ့ ဆရာဝန်ကြီး ဒေါက်တာစန်းမြင့်သိန်းရဲ့ Projector များနဲ့ ဟောပြောပို့ချနေပုံပါ။ ကင်ဆာရောဂါကို အစိုးရလည်း ညွှန်ကြားချက်တွေနဲ့ ပြည်သူလူထုပူးပေါင်းပါဝင်ပြီးတော့ ကင်ဆာရောဂါကာကွယ်ကြပါစို့လို့ တိုက်တွန်းရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးသိမ့်သိင်္ဂီထွေးအောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်ကြီးသိမ့်သင်္ဂီထွေးအောင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးသိမ့်သင်္ဂီထွေးအောင် ဖြစ်ပါတယ်။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် တင်သွင်းသောအဆိုကို အကြံပြုဖြည့်စွက် ဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရှင်။

ဥက္ကဋ္ဌကြီးရှင်။ လူနေမှုပုံစံများ၊ ပတ်ဝန်းကျင်နှင့် စားသောက်မှုပုံစံများ ပြောင်းလဲလာမှုကြောင့် မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးမှာ ကင်ဆာရောဂါဖြစ်ပွားသူ များပြားလျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ အမျိုးသားနှင့်အမျိုးသမီးများ၌ ဖြစ်ပွားမှုအများဆုံး ကင်ဆာရောဂါများမှာ တင်ပြပါအတိုင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံ၏ ကင်ဆာရောဂါဆိုင်ရာ ကျန်းမာရေးအသင်းအချက်အလက်စနစ် အားကောင်းခိုင်မာစေရန် Population Based Cancer Registry ကိုလည်း ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိပါတယ်။ ကင်ဆာရောဂါဆိုင်ရာ ကျန်းမာရေးသတင်းအချက်အလက်များမှ တစ်ဆင့် ဖြစ်ပွားမှုများပြားသော ရောဂါအမျိုးအစားနှင့် နေရာဒေသအလိုက် ကင်ဆာရောဂါဖြစ်ပွားမှု စသည်တို့ကို တိကျစွာသိရှိနိုင်ပြီး ဆေးဝါးနှင့်ဆေးပစ္စည်းဝယ်ယူမှု၊ ဘဏ္ဍာငွေခွဲဝေမှုတို့အပါအဝင် စီမံခန့်ခွဲမှုနှင့် စီမံချက်ရေးဆွဲမှုတို့ကို များစွာအထောက်အကူပြုနိုင်ပါတယ်။

၂၀၁၇ ခုနှစ်၊ (၇၀)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံမှာ ချမှတ်ခဲ့သော အဓိဋ္ဌာန်ဆုံးဖြတ်ချက်နှင့်အညီ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ Global Initiative in Childhood Cancer အစီအစဉ်ကို မြန်မာနိုင်ငံမှလည်း ပါဝင်ဆောင်ရွက်နေပြီး ကလေးအရွယ်ကင်ဆာရောဂါဆိုင်ရာ Nay Pyi Taw Resolution ကိုချမှတ်ဖို့ ဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံမှာ ကလေးအရွယ်ဖြစ်ပွားသော ကင်ဆာရောဂါကာကွယ်ရေးလုပ်ငန်းများအတွက် ကာကွယ်ရေးစီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့ရှိရတယ်။ မြန်မာနိုင်ငံမှာ ကင်ဆာရောဂါဖြစ်ပွားမှုလျော့ကျစေရန် ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် နှီးနွှယ်ဝန်ကြီးဌာနများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ INGO/NGO များ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုအားလုံး၏ ပေါင်းစပ်ညှိနှိုင်း ပူးပေါင်းကူညီဆောင်ရွက်ခြင်းဟာ အလွန်အရေးကြီးပါတယ်။ ၎င်းအဖွဲ့အစည်းများရဲ့ ကင်ဆာရောဂါများ ကြိုတင်ကာကွယ်ရေး၊ စောစီးစွာသိရှိနိုင်ရေး၊ ကုသရေးတို့အတွက် ပါဝင်ဆောင်ရွက်မှုများဟာ အလွန်ပဲအရေးကြီးလှပါတယ်။ အစိုးရနှင့်ပုဂ္ဂလိကတို့မှ ဆောင်ရွက်နေသည့် လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးနေခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ကင်ဆာရောဂါများ ကြိုတင်ကာကွယ်ရေး၊ စောစီးစွာသိရှိနိုင်ရေး၊ ကုသရေးတို့အတွက် All for Heath Approach ဖြင့် Multi Stakeholder Partnerships ပုံစံဖြင့် ဆောင်ရွက်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အခြေခံပညာကျောင်းများဟာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၉.၅ သန်းခန့် ရှိသည့် ကျောင်းသားလူငယ်များအတွက်သာမက ပြည်သူလူထုတို့ကို မှန်ကန်သည့် သတင်းအချက်

အလက်နှင့် အလေ့အကျင့်ကောင်းများ ပေးနိုင်သည့်နေရာကောင်းများ ဖြစ်ပါတယ်။ ကျောင်းများဟာ Well-Established Community တစ်ခုဖြစ်တဲ့အတွက်ကြောင့် ကင်ဆာရောဂါများဖြစ်ပွားမှုကို လျှော့ချရန် ကျောင်းအခြေပြု ကျန်းမာရေးအဆင့်မြှင့်တင်မှုလုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်ပြီး အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ကျောင်းများမှာ ကာယနှင့်အားကစားလှုပ်ရှားမှု ဆောင်ရွက်နိုင်မည့် ပတ်ဝန်းကျင်အခြေအနေကောင်းများနှင့် အရင်းအမြစ်များရရှိနိုင်အောင် ဖော်ဆောင်ပေးဖို့လိုအပ်သလို ကျောင်းတွင်းကာယနှင့် အားကစားလှုပ်ရှားမှုများကို အလေးထားဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ကင်ဆာရောဂါများ ဖြစ်ပွားမှုကို ကြိုတင်ကာကွယ်တားဆီးရေးအတွက် ပြည်သူလူထု၏ အစားအစာဘေးအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းစဉ်ကို လိုက်နာကျင့်သုံးစေရန် တွန်းအားပေးရမှာဖြစ်ပါတယ်။ ဥပမာ- စားသုံးဆီ ထုတ်လုပ်ခွင့်ကို FDA ၏ ခွင့်ပြုချက်ရမှ ထုတ်လုပ်နိုင်ရန် အမျိုးသားအစားအသောက်ဥပဒေကို ပြန်လည်ပြင်ဆင်နေကြောင်း သိရှိရသဖြင့် အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သင့်ပါတယ်။ အလားတူ FDA ၏ အစားအသောက်နှင့် ထုတ်ကုန်ပစ္စည်းများ အန္တရယ်ကင်းရှင်းမှု စစ်ဆေးချက်များကို ပိုမိုဆောင်ရွက်နိုင်ရန် Food Testing Laboratory Law ကို အမြန်ဆုံးရေးဆွဲအကောင်အထည် ဖော်သင့်ပါတယ်။ ထိုအတွက်ကြောင့် အစားအသောက်နှင့် ထုတ်ကုန်ပစ္စည်းထုတ်လုပ်ခြင်းများဟာ ပြည်သူလူထု၏ ကျန်းမာရေးအန္တရာယ်ဖြစ်ပွားနေမှုကို ကြိုတင်တားဆီးဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။

ကျွန်မတို့ ပတ်ဝန်းကျင်မှာရှိတဲ့ ရေ၊ လေ၊ မြေတို့ရဲ့ ညစ်ညမ်းလာမှုဟာ ကင်ဆာရောဂါကို ပိုဖြစ်စေပါတယ်။ ဒါကြောင့် ကျွန်မတို့နိုင်ငံမှာ ပတ်ဝန်းကျင်ကို လေ့လာစောင့်ကြည့်တာနဲ့ ထိန်းချုပ်တာတွေကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ဖို့ လိုအပ်နေဆဲဖြစ်သလို သက်ဆိုင်ရာဝန်ကြီးဌာနမှလည်း ပိုမိုအလေးထားဆောင်ရွက်သင့်ပါတယ်။ ကင်ဆာရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကင်ဆာရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ဆက်သွယ်ရေးကုမ္ပဏီများကလည်း ပြည်သူများကိုဖြန့်ဝေပေးခြင်းဖြင့် ၎င်းတို့၏ CSR/CSV လုပ်ငန်းစဉ်များကိုလည်း လုပ်ဆောင်ပြီးသားဖြစ်စေပါတယ်။

ကျွန်မတို့နိုင်ငံမှာ ကင်ဆာရောဂါများ စောစီးစွာသိရှိနိုင်ရေး၊ ကုသရေးတို့အတွက် ကျန်းမာရေးဝန်ဆောင်မှုတို့အတွက် ကျန်းမာရေးဝန်ဆောင်မှုများ၊ အကန့်အသတ်ဖြစ်နေရခြင်းရဲ့ အဓိက

အကြောင်းအရင်းဟာ ကျန်းမာရေးဆိုင်ရာ ငွေကြေးအရင်းအမြစ် နည်းပါးခြင်းကြောင့် ဖြစ်ပါတယ်။ ကင်ဆာရောဂါများကုသမှုအတွက် ကိုယ့်ငွေကိုယ်ပေးရခြင်းသည် ရောဂါဖြစ်ပွားသူ အိမ်ထောင်စုများကို ဆင်းရဲတွင်းသို့တွန်းပို့စေသည့် အကြောင်းအရင်းတစ်ခုဖြစ်နေရုံသာမက ငွေကြေးမတတ်နိုင်သဖြင့် ကျန်းမာရေးစောင့်ရှောက်မှုခံယူခြင်းကို စွန့်လွှတ်လိုက်ရသည်များ ဖြစ်စေပါတယ်။ ကင်ဆာရောဂါများ အဓိကဖြစ်ပွားစေသည့် အရက်၊ ဆေးလိပ် စသည့်ကုန်ပစ္စည်းတို့အပေါ် Earmarked Tax ကောက်ခံသည့် ကျန်မာရေးရည်စူးထပ်ဆောင်း အခွန်ငွေဥပဒေကြမ်းကိုရေးဆွဲကာ ရေငွေးအရင်းအမြစ်တိုးပွားလာအောင် ကြိုးပမ်းနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင် နိဂုံးချုပ်အားဖြင့် အထက်ပါဆွေးနွေးခဲ့သည့် အချက်များအရ မြန်မာနိုင်ငံမှာ ကင်ဆာရောဂါများဖြစ်ပွားမှုလျော့ကျစေရန် ပြည်သူတို့၏ အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် အမျိုးသားအစားအသောက်ဥပဒေပြင်ဆင်ခြင်းကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သင့်ပါတယ်။ Food Test Laboratory Law ကို အသစ်ရေးဆွဲပြဋ္ဌာန်းသင့်ပါတယ်။ ကျန်းမာရေးဆိုင်ရာ ငွေကြေးအရင်းအမြစ် ပိုမိုရရှိလာစေရန်သာမက ပြည်သူလူထု၏ ဆေးလိပ်၊ အရက်စသည့်သုံးစွဲမှုများကို လျှော့ချစေသည့် ကျန်းမာရေးရည်စူး ထပ်ဆောင်းအခွန်ငွေဥပဒေကြမ်းကို ရေးဆွဲသင့်ကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးဝင်းမင်းထွန်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စေတုတ္တရာမဲဆန္ဒနယ်က ဦးကျော်အောင်လွင် တင်သွင်းတဲ့အဆိုကို အကြံပြုတိုက်တွန်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုနိုင်ပါရန် ခွင့်တောင်းခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၁ ရာစုမှာ Non communicable Disease လို့ခေါ်တဲ့ မကူးစက်နိုင်တဲ့ရောဂါတွေဟာ ကမ္ဘာလုံးဆိုင်ရာသေဆုံးမှုအများဆုံးရောဂါ ဖြစ်လာနေပါတယ်။ အဲဒီအထဲမှာမှ ကင်ဆာရောဂါဟာ သေဆုံးမှုအများဆုံးဖြစ်ပြီးတော့မှ လူ့ဘဝသက်တမ်းတိုးတက်လာရေးအတွက်လည်း အရေးကြီးဆုံးအဟန့်အတားတစ်ခု ဖြစ်နေပါတယ်။ WHO ရဲ့ခန့်မှန်းချက်အရ

ကင်ဆာရောဂါကြောင့် အသက် ၇၀ မတိုင်မီသေဆုံးမှုတွေဟာ ကမ္ဘာ့နိုင်ငံများအနက် ၉၁ နိုင်ငံမှာ ပထမအများဆုံး ဖြစ်နေပါတယ်။ ကင်ဆာရောဂါဖြစ်ပွားမှုတွေရဲ့ ၆၇ ရာခိုင်နှုန်းဟာ အသက် ၃၅ နှစ်မှ ၆၄ နှစ်ကြားအရွယ်ဖြစ်နေပြီးတော့မှ ကင်ဆာဝေဒနာရှင်တွေရဲ့ထက်ဝက်ခန့်ကလည်း ရောဂါကျွမ်းမှ ကင်ဆာရောဂါဖြစ်နေတာကို သိရှိကြပါတယ်။ ကင်ဆာရောဂါကို သတိပြုမိစေဖို့အတွက် ဖေဖော်ဝါရီလ ၄ ရက်နေ့ကို ကမ္ဘာ့ကင်ဆာရောဂါနေ့အဖြစ် အထူးဝိသေသပြု သတ်မှတ်ထားရပါတယ်။ ကင်ဆာရောဂါဖြစ်ပွားမှု ဟာ ၂၀၃၅ ခုနှစ်မှာ လက်ရှိ ၁၈.၁ သန်းထက် ၂ ဆ တိုးလာမယ်လို့ ခန့်မှန်းထားပါတယ်။ ကင်ဆာ ရောဂါကြောင့် နှစ်စဉ် တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် အမေရိကန်ဒေါ်လာ ၁.၁၆ ထရီလီယံ ကုန်ကျနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကင်ဆာရောဂါများထဲမှ ၃၀ မှ ၅၀ ရာခိုင်နှုန်းဟာ ကာကွယ်ရန်ရနိုင်တဲ့ အမျိုးအစားတွေ ဖြစ်ပါတယ်။ ရောဂါကိုကာကွယ်နိုင်ဖို့အတွက် Cancer Data ဟာ အရေးကြီးပြီးတော့မှ မရှိမဖြစ်လိုအပ်ပါတယ်။ Data ရရှိမှသာ မည်သည့်ကင်ဆာအမျိုးအစားကိုရည်ရွယ်ပြီးတော့မှ ဦးစားပေးဆောင်ရွက်ရမယ့် ကာကွယ်ရေးအစီအမံတွေ၊ ကုသမှုအတွက် ကုန်ကျစရိတ်နှင့် လိုအပ်တဲ့ထောက်ပံ့မှုတွေ ချမှတ်နိုင်မှာဖြစ်ပါတယ်။ ဝင်ငွေအလယ်အလတ်နှင့် ဝင်ငွေနိမ့်နိုင်ငံ ၅ နိုင်ငံလျှင် တစ်နိုင်ငံနှုန်းသာ ရောဂါထိန်းချုပ်ရေးပေါ်လစီအတွက် လိုအပ်တဲ့ Data တွေရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့ကတော့ ရောဂါထိန်းချုပ်ရေးပေါ်လစီအတွက် Data မရှိတဲ့အတွက် ကမ္ဘာ့ကင်ဆာ ရောဂါဖြစ်ပွားမှုအများဆုံးနိုင်ငံများထဲမှ တစ်ခုအဖြစ် မှတ်တမ်းပုံရိပ်ဆိုးစာရင်းဝင် ဖြစ်နေပါတယ်။ ဒီနေရာမှာ ဖြစ်ပွားမှုအများဆုံးဆိုတာက ဘယ် Data၊ ဘယ် Register တွေအပေါ်မှာ အခြေခံပြီးပြောသလဲဆိုတာ ဆန်းစစ်ဖို့လိုပါတယ်။ GLOBOCAN ၂၀၁၈ ခုနှစ် မြန်မာနိုင်ငံ ကင်ဆာရောဂါ ခန့်မှန်းမှုအစီရင်ခံစာရဲ့ Incidence နဲ့ Mortality Rate မှာ No Data Resources လို့ဖော်ပြထားပြီးတော့မှ ဖြစ်ပွား/သေဆုံးမှုတွေဟာလည်းပဲ အိမ်နီးချင်းနိုင်ငံတွေရဲ့ Data တွေကိုယူပြီးတော့မှ Average ခန့်မှန်းတွက်ချက်ထားခြင်း ဖြစ်ပါတယ်။ Research Data မဟုတ်ဘဲနဲ့ Hear Say Data သဘောမျိုး ဖြစ်နေပါတယ်။ ဒါကြောင့် လူဦးရေအခြေပြုကင်ဆာ မှတ်တမ်းအချက်အလက်များ(Population Based Cancer Registry-PBCR)နဲ့ Research ပြုလုပ်ခြင်းအားဖြင့် ရောဂါထိန်းချုပ်ရေးစီမံချက်နှင့် အမှန်တကယ်ဖြစ်ပွားမှုမှတ်တမ်းများအတွက် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံး Data များရရှိနိုင်မှာ ဖြစ်ပါတယ်။ ၂၀၁၅ မှ ၂၀၁၇ အတွင်း

နေပြည်တော်ကောင်စီနယ်မြေတွင် ပြုလုပ်ထားတဲ့ PBCR အရ ကင်ဆာရောဂါဖြစ်ပွားမှုတွေကတော့ Power Point မှာ တင်ပြထားတဲ့အတိုင်း ဖြစ်ပါတယ်။

Power Point မှာတင်ပြပါရောဂါအချက်အလက်တွေကို ကြည့်ရှုခြင်းအားဖြင့် မြန်မာနိုင်ငံဟာ အများထင်မြင်သကဲ့သို့ ကမ္ဘာမှာရောဂါဖြစ်ပွားမှုအများဆုံးမဟုတ်ဘဲနဲ့ အိမ်နီးချင်း၊ ဒေသတွင်းနိုင်ငံများနှင့် ဖြစ်ပွားမှုနှုန်းမတိမ်းမယိမ်းသာဖြစ်ကြောင်း တွေ့ရှိရပါတယ်။ သို့သော်လည်းပဲ ရောဂါအမျိုးအစားကတော့ နိုင်ငံဒေသအလိုက်မတူညီနိုင်တဲ့အတွက် မိမိတို့နှင့်ကိုက်ညီဆီလျော်မယ့် ကာကွယ်ကုသခြင်း၊ ထိန်းချုပ်ခြင်းအစီအမံများ ချမှတ်သင့်ပါတယ်။ နေပြည်တော် PBCR ကဲ့သို့ အခြားသင့်လျော်တဲ့ဒေသတွေမှာလည်း PBCR စီမံချက်တွေ တိုးချဲ့လုပ်ဆောင်ဖို့နှင့် ရရှိလာတဲ့ Data တွေကို ကင်ဆာကာကွယ်ထိန်းချုပ်ရေးစီမံချက်တွေမှာ အကျိုးရှိစွာအသုံးချနိုင်ရန် ဆောင်ရွက်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကင်ဆာရောဂါဖြစ်ပွားမှုကို အောင်မြင်စွာထိန်းချုပ်နိုင်ဖို့ဆိုရင် နိုင်ငံတစ်ဝန်းလုံး ရောဂါကြိုတင်ရှာဖွေခြင်း၊ ကုထုံးနည်းလမ်းများ တိကျစွာလိုက်နာဆောင်ရွက်ခြင်း၊ ကင်ဆာကုသမှုပညာရပ်များ သင်ကြားခြင်း၊ ပြည်သူများအကြားမှာ Public Awareness Campaign တွေပြုလုပ်ပြီးတော့ အသိပညာဖြန့်ဝေပေးခြင်း၊ ကင်ဆာဆေးသစ်တွေဖော်ထုတ်ပြီးတော့မှ သုတေသနပြုလုပ်ခြင်း စတာတွေကို ဦးဆောင်ပြုလုပ်နိုင်ဖို့အတွက် အမျိုးသားကင်ဆာဌာနကြီး(National Cancer Institute-NCI)များ အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါတယ်။ ကမ္ဘာ့နိုင်ငံ တော်တော်များများမှာ (NCI)များ တည်ထောင်ထားရှိပါတယ်။ အာဆီယံနိုင်ငံတွေဖြစ်တဲ့ ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှာ NCI များရှိပြီးဖြစ်ပါတယ်။ NCI ဌာနကြီးများရဲ့လုပ်ပိုင်ခွင့်ကို အားဖြည့်နိုင်ဖို့အတွက် အမျိုးသားကင်ဆာတိုက်ဖျက်ရေးဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးဖို့လိုအပ်ပါတယ်။

အင်္ဂလန်နိုင်ငံမှာ ၁၉၃၉၊ အမေရိကန်မှာ ၁၉၇၁ ကတည်းက Cancer Control Act ကို ပြဋ္ဌာန်းထားခဲ့ပြီး ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံတော်တော်များများမှာ ဥပဒေတွေပြဋ္ဌာန်းပြီးတော့မှ ကင်ဆာရောဂါတိုက်ဖျက်ရေးကို အမျိုးသားအဆင့်သဘောထားပြီး ဆောင်ရွက်နေကြပါတယ်။ ၂၀၁၉ ခုနှစ် မတ်လအတွင်းမှာပဲ အာဆီယံဒေသတွင်းက ဖိလစ်ပိုင်နိုင်ငံမှာ အမျိုးသားကင်ဆာထိန်းချုပ်ရေး ဥပဒေ (National Integrated Cancer Control Law)ကို ပြဋ္ဌာန်းခဲ့ပါတယ်။

ကင်ဆာဥပဒေတစ်ရပ် ပေါ်ပေါက်လာခြင်းအားဖြင့် လူကြီးနှင့် ကလေးသူငယ်များ ရောဂါကြောင့် သေဆုံးမှုကိုလျော့ကျစေခြင်း၊ ကာကွယ်လို့ရနိုင်တဲ့ရောဂါများကို လျှော့ချစေနိုင်ခြင်း၊ ကုသသူလူနာများအတွက် ကင်ဆာပြန်ကြွလာခြင်း၊ ပျံ့နှံ့သွားခြင်းများမဖြစ်စေရန်အတွက် ကာကွယ်နိုင်ခြင်း၊ လူနာတိုင်းအတွက် လိုအပ်တဲ့ကုသမှုတွေကို အချိန်မဆိုင်းပဲ ရရှိနိုင်စေခြင်း၊ လူတိုင်းလက်လှမ်းမီတဲ့ကုသမှုကုန်ကျစရိတ်ကို လူနာများရရှိစေခြင်း၊ ရွှေရောင်နှင်းဆီနှင့် ဦးလှထွန်းကင်ဆာဖောင်ဒေးရှင်းကဲ့သို့ ဘက်စုံထောက်ပံ့ပေးနိုင်တဲ့ အဖွဲ့အစည်းများပေါ်ထွန်းလာစေခြင်း၊ လူနာများရဲ့ မိသားစုဝင်များအပေါ်မှာကျရောက်နေတဲ့ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးစတဲ့ဝန်ထုပ်ဝန်ပိုးတွေကို လျှော့ချစေနိုင်ခြင်း၊ ရောဂါကြိုတင်ရှာဖွေရေး၊ ကုသရေး၊ ပညာပေးအစီအစဉ်များ တိုးချဲ့ဆောင်ရွက်နိုင်ခြင်းနှင့် Councelling များပြုလုပ်ပေးနိုင်ခြင်းနှင့် သီးသန့်ရန်ပုံငွေပိုမိုရရှိစေခြင်းစတဲ့ အကျိုးကျေးဇူးများစွာ ရရှိနိုင်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံဟာ ကင်ဆာရောဂါဖြစ်ပွားစေတဲ့ Ricks Factors တွေကို ဥပဒေတွေပြဋ္ဌာန်းပြီးတော့မှ တားမြစ်ထားပြီးဖြစ်သော်လည်းပဲ လုပ်ဆောင်မှုနှင့် လိုက်နာဆောင်ရွက်မှုအလွန်အားနည်းနေပါသေးတယ်။ အဆိုရှင်တင်ပြသလို နိုင်ငံတစ်ဝန်း စိုးရိမ်ဖွယ်မြင့်မားစွာဖြစ်ပွားလျက်ရှိတဲ့ ကင်ဆာရောဂါဆိုးဖြစ်ပွားမှုလျော့ကျစေရေးအတွက်ဆိုလို့ရှိရင် NCI မဖြစ်မနေထူထောင်ဖို့ လိုအပ်ပြီးတော့မှ ကင်ဆာဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရပါမယ်။ ဥပဒေပြဋ္ဌာန်းပေးနိုင်ခြင်းအားဖြင့် ရောဂါကို အတိုင်းအတာတစ်ရပ်အထိ ကာကွယ်ထိန်းချုပ်နိုင်ပြီးတော့မှ မြန်မာနိုင်ငံရဲ့ ကျန်းမာရေးကဏ္ဍပုံရိပ်လည်း မြင့်မားလာမှာဖြစ်ပါတယ်။ NCI တွေ၊ ဥပဒေတွေမရှိဘဲနဲ့ ရောဂါကာကွယ်ထိန်းချုပ်ရေးကို လုပ်ဆောင်နေခြင်းဟာ အောင်မြင်မှုရနိုင်မှာမဟုတ်တဲ့အတွက် အမျိုးသားကင်ဆာထိန်းချုပ်ရေးဥပဒေတစ်ရပ်ပေါ်ပေါက်လာဖို့အတွက် သက်ဆိုင်ရာပညာရှင်များ၊ ဝန်ကြီးဌာနများ၊ ကိုယ်စားလှယ်တော်ကြီးများက စဉ်းစားဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ကင်ဆာဝေဒနာရှင်များနှင့် မိသားစုဝင်များအကျိုးအတွက် အလေးအနက်ထားတိုက်တွန်းရင်း ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

မူကြမ်း

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် ကြွရောက်လာသူအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ဒေါက်တာ စိန်မြအေး၊ ဒလမဲဆန္ဒနယ်မြေမှ ကိုယ်စားလှယ်အနေနဲ့ ဦးကျော်အောင်လွင်၊ စေတုတ္တရာမဲဆန္ဒနယ်မြေ က တင်သွင်းထားတဲ့ ကင်ဆာနဲ့ပတ်သက်တဲ့ ပြည်သူ့ကျန်းမာရေးအတွက် အရေးကြီးတဲ့အဆိုကို အကြံ ပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်သောဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်တင်ပြခွင့်ပြုပါရန် မေတ္တာရပ်ခံ အပ်ပါတယ်။ ကင်ဆာရောဂါဆိုတာဟာ လူ့ခန္ဓာကိုယ်မှာရှိတဲ့ အသေးငယ်ဆုံးအဖွဲ့အစည်း ကလပ်စည်းများမှာ စတင်ဖြစ်ပွားပြီး ၎င်းတို့အားထိန်းချုပ်သောစနစ်ပျက်ယွင်းခြင်းဖြင့် မူမမှန် ကလပ်စည်းများ အထိန်းအကွပ်မဲ့ပွားများလာတဲ့ရောဂါဖြစ်ပါတယ်။ ခန္ဓာကိုယ်ရဲ့မည်သည့်နေရာမဆို ဖြစ်ပွားနိုင်တဲ့ မကူးစက်နိုင်တဲ့ရောဂါ NCD ဖြစ်ပါတယ်။ ကင်ဆာရောဂါကိုဖြစ်စေနိုင်တဲ့အကြောင်း အရင်းများကို ရှောင်ကြဉ်စေခြင်းဟာ ကင်ဆာရောဂါကို ကာကွယ်ခြင်းဖြစ်ပါတယ်။ ကင်ဆာရောဂါ ဖြစ်ပွားမှုလျော့ကျစေရန် ဖြစ်ပွားစေနိုင်သောအကြောင်းအရင်းများစွာကို ဥပဒေနှင့်အညီ တားဆီး ကာကွယ်ရန်အတွက် နိုင်ငံတော်အစိုးရမှ သက်ဆိုင်ရာဥပဒေများ၊ အထောက်အကူပြုနှီးနွှယ်ဥပဒေ များအတိုင်း ပညာပေးကာလသတ်မှတ်၍ ဥပဒေကိုဖောက်ဖျက်ကျူးလွန်သူများကို အသေအချာ အရေးယူ စီမံဆောင်ရွက်ပေးနိုင်ရန်ဟာ အလွန်အရေးကြီးတဲ့အချက်ဖြစ်ပါတယ်။ ကင်ဆာကိုဖြစ်ပွား စေသော ယေဘုယျအကြောင်းအရင်းများစွာနဲ့ ဥပဒေနှင့်အညီတားဆီးဆောင်ရွက်ခြင်းဖြင့် ရှောင်ကြဉ် နိုင်တဲ့ အကြောင်းအရင်းတွေကတော့ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊ ဆေးရွက်ကြီးငုံခြင်း၊ အရက်သောက်ခြင်း၊ လုပ်ငန်းခွင်တွင် ဓာတုဗေဒပစ္စည်း ဆိုးဆေး၊ စွန့်ပစ်ပစ္စည်းတို့ဖြင့် ကြာရှည် ထိတွေ့ခြင်း၊ တစ်လင်တစ်မယားစနစ်မကျင့်သုံးခြင်း၊ ကိုယ်လက်လှုပ်ရှားအားကစား မပြုလုပ်ခြင်း၊ ကျန်းမာရေးနှင့်မညီညွတ်သော အစားအစာများစားသုံးခြင်းတို့ဖြစ်ပါတယ်။ အဲဒီအကြောင်းတွေကို ပယ်သတ်ရန် အောက်ပါဥပဒေနဲ့အရေးယူဆောင်ရွက်ကျင့်သုံးစေမယ်ဆိုရင် ဥပဒေနှင့်အညီ ကင်ဆာ ကိုထိရောက်စွာ အသိပညာပေးတားဆီးကာကွယ်စောင့်ရှောက်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီဥပဒေတွေ ကတော့ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးထိန်းချုပ်မှုဥပဒေ၊ အထူးကုန်စည်ခွန် ဥပဒေ၊ ၁၉၁၇ ခုနှစ် မြန်မာနိုင်ငံယစ်မျိုးဥပဒေ၊ အမျိုးသားအားကစားဥပဒေ၊ စားသုံးသူကာကွယ်ရေး ဥပဒေ၊ အမျိုးသားအစားအသောက်ဥပဒေ၊ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေ၊ ပိုးသတ်ဆေးဥပဒေ၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ၊

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေတို့ပဲဖြစ်ပါတယ်။ ဆက်စပ်ဝန်ကြီးဌာနများကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ဖြစ်ပါတယ်။ ဥပမာအားဖြင့် ဆေးရွက်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေတစ်ခုတည်းကိုပင် ထိရောက်စွာကျင့်သုံးနိုင်ရန် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် အဆုတ်ကင်ဆာနှင့် ခံတွင်းကင်ဆာတို့ကို ထိရောက်စွာကာကွယ်တားဆီးနိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ထိုကင်ဆာတွေကြောင့် သေဆုံးနိုင်တဲ့နှုန်းကို လျော့နည်းအောင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဆေးရွက်ကြီးထွက်ပစ္စည်းအမျိုးမျိုးကို ထည့်သွင်းထားတဲ့ကွမ်းယာကိုလည်း ခံတွင်းကင်ဆာဖြစ်စေနိုင်ကြောင်း ထင်ရှားတဲ့အတွက် ကွမ်းယာကိုလည်း ဒီဥပဒေနဲ့ထိန်းချုပ်နိုင်မှာဖြစ်ပါတယ်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေပြဋ္ဌာန်းပြီးနောက် လက်တွေ့အကောင်အထည်ဖော်နိုင်ခြင်းရှိ/မရှိ လေ့လာကြည့်ရာမှာ အားနည်းချက်တချို့ရှိနေကြောင်း တွေ့ရှိရပါတယ်။ အဆိုပါဥပဒေကို ပြင်ဆင်ဖြည့်စွက်ရန် အကြံပြုဖော်ပြရမယ်ဆိုရင် အခွန်တိုးမြှင့်ကောက်ခံခြင်းအကြောင်း ဖော်ပြထားမှုမရှိခြင်း၊ ဆေးလိပ်အစိပ္ပာယ်ဖွင့်ဆိုချက်နှင့် BD ဆေးလိပ်၊ ဆေးရှူရေပြောင်း၊ ဘိန်းပြောင်းများ မပါဝင်ခြင်း၊ ဆေးရွက်ကြီးထွက်ပစ္စည်းအဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ပါဝင်အသုံးပြုသည့် ကွမ်းယာနှင့် ဆက်စပ်သည့်အချက် တိကျစွာမပါဝင်ခြင်း၊ ဥပဒေ၏ရည်ရွယ်ချက်နှင့် လုပ်ငန်းခွင်ကို မသိရှိနားမလည်သူများအများအပြားရှိနေခြင်း၊ ဆေးလိပ်လုံးဝမသောက်ရသောနေရာများတွင် ငွေဒဏ်ချရန်ပြဋ္ဌာန်းထားသော်လည်း တာဝန်ခံပုဂ္ဂိုလ်များက ထိရောက်စွာအရေးယူမှုအားနည်းနေခြင်းများကြောင့် ဥပဒေပြဋ္ဌာန်းပြီးသည်မှာ ၁၃ နှစ်ရှိပြီဖြစ်သော် လည်းကင်ဆာဖြစ်စေနိုင်သော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် သောက်သုံးမှုကို ကွမ်းယာအပါအဝင် ကောင်းစွာမထိန်းချုပ်နိုင်ခြင်းကြောင့်ဆိုတာ ဝန်ခံရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ယခုထက်၍ ထိရောက်စွာကျင့်သုံးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနအား အားနည်းချက်များအားလေ့လာ၍ အကြံပေးချက်များနှင့်အညီ အရှိန်အဟုန်မြင့် ဆောင်ရွက်ပေးပါရန် တိုက်တွန်းပြောကြားလိုပါတယ်။ ကင်ဆာကိုတားဆီးကာကွယ်ရာမှာ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းနှင့် အရက်၊ ယမကာများအပေါ် သမားရိုးကျ ယစ်မျိုးခွန်အပြင် အခြားနိုင်ငံများနည်းတူ သီးခြားသတ်မှတ်ခွန်

Delicate Tax ကောက်ခံနိုင်ရန်အတွက် သီးခြားဥပဒေလည်း ပြဋ္ဌာန်းရန်လိုအပ်နေပြီဖြစ်ပါတယ်။ ဒီလိုမဆောင်ရွက်နိုင်ဘူးဆိုရင် ကွမ်းယာအပါအဝင် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း အရက်၊ အဖျော်ယမကထိန်းချုပ်ရေးလုပ်ငန်းများအတွက် ဘဏ္ဍာငွေသုံးစွဲရန် လုံလောက်လာမှာဖြစ်ပြီး ကင်ဆာကာကွယ်ရေးနှင့်ပတ်သက်တဲ့ ပညာပေးရေးလုပ်ငန်းတွေကိုလည်း အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ တိုးမြှင့်ရရှိလာမည့် အဆိုပါအခွန်ငွေမှတစ်ဆင့် နိုင်ငံတွင် လိုအပ်လျက်ရှိတဲ့ အမျိုးသားကျန်းမာရေးအာမခံစနစ်အတွက် အထောက်အကူပြုနိုင်မည့်အပြင် ကင်ဆာကာကွယ်ရာမှာ အရေးကြီးတဲ့ အားကစားနှင့် ကာယပညာ Physical Education ကို အခြေခံပညာကျောင်းနှင့် တက္ကသိုလ်၊ ကောလိပ်ကျောင်းများမှာ ဘဏ္ဍာငွေလုံလုံလောက်လောက်နှင့် ထိရောက်စွာ သင်ကြားပေးနိုင်မှာဖြစ်ပါတယ်။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကဲ့သို့ ကင်ဆာဖြစ်ပွားနိုင်သော အကြောင်းအရင်းများကို ဖယ်ရှားနိုင်သည့် အခြားဥပဒေများကိုလည်း အလားတူ ထိရောက်စွာကျင့်သုံးနိုင်အောင် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးနိုင်မည်ဆိုလျှင် သီးခြားသတ်မှတ်ခွန်ကောက်ခံရေးဥပဒေများ ပြဋ္ဌာန်းပေးနိုင်မည်ဆိုလျှင် ဥပဒေနှင့်အညီ ကင်ဆာရောဂါအား ထိရောက်စွာကာကွယ်တားဆီးနိုင်ရေးသည် အောင်မြင်လိမ့်မည်ဖြစ်ကြောင်း တင်ပြ၍ အဆိုအားအတည်ပြုပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြင့်သိန်း(ညောင်လေးပင်မဲဆန္ဒနယ် )**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း ဖြစ်ပါတယ်။ စေတုတ္တရာမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးကျော်အောင်လွင်ရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ Power Point သုံးခွင့်ပြုပါခင်ဗျား။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ လူမှာဖြစ်ပွားတဲ့ရောဂါတွေမှာ ကူးစက်နိုင်တဲ့ရောဂါနဲ့မကူးစက်နိုင်တဲ့ရောဂါများလို့ အုပ်စုခွဲထားရာမှာ ကူးစက်နိုင်တဲ့ရောဂါတွေဟာ ရောဂါဖြစ်စေတဲ့ဘက်တီးရီးယား၊ ဗိုင်းရပ်၊ မှိုစတဲ့ရောဂါပိုးမွှားတွေကနေ ကူးစက်ခံရရာကနေ ဖြစ်ပါတယ်။ အစွမ်းထက်တဲ့ ပဋိဇီဝဆေးတွေပေါ်ပေါက်လာတဲ့အခါမှာ ဒီရောဂါအတော်များများကို ထိန်းချုပ်နိုင်ခြင်း၊ လုံးဝကင်းစင်သွားအောင် တိုက်ဖျက်နိုင်ခြင်းများကို လုပ်ဆောင်နိုင်ခဲ့ကြပါတယ်။

မကူးစက်နိုင်တဲ့ရောဂါများဆိုတာကတော့ ကျန်းမာရေးနဲ့မညီညွတ်တဲ့ လူ့ဘဝနေထိုင်မှုပုံစံတွေကြောင့် ဖြစ်ပေါ်လာတဲ့ နာတာရှည်ရောဂါတွေဖြစ်ပါတယ်။ ဒီနေ့ခေတ်အခါမှာ ဒီရောဂါများဟာ အဖြစ်များလာပါတယ်။ ကင်ဆာရောဂါဟာလည်းပဲ ဒီအုပ်စုထဲက အဓိကရောဂါကြီးတစ်ခု ဖြစ်နေတာကို တွေ့ရှိနိုင်ပါတယ်။ မကူးစက်နိုင်တဲ့ရောဂါတွေက ကမ္ဘာမှာသေဆုံးမှုအခြေအနေများ ဖြစ်ပါတယ်။ ကင်ဆာရောဂါကြောင့် သေဆုံးရခြင်းဟာ ကိုးသန်းကျော်နဲ့ ဒုတိယအများဆုံးဖြစ်တာကို တွေ့မြင်နိုင်ပါတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ရောဂါများဖြစ်ပွားမှုနဲ့ သေဆုံးမှုရာခိုင်နှုန်းဖြစ်ပါတယ်။ ဒီမှာလည်း ကင်ဆာရောဂါဟာ ဒုတိယနေရာမှာရှိပါတယ်။ ဒါတွေကိုကြည့်ရင် ကင်ဆာရောဂါဖြစ်ပွားမှု လျော့နည်းအောင်၊ မဖြစ်ပွားအောင် တားဆီးကာကွယ်မှုတွေလုပ်ဆောင်ဖို့လိုအပ်နေတာကို သိသာနေပါတယ်။ ဒါကြောင့်လည်း ကျွန်တော့်တို့ဆီမှာ ဒီမကူးစက်နိုင်တဲ့ရောဂါတွေကို ပြည်သူ့ကျန်းမာရေးရဲ့ အရေးကြီးတဲ့အခန်းကဏ္ဍအဖြစ် အမျိုးသားကျန်းမာရေးစီမံချက်မှာ ဖော်ပြထားပါတယ်။ ကာကွယ်နှိမ်နင်းရေးတွေကို ပိုမိုထိရောက်နိုင်ဖို့အတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်မှာ မကူးစက်နိုင်တဲ့ရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲကို ဖွဲ့စည်းပါတယ်။ ဒီဌာနကနေပြီးတော့ စီမံချက်များအဖြစ်နဲ့ အဓိက NCD ရောဂါများကာကွယ်ထိန်းသိမ်းရေးစီမံချက်များကို ချမှတ်ရာမှာ ကင်ဆာရောဂါကာကွယ်ထိန်းသိမ်းရေးဟာလည်း စီမံချက်ထဲမှာ ပါဝင်နေပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကင်ဆာရောဂါဟာ လူ့ခန္ဓာကိုယ်က အခြေခံဖြစ်တဲ့ သာမာန်ဆဲလ်တွေကနေပြီးတော့ ကင်ဆာဆဲများအဖြစ်ကို ပြောင်းလဲသွားလို့ဖြစ်တယ်လို့ အကြမ်းအားဖြင့် ဆိုနိုင်ပါတယ်။ မျိုးရိုးဗီဇနဲ့ပတ်ဝန်းကျင်အကြောင်းတရားတွေက ဒီလိုဖြစ်ဖို့ကို ဖန်တီးပေးပါတယ်။ ဒီထဲက မျိုးရိုးဗီဇကြောင့်ဖြစ်တာက ကင်ဆာရောဂါဖြစ်ပွားမှုနှုန်း စုစုပေါင်းရဲ့ ၄ ရာခိုင်နှုန်းလောက်ပဲရှိပြီးတော့ ကျန်တဲ့ရာခိုင်နှုန်းများကတော့ အခု Slide မှာ ဖော်ပြထားတဲ့ ပတ်ဝန်းကျင်က အကြောင်းတရားများပဲဖြစ်တာကို တွေ့ရှိနိုင်ပါတယ်။ ဒါကတော့ ၂၀၁၄ ခုနှစ်မှာ ကောက်ယူခဲ့တဲ့ စစ်တမ်းတစ်ခုဖြစ်ပါတယ်။ ဒီသုတေသနပြုစစ်တမ်းဟာ မြန်မာနိုင်ငံရဲ့ ဆီးချိုသွေးချိုရောဂါဖြစ်စေတဲ့ အကြောင်းအချက်များကို စစ်တမ်းကောက်ယူထားတာဖြစ်ပေမဲ့ အမှတ်(၁)ကနေပြီးတော့(၇)အထိမှာ ပါတဲ့အခက်များဟာ ကင်ဆာဖြစ်ပွားခြင်းကို အားပေးတဲ့အချက်များဖြစ်နေတာကို တွေ့ရှိရပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့ဆီမှာ အဖြစ်များနေတဲ့ အဆုတ်ကင်ဆာ၊ အစာအိမ်ကင်ဆာ၊

အာခံတွင်းကင်ဆာများဖြစ်စေကြောင်းကို အသိအမှတ်ပြုထားတဲ့ အမှတ်စဉ် ၁၊ ၂၊ ၃ လိုကိစ္စများကို ကျွန်တော်တို့လူမျိုး ရာခိုင်နှုန်းတော်တော်များများက ပြုကျင့်နေကြတာကို တွေ့နေရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရောဂါဖြစ်ပွားမှုလျော့နည်းဖို့ ရောဂါဖြစ်စေတဲ့ အကြောင်းတရားတွေကို ဟန့်တားထိန်းချုပ်ဖို့အတွက် ပြဋ္ဌာန်းထားတဲ့ ဥပဒေများဖြစ်ပါတယ်။ ဒီဥပဒေများရဲ့ ဘုံရည်ရွယ်ချက်က ပြည်သူများအတွက် ဘေးဥပါဒ်အန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်တဲ့ အခင်းအကျင်းပတ်ဝန်းကျင်များဖြစ်ရှိရေးပဲ ဖြစ်ပါတယ်။ ဒီအတွက် ဥပဒေပါပြဋ္ဌာန်းချက်များ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ သက်ဆိုင်သူများက တိတိကျကျ မှန်မှန်ကန်ကန် ဆောင်ရွက်လိုက်နာဖို့ လိုအပ်ပါတယ်။ ဥပမာအားဖြင့် ဆေးလိပ်သောက်သုံးမှုနဲ့ စပ်လျဉ်းတဲ့ကိစ္စတွေ၊ အစားအသောက်နဲ့ပတ်သက်တဲ့ကိစ္စတွေ၊ လုပ်ငန်းခွင်အတွင်းမှာ ကင်ဆာ ဖြစ်စေနိုင်တဲ့ ဓါတုပစ္စည်းတွေ အသုံးပြုမှုကိစ္စတွေပဲ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ကင်ဆာ မဖြစ်အောင်တော့ ဥပဒေချည်းသက်သက်နဲ့ တားဆီးကာကွယ်လို့မရနိုင်ကြောင်းကိုလည်းပဲ သတိပြု ရမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကင်ဆာရောဂါအများစုဟာ လူတို့ပြုမူနေထိုင်ကျင့်ကြံတဲ့ လူနေမှုပုံစံ Life Style များနဲ့ ဆက်နွယ်နေလို့ပဲဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ကင်ဆာ ဖြစ်စေတဲ့ အကြောင်းတရားကို ဘယ်သူမပြုမိမိမှုဆိုသလို မိမိတို့ကိုယ်တိုင်ကသာ စောင့်ထိန်း ထိန်းချုပ်ရမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ၈၀ ရာခိုင်နှုန်းသော ကင်ဆာရောဂါများကို ကာကွယ် လို့ရတယ်လို့ လေ့လာတွေ့ရှိရပါတယ်။ ကာကွယ်ခြင်းဟာ ကုသခြင်းထက်ကောင်း၏ ဆိုတဲ့ဆောင်ပုဒ် နဲ့အညီ ကင်ဆာရောဂါမဖြစ်အောင် ကာကွယ်ရေးကို လူတိုင်းကလုပ်ဆောင်တတ်ဖို့လိုအပ်ပါတယ်။ ကျန်းမာရေးနှင့်ညီညွတ်တဲ့လူနေထိုင်စားသောက်နည်းပညာများကို ပညာပေးရပါမယ်။ ဒီလိုပညာပေး လေ့ကျင့်ခြင်းများကို ကလေးသူငယ်အရွယ်ကတည်းကစပြီးတော့ လုပ်ဆောင်ဖို့အကြံပြုလိုပါတယ်။ ဒါကတော့ ကင်ဆာရောဂါကာကွယ်ရေးပညာပေး လက်ကမ်းစာစောင်တစ်ခုဖြစ်ပါတယ်။ ဒါက အဖြစ်များတဲ့ကင်ဆာရောဂါများ ကာကွယ်ရေးအတွက် လက်ကမ်းစာစောင်တစ်ခုဖြစ်ပါတယ်။ ဒါကတော့ ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်းက ညောင်လေးပင်မြို့နယ်မှာ ကာကွယ်ရေး ဟောပြောပွဲ လာရောက်ဆွေးနွေးပြုလုပ်တာ ဖြစ်ပါတယ်။ ဒီနေရာမှာ အမျိုးသမီးတွေအဖြစ်များတဲ့ သားအိမ်ခေါင်းကင်ဆာ၊ ရင်သားကင်ဆာ၊ အာခံတွင်းကင်ဆာ၊ အသဲရောင်အသားဝါဘီပိုး စစ်ဆေးခြင်းစသည့်ကိစ္စများကို ဆောင်ရွက်ပေးသွားကြပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုဆွေးနွေးတင်ပြချက်များအရ ကင်ဆာရောဂါဖြစ်ပွားမှုနှုန်းနဲ့ ယင်းကြောင့်သေဆုံးရမှုနှုန်းက NCD ရောဂါအုပ်စုမှာဆိုရင် ဒုတိယအများဆုံးဖြစ်နေတာကို တွေ့ရှိရပါတယ်။ ဒါ့အပြင် ဒီရောဂါကြောင့် ခံစားရတဲ့ဝေဒနာရှင်နှင့်တကွ မိသားစုဝင်များရဲ့ဒုက္ခဆင်းရဲကိုလည်း စာနာသိရှိနိုင်ပါတယ်။ နိုင်ငံတော်အတွက်လည်း ကျန်းမာရေးအသုံးစရိတ်များ ပိုမိုသုံးစွဲရခြင်း၊ ကုန်ထုတ်စွမ်းအားစုများကျဆင်းခြင်းတို့ကြောင့် စီးပွားရေး ဝန်ထုပ်ဝန်ပိုး ဖြစ်လာနိုင်ပါတယ်။ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကြိုးပမ်းမှုမှာ ခရီးမရောက်နိုင်အောင်လည်း ဖြစ်စေတာကို သိရှိနိုင်ပါတယ်။ သို့ဖြစ်ပါသောကြောင့် ကင်ဆာရောဂါဖြစ်ပွားမှုလျော့ပါးရေးအတွက် တင်သွင်းတဲ့ ဦးကျော်အောင်လွင်ရဲ့အဆိုကို ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

## ဦးကျော်အောင်လွင်၊ စေတုတ္တရာမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာသူများအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြလေးစိန် ဖြစ်ပါတယ်။ စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်၏ နိုင်ငံအဝန်းတွင် စိုးရိမ်ဖွယ်မြင့်မားစွာ ဖြစ်ပွားလျက်ရှိသော ကင်ဆာရောဂါဆိုးများအား ဖြစ်ပွားမှုလျော့ကျစေရန် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများဖြစ်ပွားစေနိုင်သည့်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ထိရောက်စွာ အသိပညာပေးတားဆီးကာကွယ်စောင့်ရှောက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဝန်ကြီးစတင်တာဝန်ယူသည့်နေ့မှစ၍ ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများတင်ပြချက်များသည် မှန်ကန်ကြောင်းဦးစွာပထမပြောကြားလိုပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကင်ဆာရောဂါဆိုးဖြစ်ပွားမှုကိုလျှော့ချရန် ကျွန်မတို့ နည်းမျိုးစုံနဲ့ကြိုးပမ်းနေပါတယ်။ (၁) ရောဂါ၏

ကနဦးလက္ခဏာများကို ပြည်သူလူထုများ သိရှိသဘောပေါက်စေရန်အတွက် မီဒီယာများမှ အသိပညာ ပေးခြင်း၊ (၂) ကြိုတင်ကာကွယ်သည့်နည်းလမ်းများကိုလည်း မီဒီယာများမှာဖော်ပြထားပေးခြင်း၊ ဖြစ်ပွားပါက ကုသပေးခြင်းတို့ကိုလည်း ဆေးဝါး၊ ဓာတ်ရောင်ခြည်၊ အခြားကုသနည်းများဖြင့် ဘဏ္ဍာငွေ ခွင့်ပြုထားသော ဘတ်ဂျက်ခွင့်ပြုငွေ၊ လူအင်အားတို့ကိုမူတည်၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက် ရှိပါကြောင်း တင်ပြလိုပါတယ်။ ဥပမာ- ပြည်သူများ ကင်ဆာနဲ့ပတ်သက်၍ အကြောင်းအချက်များ၊ ကနဦးလက္ခဏာများဖြစ်ပွားပါက မည်သို့ဆောင်ရွက်သင့်သည် အစရှိသည်တို့ကို ပညာပေးနေပါ တယ်။ ကျန်းမာရေးပညာပေးခြင်းဆိုင်ရာ(Health Literacy)ကိုလည်း ကျန်းမာရေးလုပ်သားများအား Tablet ဖုန်းများတွင် ထည့်သွင်းပြီးဖြန့်ဝေထားပြီးဖြစ်ပါတယ်။ Tablet ဖုန်းပေါင်း ၁၂၀၀၀ ဖြန့်ဝေ ပေးပြီးတော့ နောက်ထပ် Tablet ဖုန်းပေါင်း ၁၄၀၀၀ ဖြန့်ဝေမှာဖြစ်ပါတယ်။ ဒီ Tablet ဖုန်းတွေထဲမှာ ကျန်းမာရေးပညာပေးခြင်းနဲ့ပတ်သက်ပြီး ကင်ဆာရောဂါနဲ့ပတ်သက်တဲ့ အကြောင်းအချက်များကို ထည့်သွင်းပေးထားပြီး စကားဝိုင်းများ၊ ပြည်သူလူထုများနဲ့ဆွေးနွေးခြင်းများကို ဆောင်ရွက်ပေးရန် လည်း ကျွန်မတို့ညွှန်ကြားထားပါတယ်။ ကင်ဆာရောဂါဖြစ်ပွားစေသော ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် အစားအသောက်၊ နေထိုင်မှုပုံစံ၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ အိမ်တွင်းမီးခိုးငွေ့များကင်းစင်ခြင်း စသည့် အချက်ပေါင်းများစွာကို ပညာပေးခြင်း၊ လှုံ့ဆော်ခြင်းတို့ကို ဆက်နွယ်သောဝန်ကြီးဌာနများ နှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးလိုပါတယ်။ ဥပဒေအနေနဲ့ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဆိုင်ရာဥပဒေ အစရှိသည်များကိုလည်းကောင်း၊ နှီးနွယ်ဥပဒေများ စသည်များကိုလည်းကောင်း ထုတ်ပြန်ထားပါတယ်။ ကိုယ်စားလှယ်တော်ကြီးများ ယခုတင်ပြချက်များအရ ဒီဥပဒေများကိုလိုက်နာမှုနည်းပါးနေတာကိုလည်း အားလုံးတွေ့ရှိရမှာဖြစ်ပါ တယ်။ မကူးစက်သောရောဂါများ ကင်ဆာအပါအဝင် ဖြစ်စေနိုင်သောအချက်အလက်များကို လျှော့ချ ရေးအဖွဲ့(Non Communicable Disease)၊ Risk Factor Reduction Task Force ကိုလည်း ကျွန်မတို့ ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှာ စတင်ဖွဲ့စည်း ထားပြီးတော့ အခြားနှီးနွယ်ဝန်ကြီးဌာနများပါ ပူးပေါင်းပါဝင်ဆောင်ရွက်လျက် ရှိနေပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့က ၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်နေ့မှာ ကျွန်မတို့အနေနဲ့ ဒီအဖွဲ့ကို စတင် ပြီးတော့ ဖွဲ့စည်းထား တာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများရှင်။ ယခုအဆိုကိုတင်ပြသွား သော ကိုယ်စားလှယ်တော်ကြီးများ၏ တင်ပြချက်များကိုခြုံငုံသုံးသပ်၍ အောက်ဖော်ပြပါအချက်များ

အရ အတည်ပြုဆွေးနွေးလိုပါတယ်။ (၁) ဤကင်ဆာရောဂါဖြစ်ပွားမှုလျော့ချရန် ဥပဒေဖြင့် စနစ်တကျ ဆောင်ရွက်နိုင်ရန်ကိစ္စအတွက်လည်းကောင်း၊ (၂) နယ်စပ်မှကင်ဆာဖြစ်စေသော အစားအသောက်၊ ပိုးသတ်ဆေးများမှအစ များစွာသောသွင်းကုန်တို့ကို စနစ်တကျစစ်ဆေးတားမြစ်နိုင်ရေးအတွက် လည်းကောင်း၊ (၃) ဆေးလိပ်ငွေ့ကင်းစင်သည့် ပတ်ဝန်းကျင်ကို ဖန်တီးနိုင်ရေး၊ ဥပမာ-အဆောက်အဦ ပရဝုဏ်၊ အခန်းနံရံများနှင့် ဆေးလိပ်လုံးဝမသောက်ရေးစသည်တို့ကို ထိရောက်စွာဆောင်ရွက်နိုင်ရန်၊ အားကစားနှင့်ကာလပညာသိပ္ပံကျောင်းမှာဆိုရင် ဆေးလိပ်သောက်သူများ၊ ကွမ်းစားသူများ၊ အရက်သောက်သူများကို ချက်ချင်းကျောင်းကနေပြီးတော့ ထုတ်ပယ်ရမယ်ဆိုတဲ့ ညွှန်ကြားချက်တွေထုတ်ထားပါတယ်။ (၄) မြောက်မြားစွာသောအချိန်ကိုငဲ့ညှာသောအားဖြင့် ကျွန်မတို့အချက်အလက်တွေ အများကြီးရှိနေပါတယ်။ ကျွန်မတို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတစ်ခုတည်း ဆောင်ရွက်လို့ မရပါကြောင်း ကိုယ်စားလှယ်တော်ကြီးများ၏ တင်ပြချက်မှာ ပါဝင်ခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် ပေါင်းစပ်ပြီး စနစ်တကျဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်း၍ မဖြစ်မနေဥပဒေအရ ဆောင်ရွက်ဖို့ လိုအပ်တာဖြစ်ပါတယ်။ သို့မဟုတ်ပါက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကို ချမှတ်ပေးလိုက်တဲ့ ဘဏ္ဍာငွေများဟာ အလျှင်အမြန်ကုန်သွားမှာဖြစ်ပါတယ်။ (၆) ကျောင်းများ၊ စက်ရုံ၊ အလုပ်ရုံများ၊ လူစုဝေးရာနေရာများမှာ ဆေးလိပ်လုံးဝမသောက်ရန်ကိစ္စများကို ထိရောက်စွာဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပါတယ်။ ဆေးလိပ်၊ ဆေးရွက်ကြီးရောင်းဝယ်ဖောက်ကားမှု၊ နိုင်ငံ၏စီးပွားရေးကိုလည်း မထိခိုက်စေဘဲ ဆောင်ရွက်နိုင်ရန်အတွက်လည်း လိုအပ်မှာဖြစ်ပါတယ်။ ဆေးလိပ်၊ ဆေးရွက်ကြီး အခွန်တိုးကောက်ပြီး ရသည့်အခွန်ကို ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ လူမှုရေးများမှာ တရားဝင်ရရှိခြင်းဖြင့် ခွဲဝေပေးသည့်ကိစ္စကိုလည်း ထိရောက်စွာ စနစ်တကျဆောင်ရွက်နိုင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ကျွန်မတို့အခုနက ကိုယ်စားလှယ်တော်ကြီးများတင်ပြသွားသလို အရေးကြီးဆုံး အချက်ကတော့ Implementation Research ဆိုတဲ့ သုတေသနလုပ်ငန်းများနှင့်တွဲဖက်ပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီသုသတေသနလုပ်ငန်းများမှရရှိလာသော အချက်အလက်များနှင့် Monitoring System တွေ Develop လုပ်ပြီးတော့လည်း ဆောင်ရွက်နေသလိုပဲ ယခုထက်ပိုမိုပြီး ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားလိုပါတယ်။

ဒါကြောင့် ကျွန်မတို့အနေနဲ့ ဝန်ကြီးဌာနအချင်းချင်းပူးပေါင်းဆောင်ရွက်ပြီးတော့ ဝန်ကြီးဌာနများသာမကဘဲနဲ့ လူမှုရေးအဖွဲ့အစည်းအချင်းချင်း စနစ်တကျ Framework ၊ Road Map များချပြီးတော့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကင်ဆာရောဂါဆိုးအား ဖြစ်ပွားမှုကိုလျော့ကျစေရန်

ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးဖြစ်ပွားစေနိုင်သည့် ကိစ္စရပ်များအား ဥပဒေနှင့်အညီ ထိရောက်စွာအသိပညာပေးတားဆီးကာကွယ်စောင့်ရှောက်ရန် ဤအဆိုကို အတည်ပြုလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)။** ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အဆိုကို ဆွေးနွေးခွင့်ပြုခဲ့တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကျွန်တော့်အဆိုကို ထောက်ခံဆွေးနွေးပေးခဲ့တဲ့ အင်းတော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ပြုံး ဒီနေ့ ထောက်ခံဆွေးနွေးသွားကြတဲ့ ဒေါက်တာအေးမင်း(ခရမ်းမဲဆန္ဒနယ်)၊ ဗိုလ်ကြီးသိမ့်သိင်္ဂီထွေးအောင်(တပ်မတော်သားကိုယ်စားလှယ်)၊ ဗိုလ်မှူးဝင်းမင်းထွန်း(တပ်မတော်သားကိုယ်စားလှယ်)၊ ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)၊ ဒေါက်တာမြင့်သိန်း(ညောင်လေးပင်မဲဆန္ဒနယ်)တို့ကို အထူးပဲကျေးဇူးတင်ရှိပါတယ်။ ဒီအဆိုတင်ရတဲ့ အဓိကရည်ရွယ်ချက်ကတော့ လူတစ်ဦးတစ်ယောက်ရဲ့ လုပ်ဆောင်ချက်ကြောင့် အပြစ်မဲ့တဲ့အခြားသူတွေ ကင်ဆာရောဂါဆိုးနှင့်အသက်ဆုံးရှုံးရတာ၊ ဝိသမလောဘသားတွေရဲ့ ဘယ်သူသေသေ အသေမာလုပ်ရက်ကြောင့် အပြစ်မဲ့စားသုံးသူတွေ ကင်ဆာရောဂါဆိုးဖြစ်ပွားသေဆုံးကြရတာကို တားဆီးကာကွယ်နိုင်ဖို့ပါ။ အဖြစ်အများဆုံး ကင်ဆာရောဂါတွေရဲ့ သုံးပုံတစ်ပုံကို ကျွန်တော်တို့ ကာကွယ်လို့ရတာကြောင့် တာဝန်ရှိသူတွေ၊ ပြည်သူလူထုတွေ ကာကွယ်တားဆီးပေးနိုင်ဖို့ ရည်ရွယ်တာပါ။ ဒါကြောင့် ကျွန်တော့်အဆိုကို လွှတ်တော်ကြီးမှ အတည်ပြုပေးဖို့ တင်ပြအပ်ပါတယ်။ အားလုံးပဲ အာရောဂျံပရမံလာဘံဆိုတဲ့ ကျန်းမာခြင်းလာဘ်ကြီးရရှိပြီးတော့ ကင်ဆာရောဂါဆိုးဘေးက ကင်းဝေးကြပါ။ ဘေးမခဘဲ အေးမြသာယာရှိကြပါစေ။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးကျော်အောင်လွင်၊ စေတုတ္တရာမဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ် ငါးဦးကဆွေးနွေးပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အဆိုအားအတည်ပြုသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးကျော်အောင်လွင်၊ စေတုတ္တရာမဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က အတည်ပြု ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည် ထွက်ခွာနိုင်ပါပြီ။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးဟာ ဒီကနေ့ပြီးဆုံးမှာဖြစ်ပါ တယ်။ ဒီအစည်းအဝေးကာလအတွင်း အစည်းအဝေးကျင်းပရက် ၁၆ ရက်ရှိခဲ့ပြီး ကြယ်ပွင့်ပြမေးခွန်း ၁၃၁ ခု မေးမြန်း ဖြေကြားခြင်း၊ ကြယ်ပွင့်မပြမေးခွန်း ၂၅၈ ခုဖြေကြားခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါ တယ်။ အဆို ၁၄ ခု တင်သွင်းနိုင်ခဲ့ပြီး အတည်ပြုအဆို(၈)ခု၊ မှတ်တမ်းတင်အဆို(၃)ခုနှင့် ဆက်လက် ဆွေးနွေးရန်ကျန်အဆို သုံးခုတို့ ဖြစ်ကြပါတယ်။ ဆောင်ရွက်ခဲ့တဲ့ ဥပဒေကြမ်း ၂၀ ခုရှိပြီး ဥပဒေကြမ်း ၇ ခုကို အတည်ပြုနိုင်ခဲ့ပါတယ်။ ဆက်လက်ဆောင်ရွက်ရန် ဥပဒေကြမ်း ၁၃ ခုကျန်ရှိပါတယ်။

ကော်မတီဆိုင်ရာဆောင်ရွက်ချက်များအနေနဲ့ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေး ဆိုင်ရာကော်မတီတွင် ကော်မတီအဖွဲ့ဝင်တစ်ဦး အစားထိုးလဲလှယ်ဖွဲ့စည်းခြင်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လေးဦးကို ကော်မတီများတွင် လေ့လာသူများအဖြစ် တာဝန်ပေး အပ်ခြင်း၊ ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ၂၀၁၁ ခုနှစ်၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ဥပဒေပြုပြီးနောက် စိစစ်ခြင်း၊ အစီရင်ခံစာနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံမှုများစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာများကို အတည်ပြုခြင်း၊ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီ၏ သက်တမ်း တစ်နှစ် တိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ၇-၅-၂၀၁၉ ရက်နေ့မှာ လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပခဲ့ပါတယ်။ အဲဒီအစည်းအဝေးမှာ ကော်မတီ ဆိုင်ရာဆောင်ရွက်ချက်များနှင့် လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိမိတို့ဟာ မဲဆန္ဒရှင်ပြည်သူကို ကိုယ်စားပြုပြီး လွှတ်တော်လုပ်ငန်းတာဝန်တွေကို ထမ်းဆောင်နေကြတာဖြစ်ပါတယ်။ ပြည်သူကအပ်နှင်းထားတဲ့

ဥပဒေပြုအာဏာကို အသုံးချပြီး နိုင်ငံသားများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် အမြဲကြိုးစား ဆောင်ရွက်နေကြရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့အတွက် မိမိတို့အားလုံး တာဝန်သိသိ၊ သစ္စာရှိရှိ၊ ဘက်စုံကဏ္ဍစုံမှာ စည်းလုံးညီညွတ်စွာ ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါ နိုင်ငံတော်အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲပြီး အချင်းချင်း အပြန်အလှန်ထိန်းညှိ ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ဥပဒေပြုရေးကဏ္ဍမှာလည်း ပြည်သူ လူထုအကျိုးစီးပွားကို ကာကွယ်မြှင့်တင်ပေးနိုင်တဲ့ ဥပဒေများရေးဆွဲပြဋ္ဌာန်းရမှာဖြစ်ပါတယ်။ ပြင်ဆင် သင့်ပြင်ဆင်ထိုက်တာတွေကိုလည်း ခေတ်နဲ့လျော်ညီအောင် ပြုပြင်ပြောင်းလဲသွားကြရမှာဖြစ်ပါတယ်။ ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့အတွက် မိမိတို့အားလုံး လက်တွဲ ညီညီနဲ့ ရှေ့ဆက်ကြရမှာဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူအားလုံး အေးအတူပူအမျှ ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာနေထိုင်နိုင်ဖို့ စိတ်ရင်းစေတနာမှန်နဲ့ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုကြီးကို တည်ဆောက်သွားကြရမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးချုပ်အနေနဲ့ မှာကြားလိုတာကတော့ ပြည်သူကရွေးချယ်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ပီသစွာ ပြည်သူ့အကျိုးကို ဆက်လက် ကြိုးပမ်းဆောင်ရွက်ပေးကြပါ။ နိုင်ငံတော်နှင့်နိုင်ငံသားများရဲ့ အကျိုးစီးပွားကို စဉ်ဆက်မပြတ် ကာကွယ်မြှင့်တင်ဆောင်ရွက်ကြပါ။ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြပါ။ မဲဆန္ဒရှင်ပြည်သူလူထုထံ ပြန်လည်ရောက်ရှိတဲ့အခါ ပြည်သူတို့ရဲ့လိုလားချက်တွေ၊ အခက်အခဲတွေ၊ တင်ပြချက်တွေကို အလေး ထားမှတ်သားနားထောင်ပါ။ လွှတ်တော်အတွေ့အကြုံရှင်းလင်းခြင်းများကိုလည်း ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ကြပါလို့ တိုက်တွန်းမှာကြားလိုပါတယ်။ ကိုယ်စားလှယ်များရဲ့ လိုရာခရီးများ သာယာ ဖြောင့်ဖြူးကြပါစေ။ ဘေးအန္တရာယ်ကင်းဝေးကြပါစေ။ စိတ်ချမ်းသာကိုယ်ကျန်းမာပြီး နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ တာဝန်တွေကိုကျေပွန်စွာထမ်းဆောင်နိုင်ကြပါစေ။ သွားလမ်းသာလို့ လာလမ်းဖြောင့်ကြ ပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ပြီးစီးကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အောင်မြင်စွာ ပြီးစီးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၂၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၁၄း၂၀ နာရီအချိန်တွင် အောင်မြင်စွာကျင်းပပြီးစီးပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆) မြောက်နေ့ (၆.၆.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ

pyithu.hluttaw.mm


U Mya Sein


Dr Pe Myint

pyithu.hluttaw.mm


U Maung Myint


Dr Pe Myint

pyithu.hluttaw.mm


U Tun Wai


U Aung Zaw Thein

pyithu.hluttaw.mm


U Aung Zaw Thein


U Khin Zaw

pyithu.hluttaw.mm


U Htay Min Thein


Dr Myint Htway

pyithu.hluttaw.mm


Daw Aye Aye Mu Or Daw Shar Mee


Dr Myint Htway

pyithu.hluttaw.mm



U Tun Myint



Dr Myint Htway

pyithu.hluttaw.mm



U Lagal Zel Jone



Dr Myint Htway

pyithu.hluttaw.mm



Dr Sein Mya Aye



Dr Myint Htway

pyithu.hluttaw.mm



U Myint Oo



Dr Myint Htway

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်